# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၁၆ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၂၂၆)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# Public Transportation and COVID-19 Prevention ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့် အပြန်အလှန်ဆွေးနွေး

**နေပြည်တော် မေ ၁၅**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Public Transportation and COVID–19 Prevention ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် တာဝန်ရှိသူများအား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမှ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး အပြန်အလှန် ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အများပြည်သူသုံး YBS ဘတ်စ်ကားများအား စီမံခန့်ခွဲရသည့် တာဝန်ခံ Managing Director ဦးအောင်ညီညီမော်က (COVID–19) ကာလအတွင်း ခရီးသည်ဦးရေအပေါ် မူတည်၍ YBS ယာဉ်များ ပြေးဆွဲပေးမှု၊ ယာဉ်အသုံးပြုမှု များပြားသည့်အချိန်နှင့် အခြေအနေ၊ ယာဉ်များပေါ်တွင် Mask များ ဖြန့်ဝေပေးခြင်း၊ လက်ဆေးဆပ်ပြာရည်များ စီစဉ်ပေးခြင်း၊





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Public Transportation and COVID–19 Prevention ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။

သတင်းစဉ်

ယာဉ်များ ယာဉ်ရပ်နားကွင်းသို့ ရောက်ရှိချိန်တွင် သန့်ရှင်းရေးဆောင်ရွက်စေခြင်း၊ လိုအပ်သည့် သယ်ယူပို့ဆောင်ရေးများတွင် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် ယာဉ်ပေါ်တွင် ခရီးသည်များ ကျပ်တည်းမှု မရှိစေရန် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို လည်းကောင်း၊ YBS ဘတ်စ်ကား နေ့စဉ်စီးနင်းသူ မနိုင်းနိုင်းက YBS ဘတ်စ်ကား နေ့စဉ်စီးနင်းသွားလာရာတွင် တွေ့ကြုံရသည့်အခြေအနေများ၊ ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများအတွက် ကိုယ်ပိုင် ကြို / ပို့ ယာဉ်များ လုံလုံလောက်လောက် စီစဉ်ပေးပါက ဘတ်စ်ကားစီးပြည်သူများ မော်တော်ကားစီးနင်းရာတွင် ကျပ်တည်းမှု သက်သာသွားမည့်အခြေအနေနှင့် Clean Yangon အမှိုက်ကောက် အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့မှုတို့ကို လည်းကောင်း၊ အများပြည်သူသုံး မီးရထားများတွင် COVID–19 ကာကွယ်ရေး ဆောင်ရွက်သူ ရန်ကုန်တိုင်းဒေသကြီး (သွားလာရေး၊ မြန်မာ့မီးရထား) လက်ထောက်ထွေထွေမန်နေဂျာ ဦးဇော်လွင်က

*စာမျက်နှာ ၃ ကော်လံ ၁* ❍

**“Mask တပ်ခြင်းသည် မိမိကိုယ်ကို ကာကွယ်ရန်နှင့် တခြားသူနှင့် ပတ်ဝန်းကျင်ကို ကာကွယ်ရန်ဖြစ်၊ ခွာခွာနေရန် မဖြစ်နိုင်သည့် အခြေအနေတွင် ပို၍ လက်ဆေးနိုင်ရန်၊ Mask တပ်ရန်အတွက် အားပေးကြရန် စီစဉ်ပေးကြရန် အရေးကြီး”**

---

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ**

ကရင်ပြည်နယ်အစိုးရ၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲတိုးတက်မှုများ အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

**COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်**

စာ ၃

**COVID - 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၁၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

စာ ၁၅

# ရင်ဆိုင်ရန်အသင့်ပြင်

ယခုနှစ် မိုးကြိုရာသီ၏ ဒုတိယမြောက်လေဖိအားနည်းရပ်ဝန်းက ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လျက်ရှိပြီး မုန်တိုင်းအဖြစ်သို့ ရောက်ရှိရန် အားယူနေပြန်ပြီဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင် သန္ဓေတည်ဖြစ်ပေါ်သည့် ဆိုင်ကလုန်းမုန်တိုင်းတို့၏ သဘောသဘာဝအရ ကုန်းတွင်းသို့ ဝင်ရောက်ရာတွင် အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းဒေသများ၊ ဘင်္ဂလားဒေ့ရှ် ကမ်းရိုးတန်းဒေသ၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့ကို ဖြတ်ကျော်ကာ ကုန်းတွင်းသို့ ဝင်ရောက်ကြသည်။ မုန်တိုင်းအများစုက အိန္ဒိယသို့မဟုတ် ဘင်္ဂလားဒေ့ရှ်ဘက်သို့သာ ဝင်ရောက်ကြပြီး မြန်မာ့ကမ်းရိုးတန်းများဘက်သို့ ရာခိုင်နှုန်း ၂၀ ဝန်းကျင်ခန့်သာ ဝင်ရောက်ကြသည်ဟု ဆိုသည်။

မုန်တိုင်းတစ်ခုကုန်းတွင်းသို့ ဝင်ရောက်ပါက ကမ်းရိုးတန်းဒေသများတွင်ရော မုန်တိုင်းဖြတ်သန်းရာ ကုန်းတွင်းဒေသများသို့ပါ အကျိုးသက်ရောက်မှုရှိသည်။ မုန်တိုင်းကျရောက်လာသည့်အခါ ပြင်းထန်သည့် လေတိုက်ခတ်မှုနှင့် လေဖိအား၊ မုန်တိုင်းဒီရေ၊ မုန်တိုင်းမိုးရွာသွန်းမှုတို့ကြောင့် အဆောက်အအုံ၊ လမ်းတံတားများ၊ ဆက်သွယ်ရေးနှင့် ဓာတ်အားစသည်တို့ ပျက်စီးမှုများ ဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုတောင်ပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များနှင့်အတူ လူနှင့် တိရစ္ဆာန်တို့ သေကျေပျက်စီးမှုများပါ ဖြစ်ပေါ်လေ့ရှိတတ်သည်။ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ဘေးဒဏ် ခံရနိုင်ခြေအမြင့်ဆုံးနိုင်ငံများထဲတွင် ပါဝင်သည့်အလျောက် မုန်တိုင်းရာသီများဖြစ်သည့် မိုးကြိုကာလများနှင့် မိုးနှောင်းကာလများတွင် အထူးသတိထားကြရမည် ဖြစ်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် လေဖိအားနည်းရပ်ဝန်းမဖြစ်ပေါ်မီ အလားအလာရှိသည့် အခြေအနေမှသည် မုန်တိုင်းတစ်ခုဖြစ်ပေါ်လာပြီး နောက်ဆုံးတွင် ကုန်းတွင်းသို့ ဝင်ရာက်ကာ အားပျော့ပျက်ပြယ်သွားသည့်အချိန်အထိ ဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိရာ စဉ်ဆက်မပြတ်စောင့်ကြည့်နေကြဖို့ လိုသည်။ အထူးသဖြင့် ကမ်းရိုးတန်းဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသများတွင် နေထိုင်ကြသူများ၊ ရေကြောင်းခရီးသွားလာနေကြသူများ၊ ငါးဖမ်းသင်္ဘော၊ ငါးဖမ်းလှေများ အပါအဝင် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသူများမှာ မုန်တိုင်းသတင်းကို မပြတ်နားစွင့်နေကြရမည်ဖြစ်သည်။

ယခုနှစ်မုန်တိုင်းရာသီတွင် ထူးခြားချက်မှာ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်ထိန်းချုပ်ရေး ပြုလုပ်နေသည့်ကာလနှင့် တိုက်ဆိုင်နေခြင်းဖြစ်သည့်အတွက် အကယ်၍ မုန်တိုင်းဝင်ရောက်ခြင်း သို့မဟုတ် မုန်တိုင်း၏ အကျိုးသက်ရောက်မှုများ ကြုံတွေ့ရခြင်းတို့ ဖြစ်ပေါ်လာပါက မိမိတို့အနေဖြင့် သဘာဝဘေး အန္တရာယ်နှစ်ခုကို တစ်ပြိုင်တည်း ရင်ဆိုင်ကြရသည့်အခြေအနေပင်ဖြစ်သည်။ ယင်းသို့သော အခြေအနေမျိုးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကြံပြုထားသော အချက်အလက် (၉)ချက်ကို သတင်းမီဒီယာများတွင် ဖော်ပြပေးလျက်ရှိရာ မှတ်သားဆောင်ရွက်ကြခြင်းဖြင့် ဘေးအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဖြစ်သည်။ ၎င်းဝန်ကြီးဌာနရှိ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနကလည်း သဘာဝဘေး အန္တရာယ်ဖြစ်ပေါ်လာနိုင်မှုနှင့် ထိခိုက်နိုင်မှုတို့ကို အချိန်နှင့်တစ်ပြေးညီ လေ့လာဆန်းစစ်ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း ကျရောက်လာနိုင်သည့် သဘာဝဘေး အန္တရာယ်များကို ရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများကို အမြော်အမြင်ရှိရှိဖြင့် ပြုလုပ်ထားကြရမည်ဖြစ်သည်။

မုန်တိုင်းသည် အဖျက်စွမ်းအားများကိုသာ သယ်ဆောင်လာခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံ၏ အပူရှိန်မြင့်မားသည့် နွေလယ်ကာလများအတွက် အပူလျော့ပါးအေးမြမှုနှင့်အတူ ခြောက်သွေ့ရာသီကို စိုပြည်စေမည့် မိုးရေများလည်း ရွာသွန်းကာ တောတောင်ရေမြေတို့ကို စိမ်းလန်းစေမည်ဖြစ်သည့်အလျောက် လူသားတို့၏ အသိဉာဏ်စွမ်းပကားဖြင့် အဖျက်စွမ်းအားတို့ကို ကျော်လွှားနိုင်ပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင် လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စက်မှုဇုန်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



## ပြည်ထောင်စုရှေ့နေချုပ်ရုံး လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) အစီရင်ခံစာနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

### ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်အရ ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများဆောင်ရွက်နိုင်ရန် “ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့”ကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့သည် ICOE အစီရင်ခံစာပါ ရာဇဝတ်မှုများကို စုံစမ်းဖော်ထုတ် အရေးယူရန် ဆောင်ရွက်လျက်ရှိပါသည်။

အဖွဲ့အနေဖြင့် ICOE အစီရင်ခံစာပါ ဖြစ်စဉ်နေရာ ၁၃ ခုအနက် ဦးစားပေးဆောင်ရွက်သင့်သည့် နေရာဒေသများနှင့် မှုခင်းများအလိုက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ အဖွဲ့၏ လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းစုံစမ်းအရေးယူဆောင်ရွက်ရေးအဖွဲ့ (Task Force) ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ပူးပေါင်းစုံစမ်းအရေးယူဆောင်ရွက်ရေးအဖွဲ့သည် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းခဲ့သည့် နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့၏ ပူးပေါင်း ဆောင်ရွက်မှုနှင့် အကြံပြုချက်များကိုလည်း ရယူခဲ့ပါသည်။

ICOE အစီရင်ခံစာအရ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့ရှိ နေရာဒေသ ၁၃ ခုတွင် ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများအနက် တရားရုံးများတွင် အရေးယူပြစ်ဒဏ်ချမှတ်ပြီးအမှုများ၊ မူလကပင် သက်ဆိုင်ရာ ရဲစခန်းများ၌ ပထမသတင်းပေးတိုင်တန်းချက် (FIR) ဖွင့်လှစ်ဆောင်ရွက်ထားသော အမှုများနှင့် ရဲစည်းကမ်း ထိန်းသိမ်းရေးဥပဒေအရ အရေးယူထားသော အမှုများ ရှိပါသည်။ ဆက်လက်အရေးယူရန် လိုအပ်သည့် အမှုများကိုစိစစ်ပြီး FIR ဖွင့်လှစ်သည့် အမှု ၁၂ မှု နှင့် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူဆောင်ရွက်ရန် အမှု ၄ မှုကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ယနေ့အထိ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားသော အမှုပေါင်း ၉၁ မှုရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Public Transportation and COVID-19 Prevention ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

❍ *ရှေ့ဖုံးမှ*

လက်ရှိပြေးဆွဲနေသည့် မီးရထားများ ကောင်းသည်ထက် ကောင်းအောင် ဆောင်ရွက်နေမှု၊ လေအိတ်ရထားများ ပြေးဆွဲနေမှု၊ မြို့ပတ်ရထားများ၊ ခရီးဝေးရထားများ ပြေးဆွဲပေးနေမှု၊ ရထားစီးနင်းသည့် ခရီးသည်များ COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိအောင် အသိပညာပေးခြင်း၊ အသိပညာပေးမှု ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်စေခြင်း၊ လိုအပ်သည့် လက်ဆေးရည်၊ လက်ဆေးဘေစင်များ ဆောင်ရွက်ထားမှု၊ ဘူတာ၊ မီးရထားပေါ်နှင့် ဈေးသည်များ ဈေးရောင်းချရာတွင် အန္တရာယ်ကင်းရှင်းရေး ကြပ်မတ်စစ်ဆေးဆောင်ရွက်မှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရေတို၊ ရေရှည်ကြည့်၍ စဉ်းစားစီစဉ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**စည်းမျဉ်းစည်းကမ်းများထားရန်လို**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် COVID-19 နှင့် ပတ်သက်သည့် စည်းမျဉ်း စည်းကမ်းများကို မည်သည့်အချိန်အထိ ထားရှိရမည်ကို မည်သူမျှ ခန့်မှန်း၍ မရသေးပါကြောင်း၊ အချို့နိုင်ငံများတွင် ပြည်သူများ စိတ်ဖိစီးမှု မခံနိုင်၍ လျှော့ပေးရသည်များလည်း ရှိပါကြောင်း၊ ကျန်းမာရေးအရ မလျှော့ပေးသင့်သည့် နေရာများဟု အချို့က ပြောကြပါကြောင်း၊ ကျန်းမာရေးရှုထောင့်ကနေ အချို့က ထောက်ပြသည်မှာ ယခုအချိန်တွင် မလျှော့သင့်ဘဲ လျှော့သည့်အတွက် ကျန်းမာရေးအတွက် အထောက်အကူမဖြစ်ဘဲ ရောဂါပိုမိုပြန့်ပွားကြောင်း၊ ရေရှည်တွင် ပိုပြီး စည်းမျဉ်းစည်းကမ်းများကို ထားရန်လိုသည့် အခြေအနေ ဖြစ်သွားနိုင်ပါကြောင်း။

**အားလုံးပူးပေါင်းဆောင်ရွက်မှုဖြစ်မည်**

မိမိအနေဖြင့် ယင်းကိုထည့်သွင်း စဉ်းစားပါကြောင်း၊ အလျှော့အတင်း ဆိုသည်မှာ တစ်ချိန်လုံး လုပ်နေရပါကြောင်း၊ နိုင်ငံတော်က ထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်းများနှင့် သက်ဆိုင်ပါကြောင်း၊ နိုင်ငံတော်မှ ဦးဆောင်၍ ညွှန်ကြားချက်များ ထုတ်ပြန်ရပါကြောင်း၊ တစ်ဦးချင်းအနေဖြင့် မိမိတို့ဘာသာ ဆုံးဖြတ်ပြီး အလျှော့အတင်း လုပ်၍ မဖြစ်တော့ပါကြောင်း၊ အားလုံး ပူးပေါင်းဆောင်ရွက်မှ ဖြစ်မည်ဖြစ်ပါကြောင်း။

ယခုအချိန်အခါတွင် သွားလာရေးသည် အဓိကထား စဉ်းစားရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ လုံးဝမသွားရဘဲ အိမ်ထဲတွင် ထိုင်နေရမည်ဆိုသည်မှာ လက်တွေ့မကျပါကြောင်း၊ နောက်ထပ် ဦးစားပေးစဉ်းစားရမည်မှာ မိမိတို့ကလေးများ၏ ပညာရေးဖြစ်ပါကြောင်း၊ ကျောင်းများကို အမြဲတမ်းပိတ်ထားရန် မဖြစ်နိုင်ပါကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍လည်း အခြားနိုင်ငံများ၏ လုပ်ကိုင်ပုံများကို လေ့လာပါကြောင်း၊ ပို့ဆောင်ရေးနှင့် ပတ်သက်၍ တစ်ချိန်လုံး သုံးသပ်နေရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် မီးရထားထက် ကားကို ပိုမိုအသုံးပြုလာကြပါကြောင်း၊ ယခင်က ခရီးဝေးသွားပြီဆိုလျှင် ကားထက် မီးရထားကိုသာ အသုံးပြုကြပါကြောင်း၊ ယခုအချိန်တွင် ကားကို ပိုမိုအသုံးပြုလာကြပါကြောင်း၊ မီးရထားကဏ္ဍကို တိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက ရေရှည်တွင် နိုင်ငံအတွက် အကျိုးရှိမည်ဟု ထင်မြင်မိပါကြောင်း၊ အားလုံးကို ဖြန့်၍ သုံးစွဲသည်မှာ အကောင်းဆုံးဖြစ်ပါကြောင်း။

**ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍအရေးကြီး**

ယခု COVID – 19 ကာလတွင် တစ်ဦးချင်းအနေဖြင့် မိမိတို့ အလုပ်မပြတ်စေရန် လုပ်ဆောင်ပေးနေခြင်းသည်လည်း အထောက်အကူများစွာဖြစ်ပါကြောင်း၊ အလုပ်လုပ်သည့်နေရာတွင်လည်း အန္တရာယ်ကင်းအောင် နေထိုင်ရမည်ဖြစ်ပါကြောင်း၊ အလုပ်လုပ်ရင်း ရောဂါရလာပါက အဆင်မပြေပါကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကို ဂရုစိုက်ကြရန်လိုကြောင်း၊ မိမိကိုယ်ကို ဂရုစိုက်ခြင်းအားဖြင့် ပတ်ဝန်းကျင်ကို ဂရုစိုက်ပေးရာ ရောက်ပါကြောင်း၊ Mask တပ်သည့်အကျိုးဆက်သည် အပြင်မှ ရောဂါမရစေရန် ကာကွယ်သည့် အပိုင်း ပိုများပါကြောင်း၊ မိမိတွင်ရှိသည့်ရောဂါ သူများကို ကူးစက်ခြင်းမှ ကာကွယ်ခြင်းထက် သူများထံမှ မိမိကို မကူးစက်စေရန် ကာကွယ်သည့် အပိုင်း ပိုများပါကြောင်း၊ ထို့ကြောင့် Mask တပ်ခြင်းသည် မိမိကိုယ်ကို ကာကွယ်ရန်နှင့် တခြားသူနှင့် ပတ်ဝန်းကျင်ကို ကာကွယ်ရန် ဖြစ်ပါကြောင်း၊ ခွာခွာနေရန် မဖြစ်နိုင်သည့် အခြေအနေတွင် ပိုပြီး လက်ဆေးနိုင်ရန်၊ Mask တပ်ရန်အတွက် အားပေးကြရန် စီစဉ်ပေးကြရန် အရေးကြီးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ မှန်မှန်ကန်ကန် လည်ပတ်နိုင်စေရန် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ လည်ပတ်မှုသည် များစွာအရေးကြီးပါကြောင်း၊ သုံးစွဲသူများသည်လည်း အရေးကြီးပါကြောင်း၊ မှန်ကန်စွာနှင့် အန္တရာယ်ကင်းစေရန် သုံးပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ယင်းသို့ လည်ပတ်နိုင်စေရန် ဆောင်ရွက်ပေးသည့် ဝန်ထမ်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ အားလုံးကိုလည်း ကျေးဇူးတင်ပါကြောင်းနှင့် အားလုံး ကျန်းမာချမ်းသာပါစေကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၁၅-၅-၂၀၂၀ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၂၅-၄-၂၀၂၀ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည် -

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့် စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့် စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသောကိစ္စရပ်များကြောင့် ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်) အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ် (သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထားဝယ်မြို့ရှိ မြို့မိ မြို့ဖများအား သွားရောက်တွေ့ဆုံ

## မြို့နေလူထုနှင့် ပြည်သူ့ဆေးရုံကြီးအတွက် COVID-19 ရောဂါ ထိန်းချုပ် ကာကွယ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၁၅**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေး ဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စောသန်းလှိုင်နှင့် အဖွဲ့ဝင်များနှင့်အတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ယမန်နေ့ မွန်းလွဲပိုင်းတွင် ထားဝယ်လေဆိပ်၌ တွေ့ဆုံကာ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း အထောက်အကူပြု ပစ္စည်းများအား ပေးအပ်လှူဒါန်းသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံစဉ်။
ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးမှ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ထားဝယ်တက္ကသိုလ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် ဆည်မြောင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် တက်ရောက်လာကြသူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများအား ဆွေးနွေးတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ထောက်ပံ့ပေးအပ်

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြို့ပြည်သူလူထုအတွက် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း အထောက်အကူပြု ပစ္စည်းများဖြစ်သည့် Surgical Masks အခု ၂၀၀၀၀၊ Surgical Gloves အစုံ ၃၀၀၀၊ N 95 Mask အခု ၅၀၀၊ Non-Contact Thermometer အခု ၅၀၊ Hand Gel (500 ml) ဘူး ၁၅၀၊ Hand Santizer (500 ml) ဘူး ၁၅၀၊ Bleaching Powder နှစ်ပုံး၊ တပ်မတော်စက်ရုံမှ ထုတ်လုပ်သည့် Masks အခု ၅၀၀၀ နှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်ရာ မြို့မိမြို့ဖများက လက်ခံရယူကြသည်။

ထို့နောက် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးအတွက် Surgical Masks အခု ၁၀၀၀၀၊ Personal Protective Equipment (PPE) ဝတ်စုံ ၅၀၀၊ Surgical Gloves အစုံ ၂၀၀၀၊ N 95 Mask အခု ၃၀၀၊ Examination Gloves အစုံ ၃၀၀၊ Hand Gel (500 ml) ဘူး ၁၀၀၊ Hand Santizer (500 ml) ဘူး ၁၀၀၊ Bleaching Powder တစ်ပုံး၊ Pulse Oxymeter (Finger Tip) သုံးဘူး၊ တပ်မတော်စက်ရုံမှ ထုတ်လုပ်သည့် Masks အခု ၅၀၀၀ နှင့် စားသောက်ဖွယ်ရာများအား ပေးအပ်လှူဒါန်းရာ ထားဝယ်မြို့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာထွန်းမင်းနှင့် ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးမင်းတို့က လက်ခံရယူကြသည်။

မွန်းလွဲပိုင်း တွင်လည်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ ရွှေဝယ်သီရိ ပညာ့ဗိမာန်စာကြည့်တိုက်သို့ ရောက်ရှိပြီး E-Library ၊ စာဖတ်ခန်းနှင့် သုတ၊ ရသစာအုပ်များ ထားရှိမှုကို လိုက်လံကြည့်ရှုကာ စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

### အလှူငွေများလှူဒါန်း

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ကျက်သရေဆောင် ထားဝယ်မြို့ လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

နံနက်ပိုင်းကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟိန်းဇဲမြို့နယ်ရှိ မောရဝတီရေတပ်စခန်းဌာနချုပ်သို့ သွားရောက်စစ်ဆေးပြီး ကမ်းရိုးတန်းဒေသများတွင် ရေတိုက်စားမှုများကို ကာကွယ်ရန်အတွက် လမုပင် ( Manrove) နှင့် အုန်းပင်များကို အတန်းလိုက်စိုက်ပျိုး၍ ကာကွယ်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ မှာကြားကာ ဟိန်းဇဲနယ်မြေအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၆) ကြိမ်မြောက် အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၅**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဗဟိုကော်မတီဝင်များ စုံညီစွာတက်ရောက် ဆွေးနွေးကြသည်။

### စိစစ်ကြပ်မတ်ပေးကြရန်လို

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိထားသူများက မြေခွန်ပေးသွင်းခြင်းကိစ္စနှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်း စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအား ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏ သုံးသပ်ချက်များအပေါ် ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ဆိုင်ရာ လုပ်ငန်းစဉ်များကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် စီမံခန့်ခွဲရေးကော်မတီများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ရမည့် ကာလကန့်သတ်ချက်များကို ဥပဒေ နည်းဥပဒေတို့တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတိုင်း ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုက်သင့်သည့်ကာလအတွင်း လုပ်ငန်းများ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ရန် တာဝန်ရှိသူအဆင့်ဆင့်တို့က ကြပ်မတ်နှိုးဆော်တိုက်တွန်းခြင်း လုပ်ငန်းကိုပါ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဒေသအစိုးရအဖွဲ့များ၏ သဘောထားရရှိပြီးပါက စီမံခန့်ခွဲရေးကော်မတီများကလည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (က) နှင့်အညီ မိမိတို့ ခွင့်ပြုပေးနိုင်သည့် ပမာဏအရ ခွင့်ပြုပေးခြင်း၊ ငြင်းပယ်ခြင်း၊ မိမိတို့ ခွင့်ပြုပေးနိုင်သည့် ပမာဏထက် ကျော်လွန်နေပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဗဟိုကော်မတီသို့ တင်ပြပေးရမည်ဖြစ်ကြောင်း၊ မလိုလားအပ်သော လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက စိစစ်ကြပ်မတ်ပေးကြရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

### ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ဝိုင်းဝန်းဆွေးနွေး

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၆) ကြိမ်မြောက် အစည်းအဝေးတွင် စိုက်ပျိုးမှုတည်ငြိမ်လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) များ ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံး လုပ်နည်းနှင့်အညီ လျှောက်ထားလာမှုများအပေါ် ခွင့်ပြုပေးနိုင်ရေးနှင့် မြေခွန်တော်ကြွေးကျန်များ အပြေအကျေကောက်ခံရရှိနိုင်ရန် စီမံဆောင်ရွက်နေမှုကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့် လျှောက်ထားသည့် အမှုတွဲများ၊ ပြန်လည်စိစစ်ရန် အကြောင်းကြားထားခြင်းအပေါ် ပြန်လည်တင်ပြလာသည့် ကိစ္စရပ်များ၊ ယခင်ဗဟိုအဖွဲ့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်အပ်နှံခွင့်ပြုရန် လျှောက်ထားမှုများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လွှာတင်သွင်းခြင်းအား စိစစ်ရန် သီးခြားအဖွဲ့ ဖွဲ့စည်းရန်ကိစ္စရပ်များ၊ လုပ်ကိုင်ခွင့်ချထားမြေများအား ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းနိုင်ရေးနှင့် ခွင့်ပြုမိန့် ပြင်ဆင်ထုတ်ပေးရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်းနှင့် ယနေ့ အစည်းအဝေးတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း သတ်မှတ်ကာလကျော်လွန်သည်အထိ လုပ်ကိုင်မှုမရှိသော မြေ ၁၁၈၈ ဧကအား ပြန်လည်သိမ်းဆည်းလိုက်ကြောင်း ဆုံးဖြတ်ခဲ့သဖြင့် စည်းကမ်းညီညွတ်မှုမရှိသဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့် အသုံးပြုခွင့် ပြန်လည်သိမ်းဆည်းခဲ့သည့် ဧရိယာ စုစုပေါင်း ၁၅၅၁၁၆၇ ဧက ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်



ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)**

# အစိုးရကိုယ်စားလှယ်များနှင့် ချင်းအမျိုးသားတပ်ဦးတို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၅

**ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ချင်းအမျိုးသားတပ်ဦး (CNF) နှင့် Online Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ "ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး" ကို ကျင်းပသည်။** (အောက်ပုံ)



ယနေ့ဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ချင်းအမျိုးသားတပ်ဦး (CNF) မှ လက်ထောက်အထွေထွေအတွင်းရေးမှူး(၂) ဆလိုင်းထက်နီ ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသည် မေလ ၈ ရက်နေ့က NCA-S EAO (၁၀) ဖွဲ့နှင့် ဆွေးနွေးခဲ့သည့် သဘောတူညီချက် (၇) ချက်ကို အခြေခံ၍ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

### ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ဆွေးနွေး

ဆွေးနွေးပွဲတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးကိစ္စနှင့် ပတ်သက်သည့် နည်းပညာကိစ္စရပ်များနှင့် လိုအပ်သည့်ပစ္စည်းများ ပံ့ပိုးရေးကိစ္စရပ်များ၊ ကိုဗစ်-၁၉ တာဆီးကာကွယ် ကုသရေးနှင့် ပတ်သက်၍ ချင်းပြည်နယ်၏ တည်နေရာအနေအထား၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေကြောင့် ကိုဗစ်-၁၉ လူနာများ တွေ့ရှိခဲ့ပါက ထားရှိမည့်နေရာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ကိုဗစ်-၁၉ ကာလအတွင်းနှင့် ကိုဗစ်-၁၉ အလွန်ကာလများတွင် ဒေသခံလူထု၏ လူမှုစီးပွားရေးဘဝ ထိခိုက်မှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်း လုပ်ဆောင်နိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် မေ ၂၀ ရက်တွင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) နှင့် တွေ့ဆုံရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယနေ့ကျင်းပသည့် "ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး" အပြီးတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား) ခင်ဇော်ဦးနှင့် တွေ့ဆုံကာ ကော်မတီ၏ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ သိရှိနိုင်ရန် မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား)ခင်ဇော်ဦး (ဒုတိယဥက္ကဋ္ဌ) (ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ)**

**မေး ။ ။ ဒီနေ့အစည်းအဝေးမှာ ချင်းအမျိုးသားတပ်ဦး (CNF) နဲ့ တွေ့ဆုံ ဆွေးနွေးခဲ့တဲ့ အကြောင်းအရာများနှင့် ပတ်သက်ပြီး ပြောပြပေးပါခင်ဗျာ။**

**ဖြေ ။** ။ ဒီနေ့ ၁၀ နာရီမှာ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်တဲ့ ချင်းအမျိုးသားတပ်ဦး( CNF) က ကိုယ်စားလှယ်တွေနဲ့ Online Video Conferencing နဲ့ ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ဘက်ကတော့ ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်ပြီး ကော်မတီဝင်များနဲ့ ငြိမ်းချမ်းရေးကော်မရှင်က အကြံပေးပုဂ္ဂိုလ်တွေ တက်ရောက်ပါတယ်။ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးလှမော်ဦးကတော့ နေပြည်တော်ကနေ တက်ရောက်ဆွေးနွေးပါတယ်။ CNF ဘက်က လက်ထောက်အထွေထွေအတွင်းရေးမှူး(၂) ဆလိုင်းထက်နီ ဦးဆောင်ပြီး ဆွေးနွေးကြပါတယ်။

CNF အနေနဲ့ သူတို့ဒေသတွေမှာ ကိုဗစ်-၁၉ ကာကွယ်တားဆီးထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီး သူတို့ရဲ့အစီအစဉ်နဲ့ တစ်ပိုင်တစ်နိုင် ဆောင်ရွက်နေမှုတွေကို တင်ပြပါတယ်။ လိုအပ်ချက်တွေကိုလည်း တင်ပြပါတယ်။ ကျွန်တော်တို့ဘက်ကလည်း လိုအပ်ချက်တွေနဲ့ ပတ်သက်ပြီး အဖွဲ့အစည်းအားလုံးနဲ့ ဆွေးနွေးချက်တွေအပေါ်မှာ ပံ့ပိုးကူညီမှုအစီအစဉ်တွေကို ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ တစ်ဖွဲ့ချင်းစီ ဆွေးနွေးပြီးနောက်မှာ ဒီအရာတွေလည်း အကောင်အထည်ပေါ်လာမှာ ဖြစ်ပါတယ်။

**မေး ။ ။ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ချင်းအမျိုးသားတပ်ဦး (CNF) ရဲ့ စိုးရိမ်မှုအပိုင်းနဲ့ လက်ရှိဆောင်ရွက်နေမှုအခြေအနေကို သိချင်ပါတယ်။**

**ဖြေ ။** ။ CNF အနေနဲ့ကတော့ မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ စဖြစ်တာ ချင်းပြည်နယ် တီးတိန်မြို့က လူဖြစ်တဲ့အခါ သူတို့ဘက်မှာလည်း တော်တော်စိုးရိမ်မှုရှိပါတယ်။ သာမန်အားဖြင့် ချင်းပြည်နယ်ဟာ ဖွံ့ဖြိုးမှုနည်းနေတဲ့အထဲမှာပါတော့ အဓိကက လမ်းပန်းဆက်သွယ်ရေးပါ။ တစ်နေရာနဲ့ တစ်နေရာသွားလာဖို့ ပို့ဆောင်ဖို့ အခက်အခဲအချို့ရှိတာကြောင့် သူတို့အနေနဲ့လည်း စိုးရိမ်ပါတယ်။ ဒါကြောင့် သူတို့ဒေသ ထန်တလန်ဒေသတစ်ဝိုက်မှာ အခြေခံပြီးတော့ ဆောင်ရွက်နေပါတယ်။ တကယ်လို့ သူတို့ဒေသမှာ ကိုဗစ်-၁၉ ထိတွေ့လူနာ၊ ရောဂါပိုးရှိတဲ့ လူနာတွေ တွေ့ခဲ့လို့ရှိရင် ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတဲ့ နည်းလမ်းတွေလည်း ကျွန်တော်တို့ ဆွေးနွေးကြပါတယ်။ ချင်းပြည်နယ်အစိုးရနဲ့ ကျွန်တော်တို့ ညှိနှိုင်းပေးပြီးတော့မှ ဟားခါးဆေးရုံလိုနေရာမျိုးကို တင်ပို့ကုသနိုင်မယ့် လမ်းကြောင်းတွေကို ချပြပါတယ်။ ဒါက ကာကွယ်တားဆီးကုသရေး အပိုင်းပါ။

နောက်တစ်ခုကလည်း ကိုဗစ်-၁၉ ကာလနဲ့ အဲဒီအလွန်ကာလတွေမှာ ဒေသလူထုရဲ့ လူမှုစီးပွားရေးဘဝ ထိခိုက်မှုတွေနဲ့ ပတ်သက်ပြီး ပြန်လည်ထူထောင်မှု စီမံကိန်းတွေ ဆောင်ရွက်ဖို့အတွက် အချက်အလက်တွေ ရယူထားဖို့အတွက် ကျွန်တော်တို့ အကြံပြုပါတယ်။ သူတို့အနေနဲ့ကလည်း ဒီလိုကိစ္စတွေအတွက် လိုအပ်လာရင် အသုံးပြုနိုင်အောင်ဆိုပြီး အခုအချိန်မှာ Data Mapping လုပ်နေပြီဆိုတဲ့အကြောင်း တင်ပြဆွေးနွေးတာ တွေ့ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ သူတို့တွေအနေနဲ့ သူတို့နိုင်သလောက်ဆောင်ရွက်နေတယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

**မေး ။ ။ ညှိနှိုင်းပူးပေါင်းရေးကော်မတီအနေနဲ့ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement- NCA) လက်မှတ်ရေးထိုးခြင်း မရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်နေမှုအပိုင်းကိုလည်း သိချင်ပါတယ်။**

**ဖြေ ။** ။ ကချင်ပြည်နယ်မှာဆို လွန်ခဲ့တဲ့ နှစ်ရက်ကပဲ ပြည်နယ်လူမှုရေးဝန်ကြီး ဦးဆောင်ပြီးမှ ဌာနဆိုင်ရာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (PCG)က ဦးဆောင်တဲ့ မြို့လူထု ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးအဖွဲ့တွေနဲ့ ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (KIO) က ဖွဲ့စည်းထားတဲ့ ကိုဗစ်-၁၉ ကာကွယ်နှိမ်နင်းရေးအဖွဲ့တို့ တွေ့ဆုံနိုင်ဖို့ ကျွန်တော်တို့ ညှိနှိုင်းပူးပေါင်းရေးကော်မတီက ကြားဝင်ဆောင်ရွက်ပေးခဲ့ပါတယ်။ မေလ ၁၃ ရက်နေ့က ဝိုင်းမော်မြို့နယ် နန့်ဆန်ယန်ကျေးရွာအုပ်စု မိုင်းဆပ်ပါကျေးရွာမှာ တွေ့ကြပါတယ်။ အဲဒီမှာ ပြည်နယ်အစိုးရအဖွဲ့နဲ့ KIO အဖွဲ့တွေ ညှိနှိုင်းပြီး ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးလုပ်ငန်းတွေကို အခုထက်ပိုပြီး ထိထိရောက်ရောက် ညှိနှိုင်းဆောင်ရွက်နိုင်တာလည်း တိုးတက်မှုတစ်ခုလို့ ပြောရမှာဖြစ်ပါတယ်။



ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား) ခင်ဇော်ဦး (ဒုတိယဥက္ကဋ္ဌ)

ဆက်သွယ်ဖို့ ကျန်ရှိနေတဲ့အထဲမှာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဆိုရင်လည်း ကျွန်တော်တို့ကို ဆက်သွယ်လာပါတယ်။ အခုဆိုရင် NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၁၀) ဖွဲ့၊ လက်မှတ်မထိုးထားတဲ့ (၈) ဖွဲ့အနက် အဖွဲ့အစည်း (၅) ဖွဲ့နဲ့ အဆက်အသွယ်ရပြီဖြစ်ပါတယ်။

နောက် လွန်ခဲ့တဲ့ရက်ကပဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကျိုင်းတုံ ခရီးစဉ်မှာ အထူးဒေသ(၄) မိုင်းလားနဲ့၊ '၀'အထူးဒေသက ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ တွေ့ရတာ အများကြီးဝမ်းသာပါတယ်။ မိုင်းလားဒေသမှာ ဆရာဝန်အခက်အခဲရှိတဲ့အတွက် တပ်မတော်ဆေးအဖွဲ့ စေလွှတ်ပေးမယ်ဆိုတဲ့ ကတိအတိုင်း အခုဆိုရင် တပ်မတော်ဆေးအဖွဲ့ဟာ မိုင်းလားကို ရောက်ရှိပြီးတော့မှ ကိုဗစ်-၁၉ ကာကွယ် တားဆီးရေး၊ ကုသရေးလုပ်ငန်းတွေ လုပ်ဆောင်နေတာ တွေ့ရပါတယ်။ *စာမျက်နှာ ၇ သို့*

# မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်း

ခမ်လျန်စွမ်း(စီးပွား / ကူးသန်း)

### အခန်း(၁)

**နိဒါန်း**

ကုန်ပစ္စည်းများ အရောင်းအဝယ်ဆောင်ရွက်ကြရာတွင် ရှေးအကျဆုံးနှင့် အလုပ်အဖြစ်ဆုံး ပုံစံသည် တိုက်ရိုက်ရောင်းချခြင်းစနစ်ဖြစ်ပြီး ရောင်းသူက ဝယ်သူထံသို့ အရောက်ပေးသောစနစ် ဖြစ်သည်။ ဤစနစ်သည် မြန်သည်။ လက်ငင်း ငွေပေါ်သည်။ လူတန်းစားမရွေး လုပ်ကိုင်နိုင်သည်။ အရင်းအနှီး စိုက်ထုတ်စရာမလိုဘဲ ဆောင်ရွက်နိုင်သည်။ အကျိုးအမြတ်ကို လျင်လျင်မြန်မြန် မြင်ရသည်ဟု လူအများ လက်ခံကြသည်။

သို့ရာတွင် အစိုးရကို အခွန်ရှောင်လွှဲရန် လွယ်ကူသည်။ တစ်ဦးတည်း(သို့မဟုတ်) အဖွဲ့အစည်းတစ်ခုတည်းအတွက် အမြတ်များများ ရရှိစေနိုင်သော ပိရမစ်ပုံစံရောင်းဝယ်ရေးစနစ် ပုံဖော်ဆောင်ရွက်ရန် လွယ်ကူသည်။

တိုက်ရိုက်ရောင်းချခြင်းဥပဒေများ ပြဋ္ဌာန်းသည့်အခါတွင် စနစ်တကျရှိလာကြပြီး အစိုးရအတွက်လည်း အခွန်အခများ ရရှိစေခြင်းနှင့် ကုန်သွယ်မှုလျင်မြန်လာစေခြင်းများကြောင့် ကမ္ဘာ့နိုင်ငံများက ဤစနစ်ကို ပိုမိုကျင့်သုံးလာကြသည်။ ကုန်ထုတ်စွမ်းအားမြင့်မားသောနိုင်ငံများသည် ၎င်းတို့၏ထုတ်ကုန်များကို ကမ္ဘာ့အရပ်ရပ်ရှိ စားသုံးသူများထံသို့ တိုက်ရိုက် ဖြန့်ဖြူးရောင်းချနိုင်သည့်အတွက် ၎င်းတို့၏ ကုန်သွယ်မှုပမာဏကိုလည်း ပိုမိုတိုးတက်စေခြင်းကြောင့် ဤတိုက်ရိုက်ရောင်းချခြင်းစနစ်သည် ရေရှည်လူကြိုက်များဦးမည်ဖြစ်သည်။ ယနေ့ခေတ်တွင် အိုင်တီနည်းပညာ၏ စွမ်းပကားကြောင့် ကမ္ဘာ့နိုင်ငံအများစုက တိုက်ရိုက်ရောင်းချခြင်းစနစ်ကို E.Commerce စနစ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အသုံးပြုလာကြပြီဖြစ်သည်။

သို့အတွက်ကြောင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာစူနေသည့် ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် တိုက်ရိုက်ရောင်းချမှုစနစ် ထွန်းကားလာရေးသည် တိုင်းပြည်စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် တိုက်ရိုက်အကျိုးကျသဖြင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဈေးကွက်ရှာဖွေတတ်စေရန် ရည်ရွယ်လျက် ဤစီးပွားရေးဆောင်းပါးကို ရေးသားပြုစုရခြင်းဖြစ်ပါသည်။

### အခန်း(၂)

**ကမ္ဘာ့တိုက်ရိုက်ရောင်းချခြင်းစနစ် ကျင့်သုံးမှုသမိုင်းအကျဉ်း**

တိုက်ရိုက်ရောင်းချခြင်း ပြောင်းလဲဖြစ်ထွန်းမှုနှင့် ဆင့်ကဲတိုးတက်လာမှု အခြေအနေများကို အကျဉ်းချုံး၍ အောက်ပါအတိုင်း တင်ပြဆွေးနွေးလိုပါသည်။

(၁) အမေရိကန်ပြည်ထောင်စုသည် ၁၉၁၀-၁၉၄၅ ခုနှစ်အတွင်း တိုက်ရိုက်ရောင်းချသူများအသင်းကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရာတွင် တစ်လမ်းသွား တိုက်ရိုက် ရောင်းချခြင်းစနစ်(Single Level Direct Selling system) ကျင့်သုံးခဲ့ကြောင်း သိရှိရသည်။

(၂) ၁၉၄၅-၁၉၇၀ ခုနှစ်များအတွင်း ဘက်စုံတိုက်ရိုက်ရောင်းခြင်းစနစ်(Multi Level Direct Selling system) ကို ကျင့်သုံးလာကြရာတွင် လူအများအပြား ပါဝင်လာပြီး ဝန်ဆောင်မှု အခန်းကဏ္ဍပါ ပါဝင်လာခြင်း၊ ငွေကြေးပမာဏ များပြားလာခြင်း၊ နည်းပညာကျင့်သုံးလာခြင်းများကြောင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ပေါ်ထွက်လာခဲ့သည်။

(၃) ၁၉၇၀-၁၉၈၀ ပြည့်နှစ်များတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ တိုက်ရိုက်ရောင်းချသူများ အသင်းများ ဖွဲ့စည်းဆောင်ရွက်လာခဲ့ကြသည်။ ဤကာလများတွင် တိုက်ရိုက်ရောင်းချခြင်း ဥပဒေများ၊ ကျင့်ဝတ်များနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲလာကြသည်။

(၄) ၂၀၁၇ ခုနှစ် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအရ တိုက်ရိုက်ရောင်းချခြင်းပဏာမ အကြီးဆုံး ၁၀ နိုင်ငံတွင် အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ကိုရီးယား၊ ဂျာမနီ၊ ဂျပန်၊ ဘရာဇီး၊ မက္ကစီကို၊ ပြင်သစ်နှင့် မလေးရှားတို့က အစဉ်အလိုက်အတိုင်း ရှိကြသည်။

(၅) ကမ္ဘာ့တိုက်ရိုက်ရောင်းချခြင်းအဖွဲ့ချုပ်(WFDSA)၏ အစီရင်ခံစာအရ ၂၀၁၄ ခုနှစ်တွင် တစ်ကမ္ဘာလုံး တိုက်ရိုက်ရောင်းချခြင်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၁ သန်းရှိပြီး ၂၀၁၅ ခုနှစ်တွင် ၁၈၄ သန်း၊ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၂ ဒသမ ၉ သန်းဖြစ်ရာ အာရှတိုက်က ၈၉ ဒသမ ၂ သန်း၊ အမေရိကတိုက်က ၆၂ ဒသမ ၄ သန်း၊ ဥရောပက ၃၉ ဒသမ ၆ သန်း၊ အာဖရိကတိုက်နှင့် အရှေ့အလယ်ပိုင်းက ၁ ဒသမ ၈ သန်းရှိကြောင်း ဖော်ပြပါရှိသည်။

(၆) တိုက်ရိုက်ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်မှု၏ ကျား/မ ပါဝင်မှုနှုန်းတွင်လည်း ထူးခြားစွာ အမျိုးသမီးများ ပိုမိုပါဝင်ကြောင်း တွေ့ရှိရသည်။ ကျား/မ ပါဝင်မှုရာခိုင်နှုန်းများမှာ ၂၀၁၅ ခုနှစ်တွင် အမျိုးသား ၃၈ နှင့် အမျိုးသမီး ၆၂ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် အမျိုးသား ၃၈ နှင့် အမျိုးသမီး ၆၂ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်တွင် အမျိုးသား ၃၇ နှင့် အမျိုးသမီး ၆၃ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်တွင် အမျိုးသား ၂၆ နှင့် အမျိုးသမီး ၇၄ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

(၇) အာဆီနိုင်ငံများ၏ တိုက်ရိုက်ရောင်းချခြင်း ဆောင်ရွက်မှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်။ (၂၀၁၉ ခုနှစ်အစီရင်ခံစာအရ)

| နိုင်ငံ | ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ (သန်းပေါင်း) | ဖြန့်ချိသူအရေအတွက် | ဥပဒေပြဋ္ဌာန်းမှု | လိုင်စင်လိုအပ်မှု |
|---|---|---|---|---|
| မလေးရှား | ၄,၆၆၅,၀၀၀ | ၄,၂၅၀,၀၀၀ | ပြီး | လို |
| ထိုင်း | ၂,၇၉၆,၀၀၀ | ၁၁,၃၃၆,၁၈၁ | ပြီး | လို |
| အင်ဒိုနီးရှား | ၁,၄၁၆,၀၀၀ | ၁၆,၆၆၂,၀၀၀ | ပြီး | လို |
| ဖိလစ်ပိုင် | ၁,၃၁၂,၀၀၀ | ၅,၀၄၉,၆၃၀ | မပြီး | - |
| ဗီယက်နမ် | ၄၃၉,၀၀၀ | ၇၀၇,၃၃၀ | ပြီး | လို |
| စင်ကာပူ | ၃၅၇,၀၀၀ | ၄၀၃,၂၀၀ | မပြီး | - |
| မြန်မာ | - | ၂,၀၀၀,၀၀၀ | ရေးဆွဲဆဲ | လို |

(၈) အိမ်နီးချင်းနိုင်ငံများ၏ တိုက်ရိုက်ရောင်းချခြင်းကို ထိန်းကျောင်းသော နိုင်ငံအလိုက် ဥပဒေပြဋ္ဌာန်းမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ထိုင်းနိုင်ငံ**

Direct Selling & Direct Marketing Act(2002)

**မလေးရှားနိုင်ငံ**

Direct Sales & Anti-Pyramid Scheme Act(1993)

**စင်ကာပူနိုင်ငံ**

Multilevel Marketing & Pyramid Selling Act (2000)

**ဖိလစ်ပိုင်နိုင်ငံ**

Consumer Act & Pyramid Sales Scheme (2004)

**အင်ဒိုနီးရှားနိုင်ငံ**

Multilevel License for Companies in Indonesia(2000)

**ဗီယက်နမ်နိုင်ငံ**

Regulation on Multilevel Marketing (2014)

**တရုတ်နိုင်ငံ**

Regulation on Direct Selling Administration(2005)

**အိန္ဒိယနိုင်ငံ**

Guideline on Direct Selling (2016)

ယခုအခါ ကမ္ဘာပေါ်တွင် ဆင့်ပွားကွန်ရက်ချိတ်ဆက်ရောင်းဝယ်ခြင်းကို အမည်နာမ အမျိုးမျိုးဖြင့် ခေါ်ဝေါ်သုံးစွဲခဲ့ရာ Network Marketing/ Direct Selling/ Referral Marketing / Pyramid Selling အစရှိသဖြင့် (ခေတ်စကားနှင့်ပြောရလျှင်) အလုပ်ဖြစ်ခဲ့ကြသည်။ ဤနည်းဖြင့် သူတို့၏ ထုတ်ကုန်များကို မြန်မြန်နှင့်များများ ရောင်းခဲ့ကြရာ အလွန်တရာ အောင်မြင်ကြကြောင်း တွေ့ရှိရသည်။

### အခန်း(၃)

**မလေးရှားနိုင်ငံ၏ တိုက်ရိုက်ရောင်းချခြင်းကို လေ့လာခြင်း**

ကျွန်တော်သည် 'တိုက်ရိုက်ရောင်းချခြင်းဥပဒေ' ရေးဆွဲရေး အဖွဲ့ဝင်များနှင့်အတူ မလေးရှားနိုင်ငံ၏ တိုက်ရိုက်ရောင်းချခြင်းဥပဒေ အာဏာသက်ရောက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လေ့လာရန် မလေးရှားနိုင်ငံ တိုက်ရိုက်ရောင်းချသူများအသင်း (Direct Selling Association of Malaysia-DSAM)၏ စီစဉ်ပေးမှုကြောင့် ၂၀၁၉ ခုနှစ် မတ်လအတွင်း ကွာလာလမ်ပူမြို့သို့ သွားရောက်ခွင့်ရရှိခဲ့သည်။

မလေးရှားနိုင်ငံသည် ကုန်ထုတ်လုပ်အားမြင့်မား၍ ပို့ကုန်မြင့်မားခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများပြားသဖြင့် နိုင်ငံခြားအလုပ်သမားများ၏ မျက်စိကျရာနေရာ ဖြစ်ခဲ့သည်။ ဤသို့ အလုပ်အကိုင် အခွင့်အလမ်းများပြားရခြင်းမှာလည်း နိုင်ငံတကာ ဈေးကွက်ဝေစုရရှိမှုပမာဏကြီးမားခြင်းကြောင့်ဖြစ်ပြီး ဈေးကွက်ရှာဖွေပေးနိုင်မှု၏ အဓိကအကြောင်းရင်းမှာ တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်း(Direct Selling Industry)၏ အခန်းကဏ္ဍကြောင့်ဖြစ်သည်။

ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား မြင့်မားလာစေရန် အဓိကမောင်းနှင်အားမှာ( Direct Selling Association of Malaysia-DSAM)ဖြစ်ပြီး ၎င်း၏ ခြေလက်များအဖြစ် အများပိုင်ကုမ္ပဏီ ၄၀၀ ခန့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ၎င်း အများပိုင်ကုမ္ပဏီများသည် လုပ်ငန်းမျိုးစုံမှ ကုန်ပစ္စည်းအမယ်ပေါင်း ရာနှင့်ချီ၍ ထုတ်လုပ် လုပ်ကိုင်ဆောင်ရွက်ပြီး မလေးရှား ပြည်တွင်းသာမက နိုင်ငံရပ်ခြားသို့ တိုက်ရိုက်ရောင်းချခြင်းနည်းစနစ် ပုံစံဖြင့် ဈေးကွက်ထိုးဖောက်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ ၎င်းကုမ္ပဏီများက ထုတ်လုပ်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများမှာ Nutrition, Beauty care, Personal Care, Home Living, Food & Beverages, wellness Special, Packages, Activate Natural, Therapy Packages, Sales Materials, Monthly Promotions, Shopping guide စသည်တို့ဖြစ်ကြသည်။

**Direct Selling Association of Malaysia(DSAM)**

ကျွန်တော်တို့ လေ့လာရေးအဖွဲ့သည် မလေးရှားနိုင်ငံ တိုက်ရိုက်ရောင်းချသူများအသင်းတိုက်သို့ လေ့လာရေးသွားရောက်ရာတွင် သက်ဆိုင်ရာဌာနခွဲအလိုက် တာဝန်ခံများက ၎င်းတို့၏ လုပ်ငန်းလည်ပတ်ပုံများကို ရှင်းလင်းပြသခဲ့သည်။ ဤအဖွဲ့ကြီးသည် ၁၉၇၈ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ထိုအချိန်က သီးခြားလွတ်လပ်သည့် သာမန်အသင်းတစ်သင်းသာ ဖြစ်သည်။ မူလက ၎င်းတို့၏ ရည်ရွယ်ချက်မှာ ၎င်းတို့ကိုယ်တိုင် ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်၍ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေးပင် ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ကမ္ဘာကြီး၏ စီးပွားရေးအဟုန်မှာ တစ်ဦးတည်း၊ တစ်ဖွဲ့တည်းက ဆောင်ရွက်လျှင် အခြားနိုင်ငံများအား ယှဉ်ပြိုင်နိုင်ရန် မလွယ်ကူကြောင်း တွေ့ရှိလာကြသဖြင့် တိုက်ရိုက်ရောင်းချခြင်းလုပ်ကိုင်သောကုမ္ပဏီများ စုစည်းဦးဆောင်မှုပေးပြီး ကုန်ထုတ်လုပ်ခြင်း တိုးတက်အောင်နှင့် တိုက်ရိုက်ရောင်းချခြင်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

DSAM အဖွဲ့ကြီးက ရည်မှန်းချက်ကြီး (၇)ချက်ထားရှိကာ ထိုရည်မှန်းချက်အတိုင်း ရှေ့ဆက်သွားနိုင်ရန် အမြဲဂရုစိုက်လေ့ရှိကြောင်း သိရှိရသည်။ ၎င်းရည်မှန်းချက်များမှာ-

(၁) လက်အောက်ခံအဖွဲ့ဝင်များ၏ ကုန်စည်ဖြန့်ချိသောနည်းစနစ်များနှင့် ဝန်ဆောင်မှုများဆောင်ရွက်ရာ၌ လမ်းကြောင်းသွေဖည်မသွားရေး တည့်မတ်ပေးနိုင်ရန်၊

(၂) အဖွဲ့ဝင်များက အစိုးရဌာနများနှင့် စားသုံးသူများအပေါ် ဆက်ဆံရေးလမ်းကြောင်းများ ထိန်းညှိပေးနိုင်စေရန်၊

(၃) အဖွဲ့ဝင်များ၏ ကုန်စည်ထုတ်လုပ်ခြင်း၊ တင်ပို့ရောင်းချခြင်းနှင့် ဝန်ဆောင်မှုပေးရာတွင် အစိုးရ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရန် နည်းလမ်းပေးခြင်းနှင့် ကူညီပေးခြင်းများ ဆောင်ရွက်နိုင်စေရန်၊

(၄) အဖွဲ့ဝင်များ၏ ကုန်စည်တင်ပို့ရောင်းချခြင်းလုပ်ငန်းနှင့် ဝန်ဆောင်မှုပေးသည့်အခါ အဆင့်အတန်းမြင့်မားစေရေး ကူညီပေးနိုင်ရန်၊

(၅) ရည်မှန်းချက် အလားသဏ္ဌာန်တူညီ၍ မှတ်ပုံတင်ထားသော အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၆) လုပ်ငန်းကွဲပြားသော အဖွဲ့ဝင်များ၏ လုပ်ငန်းသဘောတရားများနှင့် ဆက်စပ်သည့် သတင်းအချက်အလက်များ စုစည်းမှတ်ပုံတင်ထားရန်၊

*စာမျက်နှာ ၈ သို့*

**"မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်မှစ၍ တိုက်ရိုက်ရောင်းချခြင်းစနစ်ရှိခဲ့ကြောင်း သိရှိရ၊ အထူးသဖြင့် ကျန်းမာရေးအထောက်အကူပြု ဓာတ်စာကုန်ပစ္စည်းနှင့် အလှကုန်သုံးပစ္စည်းများကို ဆင့်ပွားကွန်ရက် ဈေးကွက်ဖြန့်ချိရေးစနစ် (Multi level Marketing-MLM) ဖြင့် ရောင်းချကြောင်း လူသိများခဲ့၊ အချို့သော တိုက်ရိုက်ရောင်းချခြင်း လုပ်ကိုင်သူများသည် ငွေကြေးလိမ်လည်မှုများ၊ အလွန်အကျွံကြော်ငြာခြင်း၊ နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်ဘဏ္ဍာများ ရှောင်လွှဲခြင်း စသည့် အငြင်းပွားဖွယ်ရာ အမှုအခင်းများ ပေါ်ပေါက်စေသဖြင့် ၂၀၁၈ ခုနှစ်တွင် စနစ်တကျရှိစေရေးအလို့ငှာ ဆင့်ပွားကွန်ရက် ဈေးကွက်ဖြန့်ချိရေးစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများကို ယာယီတားမြစ်ခဲ့ရ၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယအကြိမ် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆင့်ပွားကွန်ရက် ချိတ်ဆက်ရောင်းဝယ်ခြင်းကိစ္စ မေးခွန်းမေးမြန်းရာမှ ဥပဒေရေးဆွဲရန် အကြောင်းဖြစ်လာ"**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ UNICEF MYANMAR မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ UNICEF MYANMAR မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. June Kunugi နှင့်အဖွဲ့အား Digital Meeting စနစ်ဖြင့် လက်ခံတွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

နေပြည်တော် မေ ၁၅

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် UNICEF MYANMAR မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. June Kunugi နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Digital Meeting စနစ်ဖြင့် လက်ခံတွေ့ဆုံဆွေးနွေးသည်။**

ထိုသို့တွေ့ဆုံစဉ် အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် ဒုတိယသမ္မတ (၁)ဦးစီး၍ ပြည်ထောင်စုအဆင့် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသား ကော်မတီဖွဲ့စည်း၍ အဆိုပါ ကော်မတီအောက်ရှိ လုပ်ငန်းကော်မတီရှစ်ခုတွင် ဥပဒေရေးရာ လုပ်ငန်းကော်မတီပါဝင်ပြီး ၎င်း၏ လုပ်ငန်းတာဝန်များတွင် ကလေးအလုပ်သမားနှင့် သက်ဆိုင်သည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများ၊ ကလေးအလုပ်သမားဥပဒေ သုံးသပ်ပြင်ဆင်ခြင်း ကိစ္စရပ်များ ဆောင်ရွက်ရာတွင် Overlap မဖြစ်စေရေး သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း။

ကလေးအလုပ်သမား ပပျောက်ရေးကို တိုင်းဒေသကြီး/ပြည်နယ် ငါးခုတွင် ILO နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကလေးအလုပ်သမား ပပျောက်ရေးအတွက် မိမိတို့နိုင်ငံအစီအစဉ်ဖြင့်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုများတွင် မြန်မာနိုင်ငံအနေဖြင့် လက်ရှိ အနေအထားတွင် နည်းပါးသည့် အနေအထားတွင်ရှိပြီး အခြားနိုင်ငံများနှင့် ဆက်စပ်ဆောင်ရွက်မှုရှိသည့်အတွက် လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် ထိခိုက်ဆုံးရှုံးမှုကြောင့် ပြည်တွင်း/ ပြည်ပများတွင် Formal Sector Informal Sector များတွင် အလုပ်လက်မဲ့ ဖြစ်ပေါ်မည့် အင်အားအခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ အစိုးရအနေဖြင့် စီးပွားရေး ပြန်လည် နာလန်ထူနိုင်ရေးအတွက် World Bank နှင့် IMF တို့၏ အကူအညီများဖြင့် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၉၉၅ | ၁၈၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၈၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၄၁၄၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၇၄ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၈၁ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၅-၅-၂၀၂၀ ရက်၊ ည (၈)နာရီ

## ၁၅-၅- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၄၆၀၉၀၂ | ၃၁၈၀၃၆ | ၈၇၀၂၅ |
| ၂။ | စပိန် | ၂၇၄၃၆၇ | ၁၈၈၉၆၇ | ၂၇၄၅၉ |
| ၃။ | ရုရှား | ၂၆၂၈၄၃ | ၅၈၂၂၆ | ၂၄၁၈ |
| ၄။ | ဗြိတိန် | ၂၃၃၁၅၁ | စိစစ်ဆဲ | ၃၃၆၁၄ |
| ၅။ | အီတလီ | ၂၂၃၀၉၆ | ၁၁၅၂၈၈ | ၃၁၃၆၈ |
| ၆။ | ဘရာဇီး | ၂၀၄၇၉၅ | ၇၉၄၇၉ | ၁၄၀၅၈ |
| ၇။ | ပြင်သစ် | ၁၇၈၈၇၀ | ၅၉၆၀၅ | ၂၇၄၂၅ |
| ၈။ | ဂျာမနီ | ၁၇၅၁၂၃ | ၁၅၁၇၀၀ | ၇၉၃၃ |
| ၉။ | တူရကီ | ၁၄၄၇၄၉ | ၁၀၄၀၃၀ | ၄၀၀၇ |
| ၁၀။ | အီရန် | ၁၁၆၆၃၅ | ၉၁၈၃၆ | ၆၉၀၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၅ – ၅ – ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၂၆၈၉၁ | ၅၉၇၃ | ၂၁ |
| အင်ဒိုနီးရှား | ၁၆၄၉၆ | ၃၈၀၃ | ၁၀၇၆ |
| ဖိလစ်ပိုင် | ၁၂၀၉၁ | ၂၄၆၀ | ၈၀၆ |
| မလေးရှား | ၆၈၅၅ | ၅၄၃၉ | ၁၁၂ |
| ထိုင်း | ၃၀၂၅ | ၂၈၅၄ | ၅၆ |
| ဗီယက်နမ် | ၃၁၂ | ၂၆၀ | ၀ |
| မြန်မာ | ၁၈၁ | ၈၉ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၁ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

*စာမျက်နှာ ၅ မှ*

**မေး ။ ။ ကိုဗစ်–၁၉ ကာကွယ် ထိန်းချုပ် ကုသရေးနှင့် ပတ်သက်ပြီး ညှိနှိုင်းပူးပေါင်းရေးကော်မတီနဲ့ တိုင်းရင်းသားလက်နက်အဖွဲ့အစည်းတွေ တွေ့ဆုံမှုအခြေအနေက ဘယ်လိုရှိပါသလဲ။**

ဖြေ ။ ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုတွေဟာ တဖြည်းဖြည်းနဲ့ ကောင်းမွန်လာတယ်၊ တိုးတက်လာတယ်ဆိုတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ ညှိနှိုင်းပူးပေါင်းရေးကော်မတီအနေနဲ့ကလည်း သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အချိန်မရွေး ဆက်သွယ်ဆောင်ရွက်နေပါတယ်။

လာမယ့် ဗုဒ္ဓဟူးနေ့ (မေ ၂၀) ကျရင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) နဲ့ တွေ့ဆုံဆွေးနွေးဖို့ ညှိနှိုင်းထားပါတယ်။ ကျန်တဲ့အဖွဲ့တွေနဲ့လည်း ကျွန်တော်တို့ တစ်ဖွဲ့ချင်း ဆွေးနွေးပြီးရင် ဒုတိယအကြိမ် ပေါင်းပြီးတော့ ပြန်လည်ဆွေးနွေးမှုတွေ ဆောင်ရွက်ပါမယ်။

**မေး ။ ။ ကော်မတီအနေနဲ့ ကိုဗစ်–၁၉ နဲ့ ပတ်သက်ပြီး နိုင်ငံတကာအကူအညီရရှိရေး ဆောင်ရွက်နေမှုကိုလည်း သိချင်ပါတယ်။**

ဖြေ ။ ။ နိုင်ငံတကာအကူအညီရရှိရေးကိစ္စနဲ့ ပတ်သက်လို့ နိုင်ငံတကာအဖွဲ့အစည်းအချို့နဲ့ ကျွန်တော်တို့ ညှိနှိုင်းပူးပေါင်းရေးကော်မတီက ဆွေးနွေးနေပါတယ်။ ဒါတွေဟာ မကြာခင်အချိန်မှာ အကောင်အထည်ပေါ်လာမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

**ရဲခေါင်ညွန့်၊ ဓာတ်ပုံ – ဖိုးထောင်**

❑ *ကျောဖုံးမှ*

၂။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ စစ်ဆေးခဲ့ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများအား ရာခိုင်နှုန်းပြည့်နီးပါး စစ်ဆေးပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ စစ်ဆေးရန်ကျန်ရှိသည် အလုပ်ဌာနများ အနေဖြင့်လည်း လုပ်သားလူအင်အား နည်းပါးသည့် ကိုယ်ပိုင်လုပ်ငန်းများ၊ အသေးစား တစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် အိမ်တွင်းမှုလုပ်ငန်းများ ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကျန်ရှိသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အဆင့်ဖွဲ့စည်းထားသော Coronavirus Disease 2019(COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လက်အောက်ခံဌာနများမှ ဝန်ထမ်းများပါဝင်သည့် စစ်ဆေးရေးအဖွဲ့ငယ်များဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ၁၆–၅–၂၀၂၀ ရက်နေ့မှစ၍ ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း သတင်းစာလပေး မှာယူဖတ်ရှုလိုသူများ ဆက်သွယ်ဝယ်ယူနိုင်

**မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ သတင်းစာဖတ်ပြည်သူများအတွက် မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာများအား လပေးမှာယူဖတ်ရှုလိုပါက အောက်ပါကိုယ်စားလှယ် ဖုန်းနံပါတ်များကို ဆက်သွယ်မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည်–**

| စဉ် | ကိုယ်စားလှယ်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁။ | ဦးကြည်ဝင်း | မော်လမြိုင် | ၀၉ – ၂၅၁၄၄၆၄၄၁ |
| ၂။ | ဒေါ်သန်းသန်းဝင်း | မော်လမြိုင် | ၀၉ – ၂၆၀၉၆၈၇၈၇ |
| ၃။ | ဦးထင်ကျော် | မုဒုံ | ၀၉ – ၉၇၉၉၅၄၂၂၂ |
| ၄။ | ဦးတင်ဦး | ပေါင် | ၀၉ – ၇၇၇၃၂၆၆၀၄ |
| ၅။ | ဦးစိုးတင့် | ဇင်းကျိုက် | ၀၉ – ၄၀၂၉၈၅၈၄၀ |
| ၆။ | ဦးယုအောင် | သိမ်ဆိပ် | ၀၉ – ၂၅၅၉၂၇၃၄၅ |
| ၇။ | ဦးအေးသိန်း | သထုံ | ၀၉ – ၇၇၉၅၁၉၃၂၇ |
| ၈။ | ဒေါ်ရင်နု | တောင်စွန်း | ၀၉ – ၂၅၅၇၈၃၇၄၄ |
| ၉။ | ဦးသောင်းဖေ | ဘီးလင်း | ၀၉ – ၉၇၆၁၇၉၅၅၅ |
| ၁၀။ | ဦးစိုးဝေ | ကျိုက်ထို | ၀၉ – ၂၅၅၉၄၃၂၈၂ |
| ၁၁။ | ဦးစံသိန်း | မုဒုံ | ၀၉ – ၇၈၀၄၃၆၃၀၈ |
| ၁၂။ | ဦးစောအုန်း | သံဖြူဇရပ် | ၀၉ – ၄၉၇၆၄၁၄၉ |
| ၁၃။ | ဒေါ်ဖွားမြင့် | ရေး | ၀၅၇ – ၂၀၅၀၀၃၃ |
| ၁၄။ | ဦးနေမျိုး | ကျိုက်မရော | ၀၉ – ၉၇၃၄၂၄၀၃၁ |
| ၁၅။ | ဦးလှဦး | ချောင်းဆုံ | ၀၉ – ၂၅၅၇၁၈၇၁၈ |
| ၁၆။ | ဦးတင်အောင် | ဘားအံ | ၀၅၈ – ၂၁၁၁၇ |
| ၁၇။ | ဒေါ်နန်းသန်းငွေ | လှိုင်းဘွဲ့ | ၀၅၈ – ၄၅၂၃၇ |
| ၁၈။ | ဦးမောင်ညွှန့် | ကြာအင်းဆိပ်ကြီး | ၀၉ – ၄၂၅၀၄၉၀၇၁ |
| ၁၉။ | ဦးတင်ဝင်းလှိုင် | ကျုံဒိုး | ၀၉ – ၄၀၁၅၇၈၇၂၀ |
| ၂၀။ | ဦးရင်ကြည် | ကော့ကရိတ် | ၀၉ – ၇၉၁၃၃၃၀၁၃ |
| ၂၁။ | ဦးထိန်လင်းအောင် | မြဝတီ | ၀၉ – ၄၄၄၀၆၇၀၆၁ |
| ၂၂။ | ဦးတင်အေး | မြဝတီ | ၀၉ – ၇၈၆၄၉၃၅၅၇ |

❋ *ကျောဖုံးမှ*

အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် (Myanmar Airways International–MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ သို့ပါ၍ ယနေ့အချိန်ထိ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသား ဦးရေ စုစုပေါင်း ၁၈၄၇ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်း ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

(၇) အဖွဲ့ဝင် ကုမ္ပဏီများ၏ အခက်အခဲများကူညီ ဖြေရှင်းပေးနိုင်ရန်နှင့် စားသုံးသူများ၏ အားပေးမှု လျော့မကျစေရေးများအတွက် အစည်းအဝေးများ ခေါ်ယူညှိနှိုင်းခြင်းများ ပုံမှန်ဆောင်ရွက်နိုင်စေရန်။

မလေးရှားနိုင်ငံ၏ တိုက်ရိုက်ရောင်းချခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်သည့်အခါ သူတို့နိုင်ငံအတွက် အခွန်အခများရရှိစေခြင်း၊ အစိုးရ၏ ထိန်းချုပ်မှု အောက်လွတ်မထွက်စေရေး၊ အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်သည့်အခါ အဆင်ပြေစေရေးနှင့် သူတို့အဖွဲ့အစည်း ခိုင်မာစေရေးအတွက် မလေးရှားနိုင်ငံတိုက်ရိုက်ရောင်းချခြင်းဥပဒေကို ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြောင်း သိရှိလေ့လာရပါသည်။ သူတို့၏ ဥပဒေသည် စနစ်မကျသော ကုမ္ပဏီများကို အရေးယူ အပြစ်ပေးခြင်းဆိုခြင်းထက် စနစ်တကျဖြင့် စီးပွားရေး လမ်းကြောင်းပေါ်သို့ တွန်းပို့ခြင်းဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

ကျွန်တော်တို့ လေ့လာရေးအဖွဲ့သည် မလေးရှား နိုင်ငံသို့ ရောက်နေသည့်အချိန်တွင် အိန္ဒိယနိုင်ငံအပါ အဝင် ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ တိုက်ရိုက်ရောင်းချသူများအဖွဲ့ အစည်းအဝေးကို တက်ရောက်လေ့လာခွင့်ပါ ရရှိခဲ့ကြ သည်။ ကျွန်တော်တို့ နိုင်ငံအတွက် အခြားစီးပွားရေး အင်အားကောင်းသောနိုင်ငံများ၏ အတွေ့အကြုံကို လေ့လာခွင့်ရရှိခြင်းသည် လွန်စွာမှတန်ဖိုးကြီးလှသည်။

အထူးသဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တော့မည်ဆိုပါက မိမိတင်ပို့မည့် ဈေးကွက်ရှိ စားသုံးသူများ၏ လိုအပ်ချက် သို့မဟုတ် စားသုံးသူအကြိုက် ထုတ်လုပ်နိုင်ရန် ဈေးကွက်ထောက်လှမ်းခြင်းစနစ် လုပ်ထားရန်လိုအပ်ခြင်း၊ ဤသို့ ဈေးကွက်ထောက်လှမ်းနိုင်ရန် ကိုယ်စားလှယ်များထားရှိပြီး သတင်းအချက်အလက် ကျယ်ကျယ်ပြန့်ပြန့်ရယူနိုင်ခြင်း၊ ထုတ်ကုန်များအား စားသုံးသူလိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်ရေး သုတေသနပြုလုပ်ခြင်းဟူသော သူတို့နိုင်ငံ၏ တိုက်ရိုက်ရောင်းချခြင်းစနစ်များကိုပါ လေ့လာခွင့် ရရှိခဲ့ကြသည်။

**အခန်း(၄)**

**မြန်မာနိုင်ငံနှင့် တိုက်ရိုက်ရောင်းချခြင်းစနစ်**

မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်မှစ၍ တိုက်ရိုက်ရောင်းချခြင်းစနစ်ရှိခဲ့ကြောင်း သိရှိရသည်။ အထူးသဖြင့် ကျန်းမာရေးအထောက်အကူပြု ဓာတ်စာ ကုန်ပစ္စည်းနှင့် အလှကုန်သုံးပစ္စည်းများကို ဆင့်ပွားကွန်ရက် ဈေးကွက်ဖြန့်ချိရေးစနစ် (Multi level Marketing–MLM) ဖြင့် ရောင်းချကြောင်း လူသိများခဲ့ သည်။ အချို့သော တိုက်ရိုက်ရောင်းချခြင်း လုပ်ကိုင်သူများသည် ငွေကြေးလိမ်လည်မှုများ၊ အလွန်အကျွံကြော်ငြာခြင်း၊ နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်ဘဏ္ဍာများရှောင်လွှဲခြင်း စသည့် အငြင်းပွားဖွယ်ရာ အမှုအခင်းများ ပေါ်ပေါက်စေသဖြင့် ၂၀၁၈ ခုနှစ်တွင် စနစ်တကျရှိစေရေးအလို့ငှာ ဆင့်ပွားကွန်ရက် ဈေးကွက်ဖြန့်ချိရေးစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများကို ယာယီတားမြစ်ခဲ့ရသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆင့်ပွားကွန်ရက် ချိတ်ဆက် ရောင်းဝယ်ခြင်းကိစ္စ မေးခွန်းမေးမြန်းရာမှ ဥပဒေရေးဆွဲရန် အကြောင်းဖြစ်လာသည်။ထိုအချိန်က စပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အခန်း (၁၃) ခန်းပါ ဥပဒေကြမ်းကို ၂၀၁၉ ခုနှစ်တွင် ရေးဆွဲပြီး ယခုအခါ ပြည်ထောင်စုလွှတ်တော်က စိစစ်လျက်ရှိရာ ပြည်သူများ လေ့လာသုံးသပ် အကြံပြုနိုင်ရန် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၁ ရက်မှ ၂၃ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် တိုက်ရိုက်ရောင်းချခြင်း ဥပဒေကြမ်းများ ဖော်ပြသည့် အဆင့်သို့ရောက်ရှိနေပြီဖြစ်ပါသည်။ မကြာမီ ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းနိုင်တော့မည် ဖြစ်ပါသည်။

တိုက်ရိုက်ရောင်းချခြင်း ဥပဒေပြဋ္ဌာန်းပြီးသောအခါ လုပ်ငန်းရှင်များသည် စနစ်ကျမှတ်ပုံတင်ခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတကာတွင် ကျင့်သုံးသော လုပ်ငန်းအစီအစဉ်များကို ခေတ်နှင့်အညီ ကျင့်သုံးနိုင်ရေး ကြိုတင်လေ့လာမှတ်သားထားရန် လိုအပ်မည် ဖြစ်ကြောင်း တိုက်တွန်းလိုပါသည်။

**တိုက်ရိုက်ရောင်းချခြင်းစနစ်နှင့် မြန်မာ့စီးပွားရေး ဆက်စပ်မှု**

မြန်မာနိုင်ငံတွင် တိုက်ရိုက်ရောင်းချခြင်းစနစ်ကို အချိန်အတော်ကြာ ဆောင်ရွက်လုပ်ကိုင်ခဲ့ကြလာသည့် နည်းတူ စားသုံးသူအတော်များများနှင့်လည်း ရင်းနှီးကျွမ်းဝင်ခဲ့ပြီး ဖြစ်ပါသည်။ အထူးသဖြင့် ယနေ့ခေတ် မြို့ကြီးပြကြီးများတွင် ယာဉ်ကြောကျပ်ခြင်း၊ ကိုယ်တိုင် ဈေးဝယ်ရန် အချိန်လုံလောက်စွာ မပေးနိုင်ခြင်းများနှင့် အိုင်တီနည်းပညာဖြင့် ကုန်အရောင်းအဝယ် အလုပ်ဖြစ်လာသောကြောင့် တိုက်ရိုက်ရောင်းချခြင်းစနစ်က ပိုမိုအသုံးများလာကြရပါသည်။ တိုက်ရိုက်ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် စားသုံးသူများကို အကောင်းဆုံးဝန်ဆောင်မှုပေးလာသဖြင့် တဖြည်းဖြည်း လူကြိုက်များလာသော ရောင်းဝယ်ခြင်းစနစ်တစ်ခု ဖြစ်လာရခြင်းဖြစ်သည်။

သို့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံအနေဖြင့် နည်းပညာသုံး ထုတ်ကုန်ထုတ်လုပ်မှုအပိုင်းတွင် အားနည်းချက်ရှိခြင်းကြောင့် ကုန်ပစ္စည်းများကို တိုက်ရိုက်ရောင်းချခြင်း နည်းစနစ်ကို များများအသုံးပြုနိုင်ရေး ဦးတည်ထားရှိရန် လိုအပ်မည်ဖြစ်ပါသည်။ အခြားကမ္ဘာ့နိုင်ငံများနည်းတူ ဤစနစ်အသုံးပြုလာနိုင်သောအခါ တစ်ဖက်က မိမိတို့၏ ထုတ်ကုန်များကို စားသုံးသူ (End User) များသို့ ချိတ်ဆက်နိုင်မည် ဖြစ်ပါသည်။ ၎င်းတို့နှင့် ချိတ်ဆက်နိုင်သည့်အတွက် ကြားခံပွဲစားမလိုတော့ဘဲ သူတို့နှင့် တိုက်ရိုက် ရောင်းဝယ်နိုင်ခြင်း၊ ၎င်းမှတစ်ဆင့် သူတို့၏ လိုအပ်သည့် ပုံစံကို မိမိဘက်မှ အချိန်မီပြင်ဆင်နိုင်ခြင်း၊ မိမိပို့ကုန်များ အဆင့်မြင့်အောင် တီထွင်ဆောင်ရွက်လိုစိတ်များရှိလာပြီး ထိုမှ အဆင့်မြင့်ပို့ကုန်များ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါသည်။ များသောအားဖြင့် ကျွန်တော်တို့နိုင်ငံမှ တင်ပို့သော ပို့ကုန်အများစုမှာ ကြိုတင်ချိတ်ဆက်မှုမရှိဘဲ ကြားပွဲစားများ၏ ဈေးနှိမ်ဝယ်ခြင်းကြောင့် နစ်နာဆုံးရှုံးမှု ကြုံရလျက်ရှိသည်။

တိုက်ရိုက်ရောင်းချခြင်း ဥပဒေပေါ်ပေါက်လာပြီး နောက်တွင် လုပ်ငန်းရှင်များကို စနစ်တကျမှတ်ပုံတင်စေခြင်းအားဖြင့် အခွန်ရှောင်ရှားမှုများ၊ အငြင်းပွားမှုများ၊ အဆင့်မြင့်ထုတ်ကုန်အမယ်သစ်များ တီထွင်ထုတ်လုပ်တင်ပို့ရောင်းချခြင်းများ၊ အလုပ်အကိုင်သစ်များစွာ ဖန်တီးပေးခြင်းများ အစရှိသည့် တိုးတက်မှုများ မလွဲမသွေ မြင်တွေ့ရတော့မည် ဖြစ်ပါသည်။ ဤသို့ တိုးတက်မှုများ ဖြစ်ထွန်းစေနိုင်ရန်အတွက် လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ၏ အခက်အခဲများ ကူညီဖြေရှင်းပေးနိုင်ရန်အတွက် စားသုံးသူရေးရာဦးစီးဌာနက ယခုကတည်းက ကြိုတင်ပြင်ဆင်လျက်ရှိပါသည်။

တိုက်ရိုက်ရောင်းချခြင်းသည် ခေတ်ရေစီးကြောင်းနှင့် အလွန်လိုက်ဖက်သည့်အပြင် လက်လီလက်ကား ရောင်းဝယ်ခြင်းစနစ်မှ ထုတ်လုပ်သူက စားသုံးသူလက်ထဲအရောက် အကောင်းဆုံးဝန်ဆောင်မှုပေးရသည့်အပြင် ကုန်ပစ္စည်း အရည်အသွေးအတွက်လည်း ပိုမိုစိတ်ချရသည့် အရောင်းအဝယ်စနစ်ဖြစ်သည်။ ထို့အတွက်ကြောင့်လည်း တိုးတက်လာသည့် အိုင်တီ နည်းပညာနှင့်အတူ အရောင်းအဝယ်စနစ်ကြီး တစ်ခုလုံးကိုလည်း ကျွန်တော်တို့မြန်မာပြည်သူများ လိုက်ပါနိုင်ရေးအတွက် ကြိုးစားကြရမည်ဖြစ်ပါသည်။

**နိဂုံး**

ကျွန်တော်တို့ မြန်မာလူမျိုးများ၏ စိတ်ထဲစွဲလမ်းထားတတ်သည့် အစဉ်အလာတစ်ခုမှာ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် လုပ်မည် (သို့) ဆောင်ရွက်မည်ဟူသည့် စကားသည် ခေတ်အဆက်ဆက်က ကျင့်သုံးလာကြသည်။ သို့ရာတွင် ကုန်သွယ်ရေးကဏ္ဍ၌ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ထိုးဖောက်နိုင်ရန် မလွယ်ကူသည့်အတွက်ကြောင့် စီးပွားရေးပညာရှင်များက စနစ်တကျလေ့လာကျင့်သုံးပြီး အောင်မြင်ခဲ့သော တိုက်ရိုက်ရောင်းချခြင်းစနစ်ကို အောင်မြင်အောင် ကျင့်သုံးရန် လိုမည်ဖြစ်ကြောင်း တိုက်တွန်းလိုပါသည်။ ကမ္ဘာ့ဈေးကွက်တွင် အလျင်အမြန်လက်ဦးမှုရယူကာ ဖောက်ထွင်းနိုင်ရေးသည် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်တစ်ရပ်အဖြစ် ရှုမြင်ထားပါသည်။ အလီဘာဘာတိုက်ရိုက်ရောင်းချခြင်း လုပ်ငန်းကုမ္ပဏီသူဌေး ဂျာမားသည် တိုက်ရိုက်ရောင်းချခြင်း၏ အကျိုးအမြတ်ကို ကြိုတင်တွက်ချက်တတ်သည့်အတွက် ဤစနစ်၏ လှေကားထစ်များ တစ်ထစ်ချင်း လှမ်းတက်နိုင်သည့်အတွက် ယနေ့အောင်မြင်သော ကမ္ဘာကျော်စီးပွားရေးလုပ်ငန်းရှင် သူဌေးတစ်ယောက်အဖြစ် ရပ်တည်နေသူဖြစ်သည်။

ထို့အတူ ကျွန်တော်တို့၏ပို့ကုန်များ ယနေ့ကမ္ဘာ့ဈေးကွက်တွင် ထိုးဖောက်ရန် ခက်ခဲသောအချိန်တွင် ဤတိုက်ရိုက်ရောင်းချခြင်းစနစ်က ကျွန်တော်တို့၏ စားသုံးသူများထံအရောက် တိုက်ရိုက်ရောင်းချနိုင်သော အခွင့်အရေးကြီးတစ်ရပ်အဖြစ် တွန်းပို့ပေးမည်ဖြစ်သည်။ အနာဂတ်စီးပွားရေးကို များစွာမြှင့်တင်ပေးနိုင်မည့် စီးပွားရေးစနစ်တစ်ခုဖြစ်ခြင်းကြောင့် စာဖတ်သူများနှင့် စိတ်ဝင်စားသော မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အောင်မြင်သော တိုက်ရိုက်ရောင်းချသူများဖြစ်ပါစေကြောင်းနှင့် စီးပွားရေးအောင်မြင်ရေးအတွက် အထောက်အကူပြုနိုင်ပါစေကြောင်း ဆန္ဒပြုတင်ပြလိုက်ရပါသည်။ ။

# ဆေးပစ္စည်းကိရိယာဥပဒေကြမ်း

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်။)
၁၃၈၂ ခုနှစ်၊ လ ရက်
(၂၀၂၀ ပြည့်နှစ်၊ လ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဆေးပစ္စည်းကိရိယာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဆေးပစ္စည်းကိရိယာ** ဆိုသည်မှာ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် ကုန်ပစ္စည်း ထုတ်လုပ်သူက တစ်မျိုးတည်းဖြစ်စေ၊ အခြားပစ္စည်းနှင့် တွဲဖက်၍ဖြစ်စေ ထုတ်လုပ်သည့် စက်ပစ္စည်းများ၊ ကိရိယာများ၊ လူ၏ခန္ဓာကိုယ်အတွင်း တပ်ဆင်အသုံးပြုသော ပစ္စည်းများ၊ ခန္ဓာကိုယ်ပေါ်တွင်သုံးသော စမ်းသပ်ပစ္စည်းများ၊ ခန္ဓာကိုယ် ပြင်ပတွင်သုံးသော ဓာတ်ခွဲစမ်းသပ်ပစ္စည်းများ၊ စံကိုက်ညှိရာတွင် အသုံးပြုသော ပစ္စည်းများ၊ ဆော့ဖ်ဝဲများနှင့် အလားတူဆက်စပ် ပစ္စည်းများကိုဆိုသည်-

(၁) ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ စောင့်ကြပ်ကြည့်ရှုရန်၊ ကုသရန် သို့မဟုတ် သက်သာစေရန်ပြုလုပ်ခြင်း၊

(၂) ထိခိုက်ဒဏ်ရာများအတွက် ရောဂါရှာဖွေရန်၊ စောင့်ကြပ်ကြည့်ရှုရန်၊ သက်သာစေရန် သို့မဟုတ် အစားထိုးကုသပေးရန် ပြုလုပ်ခြင်း၊

(၃) ခန္ဓာဗေဒ သို့မဟုတ် ဇီဝကမ္မဆိုင်ရာဖြစ်စဉ်များကို လေ့လာရန်၊ အစားထိုးရန်၊ ပြုပြင်ပြောင်းလဲရန် သို့မဟုတ် အထောက်အကူပေးရန် ပြုလုပ်ခြင်း၊

(၄) အသက်ဆက်လက်ရှင်သန်ရေးအတွက် ကူညီထောက်ပံ့မှုပေးရန် ပြုလုပ်ခြင်း၊

(၅) သန္ဓေတားဆီးရန် ပြုလုပ်ခြင်း၊

(၆) ဆေးကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများကို ပိုးသတ်ရန် သို့မဟုတ် ပိုးကင်းစင်ရန် ပြုလုပ်ခြင်း၊

(၇) လူ၏ ခန္ဓာကိုယ်မှရရှိသော နမူနာပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်ပြီး ဆေးပညာ သို့မဟုတ် ရောဂါရှာဖွေရာတွင် လိုအပ်သော သတင်းအချက်အလက်များ အထောက်အကူပေးရန် ပြုလုပ်ခြင်း။ (ယင်းစကားရပ်တွင် လူ၏ ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ် သို့မဟုတ် ခန္ဓာကိုယ်ပြင်ပတွင် ဆေးဝါးဗေဒ ဆိုင်ရာ၊ ခုခံစွမ်းအား ဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖြစ်စဉ်များဖြင့် မူလ အာနိသင်ရရှိနိုင်ခြင်းမရှိသော်လည်း မူလအာနိသင်ကဲ့သို့ ရရှိစေရန် ထောက်ပံ့ကူညီပေးနိုင်သည့် ပစ္စည်းများနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဆေးပစ္စည်းကိရိယာဟု အတည်ပြုသတ်မှတ်သော ပစ္စည်းများလည်း ပါဝင်သည်)

(ခ) **တွဲဖက်အသုံးပြုသော ဆေးပစ္စည်းကိရိယာ** ဆိုသည်မှာ မူလ ဆေးပစ္စည်းကိရိယာ၏ သက်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် တွဲဖက်အသုံးပြုရန် ထုတ်လုပ်ထားသည့် ပစ္စည်းကိုဆိုသည်၊

(ဂ) **ရောဂါရှာဖွေရန် ခန္ဓာကိုယ်ပြင်ပတွင် သို့မဟုတ် ဓာတ်ခွဲခန်းတွင် အသုံးပြုသော ဆေးပစ္စည်းကိရိယာ (In-Vitro Diagnostic Device)** ဆိုသည်မှာ လူ၏ ခန္ဓာကိုယ်မှရရှိသော သွေး သို့မဟုတ် အသားစ သို့မဟုတ် ဇီဝဆိုင်ရာနမူနာပစ္စည်းများကို ခန္ဓာကိုယ် ပြင်ပတွင် သို့မဟုတ် ဓာတ်ခွဲခန်းတွင် ရောဂါရှာဖွေစစ်ဆေး စမ်းသပ်ရန် တစ်ခုချင်းဖြစ်စေ၊ ပေါင်းစပ်၍ဖြစ်စေ အသုံးပြုသည့် ဓာတ်ပြုပစ္စည်းကိုသော်လည်းကောင်း၊ တိုင်းတာပစ္စည်းကို သော်လည်းကောင်း၊ ထိန်းညှိပစ္စည်းကိုသော်လည်းကောင်း ဆိုသည်၊

(ဃ) **ပြုပြင်ထားသော ဆေးပစ္စည်းကိရိယာ(Refurbished Medical Device)** ဆိုသည်မှာ အသုံးပြုထားပြီးဖြစ်သည့် ဆေးပစ္စည်း ကိရိယာ၏ အစိတ်အပိုင်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အစိတ်အပိုင်း သို့မဟုတ် မူလဆေးပစ္စည်း ကိရိယာတစ်ခုလုံး၏ အစိတ်အပိုင်းများကို ခွဲထုတ်စစ်ဆေးပြီး သင့်လျော်မှုမရှိသော အစိတ်အပိုင်းများကို အစားထိုးပြုပြင်တပ်ဆင်၍ ထုတ်လုပ်သူ၏ မူလရည်ရွယ်ချက်အတိုင်း အသုံးပြုနိုင်ရန် သတ်မှတ် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း သက်ဆိုင်ရာ အသိအမှတ်ပြု အဖွဲ့ အစည်း၏ ထောက်ခံချက်ရရှိထားသော ဆေးပစ္စည်းကိရိယာကို ဆိုသည်၊

(င) **ဆေးပညာဆိုင်ရာစူးစမ်း စမ်းသပ်မှု (Clinical Investigation)** ဆိုသည်မှာ ဆေးပစ္စည်း ကိရိယာတစ်ခု၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးစစ်မှန်ကောင်းမွန်မှုတို့ကို ဆန်းစစ်ရန်အတွက် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များအပေါ်တွင် ပြုလုပ်သော ဆေးပညာဆိုင်ရာ စူးစမ်းစမ်းသပ်မှုများကို ဆိုလိုသည်၊

(စ) **ကျွမ်းကျင်ပညာရှင်** ဆိုသည်မှာ ဝန်ကြီးဌာနက တရားဝင် အသိအမှတ်ပြုထားသော ဆေးပစ္စည်းကိရိယာဆိုင်ရာ ကျွမ်းကျင်ပညာရှင်ကို ဆိုသည်၊

(ဆ) **ဆေးပညာဆိုင်ရာ စူးစမ်းစမ်းသပ်မှုအတွက် ရည်ရွယ်သော ဆေးပစ္စည်းကိရိယာ (Device intended for Clinical Investigation)** ဆိုသည်မှာ ဆေးပညာဆိုင်ရာ စူးစမ်းစမ်းသပ်မှုများ ပြုလုပ်ရန်အတွက် ကျွမ်းကျင်ပညာရှင်အသုံးပြုရန် ရည်ရွယ်ထုတ်လုပ်ထားသော ဆေးပစ္စည်းကိရိယာကိုဆိုသည်၊

(ဇ) **လူနာ၏ လိုအပ်ချက်အရ ပြုလုပ်ဖန်တီးထားသော ဆေးပစ္စည်းကိရိယာ** ဆိုသည်မှာ လူနာတစ်ဦးတစ်ယောက်တွင် သီးသန့် အသုံးပြုရန် ရည်ရွယ်၍ ကျွမ်းကျင်ပညာရှင်၏ အညွှန်းအတိုင်း အတိအကျပုံစံပြုလုပ်ထားသော ဆေးပစ္စည်းကိရိယာကိုဆိုသည်၊

(ဈ) **ဆေးပစ္စည်းကိရိယာထုတ်လုပ်ခြင်း** ဆိုသည်မှာ ကုန်ကြမ်းမှစ၍ ဆေးပစ္စည်းကိရိယာ ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့် သို့မဟုတ် အဆင့်တစ်ခုခုဆောင်ရွက်ခြင်း၊ တပ်ဆင်ခြင်း၊ ထုပ်ပိုး ခြင်း၊ အမှတ်တံဆိပ်နှင့် အညွှန်းအမှတ်အသား ဖော်ပြခြင်းတို့ကို ဆိုသည်၊

(ည) **မူလပိုင်ရှင်** ဆိုသည်မှာ ဆေးပစ္စည်းကိရိယာတစ်ခုခုကို ကိုယ်ပိုင် အမည်နှင့်ဖြစ်စေ ပိုင်ဆိုင်ခွင့်ရရှိထားသော အမှတ်တံဆိပ်နှင့်ဖြစ်စေ ဖြန့်ဖြူးသူကိုသော်လည်းကောင်း၊ ဆေးပစ္စည်းကိရိယာထုတ်လုပ် သည့် လုပ်ငန်းစဉ်အဆင့်ဆင့်အတွက်တာဝန်ရှိပြီး ယင်းလုပ်ငန်း များကို ကိုယ်တိုင်ဖြစ်စေ ကိုယ်စားဖြစ်စေ ဆောင်ရွက်သူကို သော်လည်းကောင်း၊ ကုန်ပစ္စည်းတစ်ခုကို မူလအသုံးပြုရန် ရည်ရွယ် ချက်မှ ထပ်မံမွမ်းမံ၍ ဆေးပစ္စည်းကိရိယာအနေဖြင့် အသုံးပြုသူကို လည်းကောင်းဆိုသည်၊

(ဋ) **ထုတ်လုပ်သူ** ဆိုသည်မှာ ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့် သို့မဟုတ် အဆင့်တစ်ခုခုအတွက် တာဝန်ခံ ဆောင်ရွက်သူကိုဆိုသည်၊

(ဌ) **လုပ်ပိုင်ခွင့်လွှဲအပ်ခံရသော ကိုယ်စားလှယ်** ဆိုသည်မှာ ဆေးပစ္စည်း ကိရိယာဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကိုယ်စားဆောင်ရွက်ရန် မူလပိုင်ရှင်က ဥပဒေနှင့်အညီ လွှဲအပ်ထားသော ပုဂ္ဂိုလ်ကိုဆိုသည်၊

(ဍ) **ဖြန့်ဖြူးရောင်းချသူ** ဆိုသည်မှာ ဆေးပစ္စည်းကိရိယာများ ဖြန့်ဖြူး ရောင်းချရန် ကုန်ပစ္စည်း၏ မူလပိုင်ရှင် သို့မဟုတ် လုပ်ပိုင်ခွင့်လွှဲအပ် ခံရသော ကိုယ်စားလှယ်က သတ်မှတ်ခွင့်ပြုထားခြင်း ခံရသူကို ဆိုသည်၊

(ဎ) **ထောက်ပံ့ပေးသူ** ဆိုသည်မှာ ဆေးပညာဆိုင်ရာ စူးစမ်းစမ်းသပ်ခြင်း (Clinical Investigation) ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ကုန်ကျစရိတ်နှင့်တကွ ဖြစ်ပေါ်လာသည့် ကိစ္စအဝဝအတွက် တရားဝင် တာဝန်ခံဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်း ကိုဆိုသည်၊

(ဏ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်းတို့ ပြုလုပ်မည့် ဆေးပစ္စည်းကိရိယာအမျိုးအစား တစ်ခုစီအတွက် ဦးစီးဌာနက ထုတ်ပေးသော အသိအမှတ်ပြု လက်မှတ်ကို ဆိုသည်၊

(တ) **လိုင်စင်** ဆိုသည်မှာ ဆေးပစ္စည်းကိရိယာများ ပြည်တွင်း၌ ထုတ်လုပ် ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင် ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများအတွက် ဦးစီးဌာနက ထုတ်ပေးသော ခွင့်ပြုချက်ကိုဆိုသည်၊

(ထ) **အညွှန်းအမှတ်အသားဖော်ပြခြင်း (Labelling)** ဆိုသည်မှာ ဆေးပစ္စည်းကိရိယာ သို့မဟုတ် ဆေးပစ္စည်းကိရိယာ ထည့်သောဘူး၊ ပုလင်း၊ ကတ်ပြား၊ ဘူးခွံ သို့မဟုတ် ဆေးပစ္စည်း ကိရိယာကို ထုပ်ပိုးထားသည့် ပစ္စည်းတစ်ခုခုပေါ်တွင် သက်ဆိုင်ရာအချက် အလက်များကို ကုန်အမှတ်တံဆိပ်နှင့်အတူ မြင်သာအောင် ဖော်ပြထားခြင်းကိုဆိုသည်၊

(ဒ) **သုံးစွဲရန် ရည်ရွယ်ချက်** ဆိုသည်မှာ ဆေးပစ္စည်းကိရိယာ၏ အညွှန်း အမှတ်အသားပေါ်တွင်လည်းကောင်း၊ သုံးစွဲပုံလမ်းညွှန်ချက်ပေါ် တွင်လည်းကောင်း၊ ဆေးပစ္စည်းကိရိယာနှင့် သက်ဆိုင်သော ကြော်ငြာပစ္စည်းများပေါ်တွင်လည်းကောင်း မူလထုတ်လုပ်သူက ဖော်ပြထားသော အသုံးပြုရန် ရည်ရွယ်ချက်ကိုဆိုသည်၊

(ဓ) **အရည်အသွေးသတ်မှတ်ချက်** ဆိုသည်မှာ သုံးစွဲသူများအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ အကျိုးအာနိသင်ရှိပြီး အရည်အသွေး စစ်မှန်ကောင်းမွန်သည့် ဆေးပစ္စည်းကိရိယာဖြစ်ကြောင်း ဦးစီး ဌာနက သတ်မှတ်ခြင်းကိုဆိုသည်၊

(န) **ပုံမှန်တင်ပြသည့်စာတွဲပုံစံ(Common Submission Dossier Template)** ဆိုသည်မှာ ဦးစီးဌာနကသတ်မှတ်ထားသော အခြေခံ နည်းပညာနှင့် အရည်အသွေးပိုင်းဆိုင်ရာ သက်သေအထောက် အထား မှတ်တမ်းပုံစံကိုဆိုသည်၊

(ပ) **ပြင်းထန်သောဆိုးကျိုးဖြစ်ရပ် (Serious Adverse Event)** ဆိုသည်မှာ ဆေးပစ္စည်း ကိရိယာတစ်ခုကို သုံးစွဲရန်ရည်ရွယ်ချက် နှင့် အညွှန်းအတိုင်းအသုံးပြုစဉ်တွင် အသက်ဆုံးရှုံးစေနိုင်ခြင်း သို့မဟုတ် လူနာနှင့်အသုံးပြုသူတို့၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည့် အောက်ပါအခြေအနေများကိုဆိုသည် -

(၁) အသက်အန္တရာယ် ထိခိုက်စေနိုင်သည်အထိ နာမကျန်း ဖြစ်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခြင်း၊

(၂) ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံကိုသော်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှုကိုသော်လည်းကောင်း မူလအခြေ အနေအတိုင်း ပြန်မရနိုင်သည်အထိ ထိခိုက်စေခြင်း၊

(၃) အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ကုသမှုခံယူရ သည်အထိဖြစ်စေ၊ ကာလကြာရှည်စွာ ဆေးရုံတက်ရောက် ကုသမှုခံယူရသည်အထိဖြစ်စေ ထိခိုက်ခြင်း၊

(၄) ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံ သို့မဟုတ် လုပ်ငန်း ဆောင်ရွက်မှုကို အမြဲထာဝရထိခိုက်စေခြင်းမှ ကာကွယ် နိုင်ရန် ဆေးဝါးကုသခြင်းဖြစ်စေ၊ ခွဲစိတ်ကုသခြင်းဖြစ်စေ ခံယူရသည်အထိ ထိခိုက်ခြင်း၊

(၅) သန္ဓေသားအား ထိခိုက်နာကျင်စေခြင်း သို့မဟုတ် အသက် ဆုံးရှုံးစေခြင်း သို့မဟုတ် မွေးရာပါသန္ဓေသား မူမမှန် ချွတ်ယွင်းမှု ဖြစ်ပေါ်စေခြင်း။

(ဖ) **အာဏာပိုင်အဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံ ဆေးပစ္စည်းကိရိယာ ဆိုင်ရာ အာဏာပိုင်အဖွဲ့ကိုဆိုသည်၊

(ဗ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုဆိုသည်၊

(ဘ) **ဦးစီးဌာန** ဆိုသည်မှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရည်အသွေးစစ်မှန်ကောင်းမွန်၍ ဘေးအန္တရာယ်ကင်းရှင်းပြီး အကျိုးအာနိသင်ရှိသော ဆေးပစ္စည်းကိရိယာများကို အများ ပြည်သူတို့သုံးစွဲနိုင်စေရန်၊

(ခ) ဆေးပစ္စည်းကိရိယာများကို စနစ်တကျမှတ်ပုံတင်ထားရှိရန်၊

(ဂ) ဆေးပစ္စည်းကိရိယာများ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်းတို့ကို စနစ်တကျကွပ်ကဲထိန်းသိမ်းနိုင်ရန်၊

(ဃ) ဒေသတွင်းနိုင်ငံအသီးသီး၏ ဆေးပစ္စည်းကိရိယာ အရည်အသွေး ကွပ်ကဲရေးဆိုင်ရာ စိစစ်မှုနည်းလမ်းများနှင့် ပြဋ္ဌာန်းချက်များကို အပြန်အလှန်အသိအမှတ်ပြုနိုင်ကြရန်၊

(င) လွတ်လပ်သော ကုန်သွယ်မှုဒေသများအတွင်း ကုန်သွယ်ရေး ဆိုင်ရာ နည်းပညာအတားအဆီးများကို လျှော့ချနိုင်ရန်။

## အခန်း (၃)
## အာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဝန်ကြီးဌာန၏ပြည်ထောင်စုဝန်ကြီးကိုဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန အစိုးရအဖွဲ့အစည်း များမှ ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းမှ ကျွမ်းကျင်ပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် စုစုပေါင်းအဖွဲ့ဝင် (၁၅) ဦးထက်မပိုသည့် အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ထည့်သွင်း ဖွဲ့စည်းနိုင်သည်၊

(ဂ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသည့်အာဏာပိုင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နယ်စပ်ရေးရာဝန်ကြီးဌာနက ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ပြည်သူများအတွက် စားနပ်ရိက္ခာ ထောက်ပံ့ပေး

**နေပြည်တော် မေ ၁၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း၊ ရာသီဥတုဆိုးရွားခြင်းများကြောင့် စားနပ်ရိက္ခာများ ရှားပါးပြတ်လပ်လေ့ရှိပြီး အစိုးရ၊ တပ်မတော်နှင့်အလှူရှင်များက နှစ်စဉ်နှစ်တိုင်း စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းခဲ့ရသည်။




ယခုအခါတွင် မဂ္ဂဇ-ခေါင်လန်ဖူး (၆၅/၄) မိုင် လမ်းဖောက်လုပ်ရေးစီမံကိန်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် မဂ္ဂဇမှ မေခမြစ်ဘေး ရီဒမ်းကြိုးတံတားအကျော် (၄၇/၀)မိုင်အထိ ကားလမ်းဖောက်လုပ်ဆဲဖြစ်ပြီး မိုင်တိုင် (၄၇/၀)မိုင်မှ ခေါင်လန်ဖူးအထိ မော်တော်ဆိုင်ကယ်လမ်း (၁၈/၄)မိုင်ကိုလည်း ဖောက်လုပ်ထားပြီးဖြစ်သည်။ သို့ဖြစ်၍ ပူတာအို-မဂ္ဂဇ-မေခမြစ်ကမ်း ရီဒမ်းကြိုးတံတားအရှေ့ဘက်ကမ်း (၁၀၃/၃) မိုင်ခရီးကို မော်တော်ယာဉ်များဖြင့် သွားလာနိုင်ပြီဖြစ်ပြီး ရီဒမ်းကြိုးတံတားမှ ခေါင်လန်ဖူးအထိ မော်တော်ဆိုင်ကယ်များဖြင့် နေ့ချင်းပေါက်သွားလာနိုင်ပြီဖြစ်သည်။

သို့ရာတွင် ခေါင်လန်ဖူးမှ ၃၇ မိုင်ခန့် ကွာဝေးသည့် မြန်မာ-တရုတ်နယ်စပ်ဒေသများဖြစ်သည့် ရှိန်းခေါင်-ဇီးထန်ဒေသများသို့ လည်းကောင်း၊ ခေါင်လန်ဖူးမှ နယ်စပ်မှတ်တိုင် (၃၀/၃၁)တစ်ဝိုက်ရှိ လန်ဆယ်အရှေ့ခြမ်းဒေသများရှိ ကျေးရွာများသို့ လည်းကောင်း သွားလာရေးအတွက် လမ်းပန်းဆက်သွယ်ရေး အခြေအနေမှာ ခက်ခဲနေဆဲဖြစ်ပြီး အဆိုပါဒေသများသို့ ခြေကျင်ခရီးဖြင့်သာ သွားလာနေရဆဲဖြစ်သည်။

ယခုအခါတွင် ရှိန်းခေါင်နှင့် ဇီးထန်ဒေသများအတွင်းရှိ ညီဝမ်ထန်ကျေးရွာအုပ်စု၊ ရနင်ထီကျေးရွာအုပ်စု၊ ဇန်ယော့ကျေးရွာအုပ်စု၊ ချီထုဖန်ကျေးရွာအုပ်စု၊ ရမန်ချီကျေးရွာအုပ်စု၊ ဇီးထန်ကျေးရွာအုပ်စု၊ ဒါလန်ကျေးရွာအုပ်စု၊ လားတားကော်ကျေးရွာအုပ်စုများ၊ လန်ဆယ်အရှေ့ခြမ်းဒေသများရှိ ထဖုံးကျေးရွာအုပ်စု၊ ရပ်မားကျေးရွာအုပ်စု၊ နမ်ချိန်ကျေးရွာအုပ်စုနှင့် ရှီးလန်ဒမ်းကျေးရွာအုပ်စုများ စသည့် ကျေးရွာအုပ်စု ၁၂ အုပ်စုတွင် ရာသီဥတုဆိုးရွားခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း၊ ယခုလတ်တလောဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကုန်စည်စီးဆင်းမှုရပ်တန့်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းများကြောင့် စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုများနှင့် ကြုံတွေ့နေရမှုအပေါ် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အရေးပေါ်လတ်တလောလိုအပ်ချက်အရ သက်ဆိုင်ရာ ဒေသနေရာအရောက် ထောက်ပံ့မည့် ဆန်အိတ် ၁၀၀၀ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ မလိခခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အဖွင့်အမှာစကား ပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကချင်ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး၊ ညွှန်ကြားရေးမှူး ဦးကျော်မင်းက အရေးပေါ်ထောက်ပံ့ရခြင်းကို ရှင်းလင်းတင်ပြကာ အရေးပေါ်ထောက်ပံ့သည့် ဆန်အိတ် ၁၀၀၀ ကို ညွှန်ကြားရေးမှူး ဦးကျော်မင်းက ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ အရေးပေါ်ထောက်ပံ့ပေးသည့် စားနပ်ရိက္ခာများကို မြစ်ကြီးနား-ပူတာအို-မဂ္ဂဇ-ခေါင်လန်ဖူး-ရှိန်းခေါင် (မြန်မာ-တရုတ်နယ်စပ်) လမ်းကြောင်းမှ ရှိန်းခေါင်-ဇီးထန် ဒေသတစ်ဝိုက်ရှိ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ဒေသခံပြည်သူလူထု ၉၈၈၀ အတွက် လတ်တလောလိုအပ်သည့် ဆန်အိတ် ၈၀၀ ကို လည်းကောင်း၊ မြစ်ကြီးနား-ချီဖွေ- ဖီမော်- လန်ဆယ်- တထုံစင် လမ်းကြောင်းမှ နယ်စပ်မှတ်တိုင် (၃၀/၃၁) တစ်ဝိုက်ရှိ ကျေးရွာအုပ်စုလေးအုပ်စုမှ ဒေသခံပြည်သူလူထု ၁၈၀၈ ဦးအတွက် လတ်တလောလိုအပ်သည့် ဆန်အိတ် ၂၀၀ ကို လည်းကောင်း၊ စုစုပေါင်းဆန်အိတ် ၁၀၀၀ကိုဒေသခံပြည်သူများလက်ဝယ်သို့ ချောမောစွာရောက်ရှိ ဖြန့်ဝေပေးနိုင်ရေးတပ်မတော်၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့က ပေါင်းစပ်ညှိနှိုင်းပြီး ပေးပို့သွားမည်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မဂ္ဂဇ-ခေါင်လန်ဖူးလမ်း ဖောက်လုပ်သည့် စီမံကိန်းပြီးစီးပါက အဆိုပါနယ်စပ်ဒေသများဖြစ်သော ရှိန်းခေါင်ဒေသ၊ ဇီးထန်ဒေသနှင့် လန်ဆယ်အရှေ့ခြမ်းဒေသများသို့ ဌာနပိုင်စက်ယန္တရားကြီးများဖြင့် လမ်းဖောက်လုပ်ရေးစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီမံဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# လေထုဖိအား အတက်အကျအပေါ်မူတည်ပြီးတော့ မုန်တိုင်းဝင်မယ့် အခြေအနေကတော့ ပြောင်းလဲနိုင်တဲ့ အနေအထားရှိတယ်။ မပြောင်းလဲနိုင်တာကတော့ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်တို့မှာ မုန်တိုင်းအရှိန်ကြောင့် ရံဖန်ရံခါ မိုးသက်လေပြင်းကျမှာ ဖြစ်ပါတယ်

**ဒေါက်တာ ကျော်မိုးဦး (ညွှန်ကြားရေးမှူးချုပ်)**

လက်ရှိ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းတစ်ခုကြောင့် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနေပြီး မေ ၁၆ ရက်ညပိုင်းတွင် ယင်းမုန်တိုင်းငယ်သည် ဆိုင်ကလုန်းမုန်တိုင်းအဆင့်သို့ ရောက်ရှိနိုင်သည့် အနေအထားရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"ဒီလေဖိအားနည်းရပ်ဝန်းဟာ အိန္ဒိယကမ်းဘက်ကို ဦးတည်နေပြီး လက်ရှိရွေ့လျားနေပါတယ်။ မုန်တိုင်းငယ်ဖြစ်ပြီးတဲ့အခါ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ကို ရောက်လာပြီး မေ ၁၇ ရက် ညပိုင်းလောက်ဆိုရင် သူ့ရဲ့လမ်းကြောင်းဟာ အရှေ့မြောက်ကို ပြန်ကွေ့လာမယ့် အနေအထားမျိုးတွေ့ရပါမယ်။ အရှေ့မြောက်ကို ပြန်ကွေ့လာတာနဲ့ သူသွားမယ့် လမ်းကြောင်းဟာ အခုအခါမှာတော့ သုံးမျိုးလောက် ထွက်နေပါတယ်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာ သုံးနိုင်ငံထဲက တစ်နိုင်ငံကို ဝင်ရောက်နိုင်ပါတယ် " ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ပြောသည်။

**ကြိုတင်ပြင်ဆင်ဖို့နဲ့ အထူးဂရုစိုက်ဖို့လို**

"အိန္ဒိယဘက်မှာ လေထုဖိအား ရုတ်တရက်ထိုးကျသွားရင် အိန္ဒိယကို ဝင်သွားမှာပါ။ အိန္ဒိယကို ကျော်လာပြီးရင် ဘင်္ဂလားဒေ့ရှ်ကိုရောက်မယ်။ ဘင်္ဂလားဒေ့ရှ်မှာ လေထုဖိအားထိုးကျသွားရင် ဘင်္ဂလားဒေ့ရှ်ကိုဝင်မယ်။ ဒါမှမဟုတ် အဲဒီနှစ်နိုင်ငံလုံးမှာ လေထုဖိအားတက်နေတယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံကိုဝင်မယ်။ ဒါပေမယ့် ဘယ်ဘက်ကိုဝင်မယ်ဆိုတာကို ဒီအချိန်မှာတော့ တွက်ဆလို့မရသေးပါဘူး။ ဒီအချိန်မှာ ပြောနိုင်တာက မေ ၁၉ ရက်အထိ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းကို ဦးတည်နေတဲ့အနေအထားမျိုးလို့ ပြောလို့ရပါတယ်။ လေထုဖိအား အတက်အကျအပေါ်မူတည်ပြီးတော့ မုန်တိုင်းဝင်မယ့်အခြေအနေကတော့ ပြောင်းလာနိုင်တဲ့ အနေအထားရှိတယ်။ မပြောင်းလဲနိုင်တာကတော့ ဆိုင်ကလုန်းမုန်တိုင်းဟာ အရှေ့မြောက်ဘက်ကို ကွေ့လာပြီဆိုတာနဲ့ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်တို့မှာ မုန်တိုင်းအရှိန်ကြောင့် ရံဖန်ရံခါ မိုးသက်လေပြင်းကျမှာဖြစ်ပါတယ်။ အထူးသဖြင့် ရခိုင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ ပိုမိုသတိထားရပါမယ်။ မေ ၁၉ ရက်မှာ ပိုပြီးသက်ရောက်မှုရှိနိုင်ပါတယ်။ နေရာကလည်း ရခိုင်ပြည်နယ်မြောက်ပိုင်း ဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမှာရှိတဲ့ မြို့နယ်တွေမှာ ကြိုတင်ပြင်ဆင်ဖို့နဲ့ အထူးဂရုစိုက်ဖို့လိုပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မုန်တိုင်းအရှိန်ကြောင့် လေပြင်းမုန်တိုင်းများ တိုက်ခတ်နိုင်သည့်အတွက် မေ ၁၈ ရက်မှ ၂၂ ရက်အထိ ရေလုပ်သားများ၊ အထူးသဖြင့် ရခိုင်ကမ်းရိုးတန်းမှ ပြည်သူများအနေဖြင့် ပင်လယ်ပြင်ထွက်ခွာခြင်းမပြုရန် သတိထားရမည်ဖြစ်ကြောင်း သိရသည်။

"မုန်တိုင်းတွေဖြစ်တယ်ဆိုတာ လေထုဖိအားနည်းတဲ့အတွက် ဖြစ်လာတာ ဖြစ်ပါတယ်။ လေတွေက ဖိအားများတဲ့နေရာကနေ ဖိအားနည်းတဲ့နေရာကို သွားတယ်။ ကုန်းမြေပေါ်မှာ လေထုဖိအားနည်းနေတယ်ဆိုရင် လေက ကုန်းမြေပေါ်ကို ရွေ့သွားမယ့်အခြေအနေရှိတယ်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်ပြီးမှ ကျွန်တော်တို့ဘက်ကို ရောက်လာမယ့် အနေအထားတော့ရှိတယ်။

**သချာၤပုံစံပြုမော်ဒယ်**

"သချာၤပုံစံပြုမော်ဒယ်တွေက အမျိုးမျိုးဖော်ပြနေတယ်။ European Centre for Medium-Range Weather Forecasts မော်ဒယ်အားလုံးက အိန္ဒိယ၊ India Metoro-logical Department မော်ဒယ်အများစုက ဘင်္ဂလားဒေ့ရှ်နဲ့ IMD ရဲ့ GPP ကတော့ မပြောင်းလဲဘဲ ရခိုင်မြောက်ပိုင်းဒေသကို ဝင်ရောက်နိုင်တယ်။ မြန်မာနိုင်ငံက တွက်ထုတ်တဲ့ မော်ဒယ်ကတော့ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာကို ဖော်ပြနေတယ်။ မုန်တိုင်းရဲ့ လေတိုက်နှုန်းကတော့



ဒေါက်တာ ကျော်မိုးဦး

ပင်လယ်ထဲမှာ ကြာမြင့်တဲ့အချိန်၊ မုန်တိုင်းရဲ့ အရွေ့အပေါ်မှာ မူတည်ပါတယ်။ မုန်တိုင်းက ပင်လယ်ထဲမှာ ကြာမြင့်စွာရွေ့နေမယ်ဆိုရင် မုန်တိုင်းရဲ့အင်အားက ပိုမိုကောင်းလာမယ်။ မုန်တိုင်းက မြန်မြန်ရွေ့မယ်ဆိုရင် အင်အားကျသွားနိုင်တယ်။ လေထုဖိအားကျတာ များနေရင် လေတိုက်နှုန်းတွေက ပြင်းပြင်းထန်ထန်တိုက်ခတ်နိုင်ပြီး လေထုဖိအားကျတာ နည်းနေရင်တော့ လေတိုက်နှုန်းက အားလျော့တဲ့အနေအထားတွေရှိပါတယ်။ လက်ရှိမှာတော့ သချာၤပုံစံပြုမော်ဒယ်တွေမှာ တစ်နာရီ မိုင် ၅၀ နဲ့ မိုင် ၇၀ ကြား ပြထားပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ပြောသည်။

**မုန်တိုင်းတစ်ခု ဖြစ်ပေါ်နိုင်**

ယခုအခါ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းကြောင့် မုန်တိုင်းတစ်ခု ဖြစ်ပေါ်နိုင်ပြီး ယင်းမုန်တိုင်းသည် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းသို့ ဝင်ရောက်နိုင်ခြေရှိကာ မုန်တိုင်း ဝင်ရောက်သည်ဖြစ်စေ၊ မဝင်ရောက်သည်ဖြစ်စေ မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် တစ်နိုင်ငံလုံး မိုးရွာသွန်းနိုင်သည့်အတွက် အပူချိန်ကျသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြိုတင်ပြင်ဆင်စေလို**

"မုတ်သုံဆိုတာ မုန်တိုင်းနဲ့ ဆက်စပ်နေပါတယ်။ ယခင်က မုတ်သုံက သူ့ဘာသာသူဝင်လာတယ်။ မုတ်သုံဝင်ပြီဆိုရင် အီကွေတာကို ဖြတ်ပြီးတော့ တိုက်တဲ့လေက အားကောင်းလာတယ်။ ခုနောက်ပိုင်းနှစ်တွေကို ပြန်ကြည့်မယ်ဆိုရင် အီကွေတာကို ဖြတ်တိုက်တဲ့လေက အားမကောင်းတော့ဘူး။ အားမကောင်းတဲ့အတွက် မုတ်သုံအတွက်ကို မုန်တိုင်းတွေက ဆွဲပြီးခေါ်လာတယ်။ ဒီနှစ်မှာလည်း မုန်တိုင်းမဖြစ်ဘူးဆိုရင် မုတ်သုံနောက်ကျမယ့်အနေအထားရှိတယ်။ လက်ရှိ မုန်တိုင်းဖြစ်လာတဲ့အတွက် မုတ်သုံက ယခင် ခန့်မှန်းထားတဲ့ မေ ၁၆ ရက်ကနေ ၂၁ ရက်အတွင်းမှာ မြန်မာနိုင်ငံတောင်ပိုင်းကို စတင်ဝင်ရောက်မယ့်အခြေအနေရှိပါတယ်။ တကယ်လို့ မုန်တိုင်းဝင်လာမယ်ဆိုရင် ရွှေ့ပြောင်းရလွယ်ကူအောင်လည်း ယခုအချိန်ကတည်းက ကြိုတင်ပြင်ဆင်စေလိုပါတယ်။ မုန်တိုင်းဖြစ်ပေါ်လာရင်လည်း သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တွေရဲ့ လမ်းညွှန်ချက်တွေကို လိုက်နာကြဖို့ ပြောလိုပါတယ်။

"အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကို မဝင်ဘူးဆိုရင်တော့ မြန်မာနိုင်ငံကို သေချာပေါက်ဝင်မှာဖြစ်ပါတယ်။ ဒီနှစ်နိုင်ငံထဲက တစ်နိုင်ငံကို မုန်တိုင်းဝင်သွားရင်တော့ မြန်မာကမ်းရိုးတန်းကို မဝင်နိုင်တော့ဘူး။ ဒါပေမယ့် မုန်တိုင်းရဲ့အရှိန်ကြောင့် မိုးသက်လေပြင်းတိုက်ခတ်တာတွေ ဖြစ်ပါမယ်။ အထူးသဖြင့် ရခိုင်ကန်းရိုးတန်းဒေသတွေက အထူးသတိထားဖို့လိုအပ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်မိုးဦးက ပြောသည်။

**သတင်း-မျိုးမြင့်၊ မျိုးသူဟိန်း၊ ဟိန်းမင်းစိုး**
**ဓာတ်ပုံ-ဟန်လင်းနိုင်**




## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် မေ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်အသင်းက ၂၀၁၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု၊ သုတပဒေသာ(ဝိဇ္ဇာပညာရပ်) ဒုတိယဆုရ **"ဖွဲ့သန်းသျှင်း(သုံးဆယ်)"** ရေးသားသည့် **"သူ့ကျွန်မခံ ဆရာစံ"** စာအုပ်ကို စာအုပ်အသင်း၏ ၂၀၂၀ ပြည့်နှစ်၊ မေလအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စာတိုက်မှ တစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**မန်စီးတီးအသင်းနှင့် သက်တမ်းတိုးလို**

ကွင်းလယ်ကစားသမား ဆေးဗားလ်သည် ဇွန် ၃၀ ရက်တွင် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ကြောင်း သိရသည်။ အသက် ၃၄ နှစ်အရွယ်ရှိ ဆေးဗားလ်သည် မန်စီးတီးအသင်းနှင့် သက်တမ်းတိုးစာချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း သိရသည်။

**စီးရီးအေတွင် ဆက်နေရန် ဆန္ဒရှိ**

ချယ်လ်ဆီးအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသော မာတင်စ်သည် နာပိုလီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပါက စီးရီးအေတွင် ဆက်နေရန် ဆန္ဒရှိနေကြောင်း သိရသည်။ အဆိုပါ ကစားသမားကို အင်တာမီလန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

**ဘာကာယိုကို အား ရောင်းထုတ်ရန် ဆန္ဒရှိ**

ချယ်လ်ဆီးအသင်းသည် ပြင်သစ်ကွင်းလယ်ကစားသမား ဘာကာယိုကိုအား လာမည့် အပြောင်းအရွှေ့ကာလတွင် ပေါင် ၃၁ သန်းဖြင့် ရောင်းထုတ်ရန် ဆန္ဒရှိနေသော်လည်း ပီအက်စ်ဂျီ အသင်းက ပေါင် ၂၆ ဒသမ ၅ သန်းထက် ပိုပေးပြီး ခေါ်ယူရန် ဆန္ဒမရှိကြောင်း သိရသည်။

၎င်းသည် ၂၀၁၇ ခုနှစ်တွင် အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် လိဂ်ပွဲ ၂၉ ပွဲသာ ပါဝင်ကစားထားကြောင်း သိရသည်။ အသင်းတွင် ခြေစွမ်းပြသနိုင်ခြင်းမရှိသော ၎င်းကို အေစီမီလန်နှင့် မိုနာကိုအသင်းတို့သို့ အငှားစေလွှတ်ထားသော်လည်း ထင်သလောက်ခြေစွမ်းပြသနိုင်ခြင်းမရှိသည့်အတွက် ယခုကဲ့သို့ ရောင်းထုတ်လိုနေခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းက အဆိုပါ ကစားသမား၏ ပြောင်းရွှေ့ကြေးကို ပေါင် ၃၁ သန်း သတ်မှတ်ထားသည်။

**ဒမ်ဘီလီ၏ ပြောင်းရွှေ့ကြေး ဘာစီလိုနာ သတ်မှတ်**

ဘာစီလိုနာအသင်းသည် ၎င်းတို့ခေါ်ယူခဲ့စဉ်က ပေါင် ၁၃၅ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့သော ပြင်သစ်တိုက်စစ်ကစားသမား အိုဆွန်နီ ဒမ်ဘီလီကို ပြောင်းရွှေ့ကြေး ပေါင် ၅၃ သန်း သတ်မှတ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဒမ်ဘီလီသည် ၂၀၁၇ ခုနှစ်တွင် ဒုတိယစံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၁၃၅ ဒသမ ၅ သန်းဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်သည်။

**လီယို ကို ခေါ်ယူရန်အတွက် ဂျူဗင်တပ်စ်အသင်းနှင့် ဆွေးနွေး**

ဘာစီလိုနာအသင်းသည် အီတလီခံစစ်ကစားသမား မတ်တီးယား လီယို (၂၇နှစ်) ကို ခေါ်ယူရန်အတွက် ဂျူဗင်တပ်စ်အသင်းနှင့် ဆွေးနွေးနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

# Chinese 8 Ball ပဥ္စမမြောက်တွင် ယန်ဖန်းကို ခက်ခက်ခဲခဲကစားပြီး အားတီအနိုင်ရ

**ရန်ကုန် မေ ၁၅**

မြန်မာ့လက်ရွေးစင်ပူးလ်ကစားသမား ဘုန်းမြင့်ကျော်(ခ) အားတီသည် Chinese 8 Ball ပြိုင်ပွဲတွင် ပြိုင်ဘက်ဖြစ်သူ ယန်ဖန်းကို ခက်ခက်ခဲခဲကစားပြီး ၎င်း၏ပဥ္စမမြောက်နိုင်ပွဲကို ဆက်လက်ရယူကာ အောင်ပွဲခံနိုင်ခဲ့သည်။

အားတီသည် ၂၁ ပွဲ-၁၈ ပွဲဖြင့် အနိုင်ရခဲ့သော်လည်း ပထမပိုင်းတွင် ကနဦးပွဲငယ်သုံးပွဲသာ စီးနိုင်ခဲ့ပြီး နောက်ပိုင်းတွင် ယန်ဖန်းက အမီလိုက်စီးနိုင်ခဲ့သဖြင့် ပထမပိုင်း၌ ၁၁ ပွဲ-၉ ပွဲဖြင့် အားတီရှုံးနေခဲ့သည်။ ပထမပိုင်းခွဲဘော ၁၀ ကြိမ်တွင် နှစ်ကြိမ်သာ အားတီဝင်အောင် ထိုးနိုင်ခဲ့သည်။

ကျွမ်းကျင်မှု၌ ပြောစရာမရှိအောင်ကောင်းသော ယန်ဖန်းသည် ဒုတိယပိုင်း၌လည်း ဆက်လက်ဦးဆောင်ခဲ့သော်လည်း အားတီက နောက်မှတရစပ် ဖိအားပေးနိုင်ခဲ့သဖြင့် ၁၃ ပွဲစီ သရေဖြစ်လာခဲ့သည်။ ၁၄ ပွဲမှစ၍ အားတီက တောက်လျှောက်ဦးဆောင်ခဲ့ပြီး ၂၀ ပွဲ-၁၆ ပွဲအထိ လေးပွဲဖြတ်ထားနိုင်ခဲ့သည်။ ထို့နောက် ယန်ဖန်းက ပွဲငယ်နှစ်ပွဲ ဆက်တိုက်နိုင်ခဲ့သော်လည်း နောက်ဆုံးပွဲတွင် အားတီက အနိုင်ထိုးခဲ့သဖြင့် ၂၁ ပွဲ-၁၈ ပွဲဖြင့် အားတီအနိုင်ရခဲ့ပြီး ဒုတိယအဆင့်သို့ တိုက်ရိုက်တက်ခွင့်ရရှိရန် သေချာသလောက်နီးပါး ဖြစ်သွားခဲ့သည်။ ယခုပြိုင်ပွဲ၌ ငါးပွဲကစားပြီး ငါးပွဲလုံးအနိုင်ရရှိသူမှာ အားတီ တစ်ဦးတည်းသာရှိသည်။




အားတီသည် မေ ၁၆ ရက် (ယနေ့ည)တွင် Wu Zheng Yu နှင့် ဆက်လက်ကစားရမည်ဖြစ်သည်။ **အာကာစိုး**

# အမျိုးသမီးလိဂ်တွင် အသင်းသစ်များ ထပ်တိုးလာမည်

**ရန်ကုန် မေ ၁၅**

မြန်မာနေရှင်နယ်လိဂ် ကော်မတီက တာဝန်ယူကျင်းပမည့် အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းသစ်များ ထပ်တိုးလာမည်ဖြစ်ပြီး ပြိုင်ပွဲမစတင်မီ အတည်ပြုသွားမည်ဖြစ်သည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲကို ယခင်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က တာဝန်ယူကျင်းပခဲ့သော်လည်း ၂၀၁၈-၂၀၁၉ ရာသီအပြီးတွင် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ပြောင်းလဲတာဝန်ယူကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်ရာသီအပြီးတွင် အသင်းအချို့ နုတ်ထွက်မည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း အသင်းသစ်များလည်း ဝင်ရောက်ယှဉ်ပြိုင်ရန်စီစဉ်လျက်ရှိသည်။ ယခုရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲကို နှစ်ကုန်ပိုင်းတွင် ကျင်းပနိုင်ရန် လျာထားပြီး ပြိုင်ပွဲစည်းမျဉ်းများ အတည်ပြုပြီးပါက ပြီးခဲ့သည့်ရာသီက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အသင်းများ ဆက်လက်ယှဉ်ပြိုင်ခြင်း ရှိ၊ မရှိ အတည်ပြုမည်ဖြစ်ပြီး အသင်းသစ်များကိုလည်း ထပ်မံအတည်ပြုမည်ဖြစ်သည်။ လက်ရှိတွင် အသင်းသစ်နှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ရန်စီစဉ်ထားပြီး မြန်မာနေရှင်နယ်လိဂ်ကော်မတီက ပြိုင်ပွဲဝင်အသင်းများ ဖိတ်ခေါ်မှသာ အတည်ပြုနိုင်မည်ဖြစ်သည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး သုံးရာသီသာ ကျင်းပပြီးစီးသေးကြောင်း သိရသည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် မြဝတီအသင်းက နှစ်ကြိမ်၊ အား/ကာသိပ္ပံအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။ နောက်ဆုံးကျင်းပခဲ့သည့် အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း၊ မြဝတီအသင်း၊ သစ္စာအားမာန်အသင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနအသင်း၊ YREO အသင်း၊ ဂန္ဓမာအသင်း၊ တက္ကသိုလ်အသင်းနှင့် ဖွဲ့ကပင်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ **ညီမြတ်သော်တာ**

# နောင်ချိုနှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက် ည ၁၀ နာရီခွဲက နောင်ချိုမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး၊ မူဆယ်-မန္တလေးသွားကားလမ်းတွင် ဇင်ဟန်ကျော်(ခ)ကျော်ထူး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၇၀၆ တန်ဖိုးရှိ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကျော်စိုးမိုးမောင်းနှင်ပြီး ဇနီးဖြစ်သူ မစိုးစိုးခိုင်(ခ)မခိုင် လိုက်ပါလာသည့်ယာဉ်ကို ပြင်ဦးလွင်မြို့နယ် အေးရှားဝေါတိုးဂိတ်ဟောင်းအနီးတွင် ဖုန်းနှစ်လုံး၊ ငွေကျပ် ၁၁၆၀၀၀ တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အလားတူ မေ ၁၄ ရက် ညနေ ၆ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် (၁၄)မိုင်ကွေ့အနီး မိုင်းဆတ်-မိုင်းတုံသွားကားလမ်းတွင် ကျဟားဘို မောင်းနှင်ပြီး မနာဟယ် လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ကျဖ မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၅၂ ကီလို၊ ဘိန်းစိမ်း သုည ဒသမ ၀၈ ကီလို၊ ငွေကျပ် ၁၂၇၀၀၀၀ နှင့် ထိုင်းဘတ်ငွေ ၅၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ရေပူနှင့်မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် မေ ၁၄ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စု လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၃၅ စီး၊ သွင်းကုန် ၃၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၂၅ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄၀၀ သန်း၊ စုစုပေါင်း ဖမ်းဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၁၂၅ သန်းကို ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၁၉၇/၄) နားဆော့ကျေးရွာအုပ်စု စံလောင်းကျေးရွာနှင့် ရေပူရှောင်ကွင်းလမ်းအနီး ချုံပုတ်ပေါ်တွင် စုပုံထားသော ပိတောက်ခွဲသား ၃၈ ချောင်း၊ ၀ ဒသမ ၇၃ တန်၊ တမလန်းခါးရွှေလေးတုံး ၀ ဒသမ ၁၇၄၈ တန်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၂၅ သန်းကို ဖမ်းဆီးရမိကြောင်း သိရသည်။ **သတင်းစဉ်**

# ဒက္ခိဏသီရိမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့၌ မီးလောင်

**နေပြည်တော်**

ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာအုပ်စု ဒိုးနွယ်ကျေးရွာတွင် ယနေ့နံနက် ၂နာရီ ၂၅ မိနစ်တွင် မီးလောင်မှုဖြစ်ခဲ့သည်။

ဖြစ်စဉ်မှာ ဒိုးနွယ်ကျေးရွာနေ ဒေါ်စန်းရွှေ၏ နေအိမ်မီးဖိုရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ခဲ့ရာ ဒေါ်စန်းရွှေ၏ နေအိမ်အပါအဝင် နေအိမ် ၁၅ လုံး မီးလောင်ခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ် ၁၅ စီး၊ ရေသယ်ယာဉ်အစီး ၂၀၊ အုပ်ချုပ်ယာဉ်လေးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးကြွင်းမီးကျန်မှတစ်ဆင့် ကူးစက်လောင်ကျွမ်းသဖြင့် နေအိမ် ၁၅ လုံး၊ ဆိုင်ကယ်သုံးစီး၊ ဂွန်ဒေါင်းတစ်စီး၊ စပါးတင်း ၁၀၀ မီးကူးစက်လောင်ခဲ့သည်။

မီးလောင်မှုကြောင့် လူဦးရေ ၅၁ ဦးတို့ကို ဒိုးနွယ်ကျေးရွာဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့နေရာချထားခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ဒေါ်စန်းရွှေ ကို ဒက္ခိဏသီရိမြို့မစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

**ရေနံချောင်း**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ရွှေတုတ်ကန်ကျေးရွာအုပ်စု ဝါးရိုးကျေးရွာတွင် ယနေ့နံနက် ၁ နာရီခန့်က မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ရာ လူနေအိမ် ၁၂ လုံး၊ နွားနှစ်ကောင်နှင့် ဝက်တစ်ကောင် မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ ရွှေတုတ်ကန်ကျေးရွာနေ ဒေါ်ကုလားမနေအိမ် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုစတင်ဖြစ်ရာ စုစုပေါင်း နေအိမ် ၁၂လုံးနှင့် နွားနှစ်ကောင်နှင့် ဝက်တစ်ကောင် ဆုံးရှုံးခဲ့ကာ ကျေးရွာနေပြည်သူ ၆၀ ဦး မီးဘေးသင့်ခဲ့ပြီး ကျေးရွာစာသင်ကျောင်းတွင် ယာယီပြောင်းရွှေ့ထားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသောင်းတင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်နှစ်စီးနှင့် ရေသယ်ယာဉ်သုံးစီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီခွဲတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေတုတ်ကန်ကျေးရွာနေ ဒေါ်ကုလားမ(၆၈နှစ်)ကို ရေနံချောင်းမြို့နယ် လက်မှတ်ကုန်းနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရွှေဆုး**

# နှစ်လကြာ အသွားအလာကန့်သတ်ပိတ်ဆို့မှုများပြုလုပ်ပြီးနောက် အီတလီအစိုးရ ယူရို ၅၅ ဘီလီယံ ကယ်ဆယ်ရေးအစီအစဉ်စတင်

**ရောမ မေ ၁၅**

အီတလီအစိုးရသည် နှစ်လကြာ အသွားအလာကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ပြီးနောက် ယူရို ၅၅ ဘီလီယံကယ်ဆယ်ရေးအစီအစဉ် စတင်မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ယမန်နေ့က ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကြောင့် ယိမ်းယိုင်သွားသော စီးပွားရေးလုပ်ငန်းကို ပြန်လည်ကူညီရန်နှင့် ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းအတွင်း အသက်ရှင်သန်ရုန်းကန်နေရသော မိသားစုများကို ကူညီပေးရန် ထိုသို့ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အီတလီနိုင်ငံ ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီး ဒါရီယိုဖရန်ဆက်စ်ချီနီက နိုင်ငံစီးပွားတိုးတက်ရေးအစီအစဉ်တွင် အစိုးရက ယူရို ၅၅ ဘီလီယံ ခွင့်ပြုပေးထားကြောင်း၊ ယင်းအနက် ယူရိုလေးဘီလီယံကို ခရီးသွားလုပ်ငန်းတွင် အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် ယူရိုတစ်ဘီလီယံကို ယဉ်ကျေးမှုလုပ်ငန်းတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ယမန်နေ့က ပြောကြားလိုက် သည်။

ကိုဗစ်- ၁၉ကာလ စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ခြင်း အမိန့်ကြေညာချက်တွင် အခွန်လျှော့ပေးသည့် ဆောင်ရွက်ချက်များ ပါရှိကြောင်း၊ ဟိုတယ်၊ စားသောက်ဆိုင်၊ ခရီးသွားအေဂျင်စီ၊ ပြဇာတ်ရုံနှင့် ရုပ်ရှင်ရုံများအား



အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီ

အခွန်လျှော့ချပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆောင်ရွက်ချက်များက ခရီးသွားနှင့် ယဉ်ကျေးမှု လုပ်ငန်းသည် အီတလီနိုင်ငံအတွက် မဟာဗျူဟာအရ အရေးပါပုံကို အစိုးရအနေဖြင့် ဖော်ပြလိုက်ခြင်းပင်ဖြစ်ကြောင်း ဒါရီယိုဖရန်ဆက်စ်ချီနီက ပြောကြားလိုက်သည်။ စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ခြင်း အမိန့်ကြေညာချက်တွင် ယူရို ၂ ဒသမ ၄ ဘီလီယံအား ခရီးသွားဆုကြေးငွေအဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ နှစ်စဉ်ဝင်ငွေယူရို လေးသောင်းအောက်ရှိ မိသားစုများကို ယူရို ၅၀၀ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဝန်ကြီးဌာနအနေဖြင့် ယူရိုသန်း ၁၅၀ ရှိသော ရန်ပုံငွေတစ်ရပ် ထူထောင်သွားမည်ဖြစ်ပြီး ကပ်ရောဂါကြောင့် အခက်အခဲဖြစ်နေသည့် ခရီးသွားအေဂျင်စီများအား ပြည်ပလုပ်ငန်းကုမ္ပဏီများ၏ ဝယ်ယူခြင်းမခံရအောင် ကာကွယ်ပေးသွားမည်ဖြစ်သည်။

ယဉ်ကျေးမှုကဏ္ဍတွင် အီတလီအစိုးရသည် ယူရိုသန်း ၂၁၀ အသုံးပြုကာ ပုဂ္ဂလိက ယဉ်ကျေးမှုလုပ်ငန်းများကို ကူညီပေးသွားမည့်နည်းတူ ယူရိုသန်း ၁၀၀ အသုံးပြု၍ နိုင်ငံပိုင် ပြတိုက်ပေါင်း ၄၀၀ ခန့်ကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အီတလီအစိုးရသည် ယူရိုသန်း ၁၀၀ အသုံးပြုပြီး ရင်းနှီးမြှုပ်နှံသူများ ယဉ်ကျေးမှုလုပ်ငန်းအား ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်းနှင့် အီတလီ ရုပ်ရှင်လုပ်ငန်းများအတွက်လည်း ယူရို ၂၄၅ သန်း ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဒါရီယိုဖရန်ဆက်စ်ချီနီက ပြောသည်။

**ဆင်ဟွာ**

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အကြီးအကဲ ယခုနှစ်ကုန်တွင် ရာထူးမှ နုတ်ထွက်မည်



ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ရိုဘာတိုအာဇီဗီဒို

**ဂျီနီဗာ မေ ၁၅**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)၏ညွှန်ကြားရေးမှူးချုပ် ရိုဘာတိုအာဇီဗီဒိုက ၎င်း၏ရာထူးသက်တမ်းမကုန်မီ ယခုနှစ်ဩဂုတ်လတွင် ရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း ယမန်နေ့က ပြောကြားလိုက်သည်။

လာမည့်ဩဂုတ်လတွင် မိမိအနေဖြင့် တာဝန်ထမ်းဆောင်လာသည်မှာ ခုနစ်နှစ် ပြည့်တော့မည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် လက်ရှိရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်ထားကြောင်း၊ မိမိ၏ ဒုတိယသက်တမ်းသည် တစ်နှစ်တိတိကျန်သေးကြောင်း ၎င်းက ယမန်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ပြောကြားလိုက်သည်။

ယခုဆုံးဖြတ်ချက်ကို မိမိအနေဖြင့် လွယ်လွယ်နှင့်ချခဲ့သည် မဟုတ်ကြောင်း၊ အသွားအလာကန့်သတ်ပိတ်ဆို့ထားချိန်နှင့် မိမိ ဒူးခေါင်း ခွဲစိတ်ထားချိန်များတွင် အသေအချာ စဉ်းစားခဲ့ခြင်းဖြစ်ကြောင်း၊ မိမိမိသားစုနှင့် အချိန်အကြာကြီး ဆွေးနွေးပြီးမှ ယခုဆုံးဖြတ်ချက်ကို ချခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ယခုဆုံးဖြတ်ချက်သည် မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ဖြစ်သလို မိသားစု ဆုံးဖြတ်ချက်လည်းဖြစ်ကြောင်း ယခုလို ရာထူးမှ နုတ်ထွက်မည့်ဆုံးဖြတ်ချက်က ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အကောင်းဆုံး အကျိုးစီးပွားကို ဖြစ်စေမည်ဟု ယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

## ကမ္ဘာတစ်ဝန်း ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူအရေအတွက် သုံးသိန်းကျော် ရောက်ရှိ

**ဝါရှင်တန် မေ ၁၅**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် မေ ၁၄ ရက် မွန်းလွဲ ၁ နာရီ ၃၈ မိနစ်က ၃၀၀၀၇၄ ဦး အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်သိပ္ပံနှင့် အင်ဂျင်နီယာဌာနမှ သိရသည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း ၄၄၀၅၆၈၈ ဦးအထိ မြင့်တက်လာခဲ့ကြောင်း အဆိုပါဌာနက ဆက်လက်ဖော်ပြလိုက်သည်။

အမေရိကန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၄၀၀၅၀၀ ရှိပြီး သေဆုံးသူပေါင်း ၈၅၀၆၆ ဦးရှိကြောင်း သိရသည်။

ကိုရိုနာ ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၂၀၀၀၀ ကျော်ရှိသည့် နိုင်ငံများတွင် ဗြိတိန်၊ အီတလီ၊ စပိန်နှင့် ပြင်သစ်နိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၀၀၀၀ ကျော်ရှိသည့် နိုင်ငံများတွင် ရုရှား၊ ဗြိတိန်၊ စပိန်နှင့် အီတလီနိုင်ငံတို့ ပါဝင်သည်။

**ဆင်ဟွာ**

# စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၂၆၁၉၈ ဦးအထိ မြင့်တက်

**စင်ကာပူ မေ ၁၅**

စင်ကာပူနိုင်ငံတွင် မေ ၁၄ ရက် မွန်းတည့် ၁၂ နာရီအထိ စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၇၅၂ဦး တိုးလာပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၆၁၉၈ ဦးအထိ မြင့်တက်လာကြောင်း၊ စုစုပေါင်း သေဆုံးသူ ၂၁ ဦးရှိကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

သတင်းထုတ်ပြန်ဖော်ပြချက်အရ ထပ်မံစစ်ဆေးတွေ့ရှိသော ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရသူအများစုသည် အဆောင်တွင် နေထိုင်သည့် ပြည်ပမှ အလုပ်သမားများ ဖြစ်ကြသည်။

ဒေသတွင်း ကူးစက်ခံရမှုမှာ နှစ်ခုသာရှိကြောင်း သိရသည်။ ရောဂါကူးစက်ခံရကြောင်း ထပ်မံစစ်ဆေးတွေ့ရှိသူများအနက် ၉၉ ရာခိုင်နှုန်းသည် ယခင်ရောဂါကူးစက်ခံရသူများနှင့် ဆက်နွယ်မှုရှိကြောင်း စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

စင်ကာပူနိုင်ငံရှိ ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရသူအများစုသည် ပြည်ပမှ အလုပ်သမားများဖြစ်ကြောင်း၊ စာရင်းပြုစုချက်အရ စင်ကာပူနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမား နှစ်သိန်းခန့် အလုပ်သမားသီးသန့်အဆောင်ပေါင်း ၄၃ ခုတွင် အတူတကွနေထိုင်လျက်ရှိကြောင်းနှင့် တခြားသော ရွှေ့ပြောင်းအလုပ်သမား တစ်သိန်းခန့်သည် အမျိုးမျိုးသော နေအိမ်များတွင် နေထိုင်ကြကြောင်း သိရသည်။ စင်ကာပူတွင် ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်သက်သာကောင်းမွန်လာသူ စုစုပေါင်း ၅၉၇၃ ဦး ရှိကြောင်း သိရသည်။

**ဆင်ဟွာ**




စင်ကာပူတွင် ကိုဗစ်-၁၉ ကူးစက်မှုရှိ၊ မရှိ စစ်ဆေးပေးနေစဉ်။

## ဂျပန်နိုင်ငံတွင် ကျောင်းများ၏ ၈၆ ရာခိုင်နှုန်း ပိတ်ထားဆဲဖြစ်

**တိုကျို မေ ၁၅**

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် အရေးပေါ်ကြေညာချက် ထုတ်ပြန်ထားသည့်ကာလအတွင်း မူကြိုကျောင်းများနှင့် အခြားကျောင်းများ၏ ၈၆ ရာခိုင်နှုန်း ပိတ်ထားဆဲဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက ပြုလုပ်သည့် စစ်တမ်းတစ်စောင်တွင် ဖော်ပြလိုက်သည်။

အဆိုပါစစ်တမ်းအရ နိုင်ငံပိုင်နှင့် ဒေသန္တရ အစိုးရကျောင်းများ၏ ၈၇ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကကျောင်းများ၏ ၇၆ ရာခိုင်နှုန်း ပိတ်ထားဆဲဖြစ်ကြောင်း ဖော်ပြထားသည်။

ကျောင်းများ၏ ၈၀ ရာခိုင်နှုန်းသည် မေ ၂၅ ရက်နှင့် ၃၁ ရက်အတွင်း ပြန်လည်ဖွင့်လှစ်ရန် စီစဉ်နေပြီး ၁၆ ရာခိုင်နှုန်းသည် မေ ၂၄ ရက်တွင် ပြန်ဖွင့်ရန်စီစဉ်နေကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။ ကျန်ရှိနေသည့် ၃ ရာခိုင်နှုန်းအတွက် ဆုံးဖြတ်ချက် မချနိုင်သေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အာဖရိကတွင် လူပေါင်းသန်း ၂၀၀ ကျော် ကိုဗစ် – ၁၉ ကူးစက်နိုင်ဟုဆို

**ကိပ်တောင်း မေ ၁၅**

အာဖရိကတွင် အရေးပေါ် အရေးယူဆောင်ရွက်မှုများ မပြုလုပ်ပါက လူပေါင်း ၁၅၀၀၀၀ သေဆုံးနိုင်ပြီး လူဦးရေသန်းတစ်ထောင်၏ လေးပုံပုံတစ်ပုံခန့် ရောဂါကူးစက်ခံရဖွယ်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လေ့လာမှုများအရ သိရသည်။

**သတိပေးခဲ့**

မေ ၁၅ ရက်က ထုတ်ဝေသည့် ဂျာနယ်တွင် စာရေးသူများက ဥရောပနှင့် အမေရိကန်တို့ထက် လျော့နည်းပြီး ကူးစက်မှုနှုန်းကို ခန့်မှန်းခဲ့ကြသည်။ သို့သော် အာဖရိကနိုင်ငံများသည် ကူးစက်မှုနှုန်းမြင့်နိုင်ပြီး အများပြည်သူကိုလွှမ်းခြုံနိုင်သည့် ကျန်းမာရေးစနစ်ဖြစ်အောင် လုပ်ဆောင်ရမည်ဟု သတိပေးခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျန်းမာရေးစနစ်ကို ကိုဗစ် – ၁၉ က ခြိမ်းခြောက်နေသည်ဟု သတိပေးမှုများ ထွက်ပေါ်ပြီးနောက် ယခုလိုလေ့လာမှု ပေါ်ထွက်လာခြင်းပင်ဖြစ်သည်။

**လူပေါင်း ၁၅၀၀၀၀ အထိ သေဆုံးနိုင်**

လူဦးရေ ၂၃၁ သန်းမှာ ကိုဗစ် – ၁၉ ကူးစက်နိုင်ပြီး အများစုမှာ ရောဂါလက္ခဏာ မပြသူများဖြစ်နိုင်သည်။ လူ ၄ ဒသမ ၆ သန်းမှာ ဆေးရုံတက်ရောက် ကုသမှုခံယူရန်လိုအပ်ပြီး လူပေါင်း ၈၉၀၀၀ မှာ ဆိုးဆိုးရွားရွား ရောဂါခံစား ရမည်ဟု ခန့်မှန်းထားသည်။ လူပေါင်း ၁၅၀၀၀၀ အထိ သေဆုံးနိုင်သည်ဟု လေ့လာမှုတွင် ဖော်ပြထားသည်။ အာဖရိကတွင် အိတ်ချ်အိုင်ဗွီရောဂါ၊ အဆုတ်နာရောဂါ၊ ငှက်ဖျားရောဂါ၊ အာဟာရချို့တဲ့မှုရောဂါတို့ ကုသရာတွင် အကန့်အသတ်ဖြင့် ကုသရသည့်အတွက် ကိုဗစ် – ၁၉ လူနာများကုသရာမှာ အခက်အခဲများ ရှိလာနိုင်ကြောင်း သုတေသီများက ပြောသည်။

**အေအက်ဖ်ပီ**



ကင်ညာနိုင်ငံတွင် ကိုဗစ်-၁၉ စစ်ဆေးမှုခံယူရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

## အမေရိကန်-တာလီဘန် ငြိမ်းချမ်းရေးစာချုပ်ကို ဆက်လက်အကောင်အထည်ဖော်ရေး ပါကစ္စတန် တောင်းဆို

**အစ္စလာမ္မာဘတ် မေ ၁၅**

အာဖဂန်ငြိမ်းချမ်းရေးအတွက် အမေရိကန်နှင့် တာလီဘန်တို့ကြား သဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်ရေး ပါကစ္စတန်နိုင်ငံသည် မေ ၁၄ ရက်က အလေးပေးပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပြည်သူများ ထာဝရငြိမ်းချမ်းရေးရရေးနှင့် ပြန်လည် သင့်မြတ်ရေးတို့အတွက် အမေရိကန် – တာလီဘန် ငြိမ်းချမ်းရေး သဘောတူညီမှုသည် အထောက်အပံ့ဖြစ်မည်ဟု ပါကစ္စတန်နိုင်ငံက ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်– တာလီဘန် ငြိမ်းချမ်းရေးစာချုပ်ကို အကောင်အထည်ဖော်နိုင်မှသာ အာဖဂန်ပြည်တွင်း ငြိမ်းချမ်းရေးကို ဆက်လက်အကောင်အထည်ဖော်နိုင်မည် ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာအီရှာဖာရွတ်ကီက အပတ်စဉ်လုပ်ငန်းစဉ် ရှင်းလင်းတင်ပြမှုတွင် ပြောကြားခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကို တာလီဘန်တို့က ငြင်းဆိုမှုနှင့် တာလီဘန်များ အပါအဝင် စစ်သွေးကြွအဖွဲ့အစည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိုးစစ်ဆင်တိုက်ခိုက်ရန် အာဖဂန်သမ္မတ၏ အမိန့်တို့နှင့် ပတ်သက်ပြီး မည်သို့ထင်မြင်ယူဆကြောင်း အာအီရှာဖာရွတ်ကီထံမှ မှတ်ချက်တောင်းဆိုခဲ့သည်။

အာဖဂန်ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ပါကစ္စတန်မှ အိမ်ရှင်အဖြစ် ဆောင်ရွက်ပေးနိုင်ရေး အဆိုပြုချက် မရှိသေးကြောင်း၊ သို့သော် ပါကစ္စတန်အနေဖြင့် အာဖဂန်ပြည်တွင်း ငြိမ်းချမ်းရေးအစပြုနိုင်ရေးအတွက် ကူညီလုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တာလီဘန်နှင့် အမေရိကန်တို့ကြား သဘောတူညီမှုကို ဖေဖော်ဝါရီနှောင်းပိုင်းတွင် ကာတာနိုင်ငံ၌ သဘောတူလက်မှတ် ရေးထိုးခဲ့ပြီး အာဖဂန်နိုင်ငံအတွင်းရှိ နိုင်ငံခြားတပ်များအပြီးတိုင် ဆုတ်ခွာရေးအတွက် လမ်းကြောင်းပင်ဖြစ်သည်။ အာဖဂန်ပြည်တွင်း ငြိမ်းချမ်းရေးဆွေးနွေးမှုကို မတ် ၁၀ ရက်တွင် စတင်ရန် ရက်သတ်မှတ်ခဲ့သော်လည်း တာလီဘန်အကျဉ်းသား ၅၀၀၀ ပြန်လွှတ်ပေးရေး အငြင်းပွားမှုများကြောင့် ဆွေးနွေးပွဲကို အခုထိ မစတင်နိုင်သေးပေ။ **ဆင်ဟွာ**



ဖေဖော်ဝါရီ ၂၉ ရက်က အမေရိကန်– တာလီဘန် ငြိမ်းချမ်းရေးသဘောတူညီမှုတွင် လက်မှတ်ထိုးရန် တက်ရောက်လာသည့် တာလီဘန် ကိုယ်စားလှယ်အဖွဲ့ကို တွေ့ရစဉ်။

## ကိုဗစ် - ၁၉ ကြောင့် ပို့ကုန်ထိန်းချုပ် ဟန့်တားထားခြင်းမှာ ယာယီဖြစ်သည်ဟု ဂျီ -၂၀ ခေါင်းဆောင်များ ကတိပြု

**တိုကျို မေ ၁၅**

ကိုဗစ် –၁၉ ထိန်းချုပ်တိုက်ဖျက်ရေးအတွက် အဓိကအရင်းအမြစ်ကုန်သွယ်ရေး ပို့ကုန်များအပေါ် ကန့်သတ်မှုမှာ မကြာမီအချိန်အတွင်း ဖယ်ရှားပေးမည်ဟု ဂျီ–၂၀ နိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများသည် မေ ၁၄ ရက်က ကတိပြုခဲ့ကြသည်။

ယင်းကန့်သတ်ချက်များသည် ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ်ကာ အချိုးအစားမျှတပြီး ယာယီသာဖြစ်ရမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများအတိုင်း ဖြစ်ရမည်ဟု ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ကြသည်။ ဆေးဝါးများ၊ နှာခေါင်းစည်းများ၊ အသက်ရှူအထောက်အကူပြုကိရိယာများ တင်ပို့မှုတွင် နိုင်ငံနှင့် နယ်မြေဒေသပေါင်း ၈၀ ခန့်တို့သည် ကန့်သတ်မှုများ ထားရှိခဲ့ကြသည်။

ကိုဗစ် –၁၉ တိုက်ဖျက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အရင်းအမြစ်များ ပြတ်တောက်သွားခြင်းမှ အကာအကွယ်ပေးနိုင်ရေးအတွက် ယာယီတားမြစ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းလှုပ်ရှားမှုကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးတွင် အနှောင့်အယှက် ဖြစ်မည်ကို စိုးရိမ်မှုများ မြင့်တက်လာသည်။ ဆေးဘက်ပစ္စည်းအထောက်အပံ့များကို ချမ်းသာသည့် နိုင်ငံများက အဓိကထုတ်လုပ်သည့်အတွက် ဆင်းရဲသည့် နိုင်ငံများအတွက် မမျှတမှုများ ဖြစ်ပေါ်လာနိုင်သည်။

ကိုဗစ် –၁၉ နှင့်ဆက်စပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ပို့ကုန်တားမြစ်ချက်မှ ကင်းလွတ်ခွင့်ပေးရေး စဉ်းစားနေသည်ဟု ကုန်သွယ်ရေးဝန်ကြီးများက ပြောသည်။

**ကျိုဒိုနယူးစ်**




၂၀၁၉ ခုနှစ်က အိုဆာကာတွင် ဂျီ–၂၀ ထိပ်သီးအစည်းအဝေးပြုလုပ်စဉ်။

## ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၂၀၀၀ ကျော် ရှိလာ

**မနီလာ မေ ၁၅**

ဖိလစ်ပိုင်နိုင်ငံတွင် နောက်ထပ် ကိုဗစ်–၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၂၁၅ ဦး တိုးလာသည့်အတွက် စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၁၂၀၉၁ ဦး ရှိလာပြီဖြစ်သည်။ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၁၂၃ဦး ထပ်တိုးလာသည့်အတွက် စုစုပေါင်း ကျန်းမာလာသူ အရေအတွက်မှာ ၂၄၆၀ ဟု ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

သို့သော် နောက်ထပ်လူနာ ၁၆ ဦး သေဆုံးသွားသည့်အတွက် စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ၈၀၆ ဦးအထိ ရောက်ရှိသွားသည်။ မနီလာမြို့တွင် နေ့စဉ် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၁၄၄ ဦး သို့မဟုတ် ၆၇ ရာခိုင်နှုန်း တွေ့ရှိရပြီး ကူးစက်ခံရသူ ၃၇ ရာခိုင်နှုန်းမှာ နိုင်ငံ၏ အခြားအစိတ်အပိုင်းများမှဖြစ်ပြီး ၁ ရာခိုင်နှုန်းမှာ ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းဒေသမှဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ**

## ကိုဗစ် - ၁၉ ကာလရှည်ကြာ ရှိနေခြင်းကြောင့် အမေရိကန်အလုပ်လက်မဲ့ပြဿနာ ပိုမိုပြင်းထန်လာ

**ဝါရှင်တန် မေ ၁၅**

လွန်ခဲ့သည့် သီတင်းပတ်အတွင်း အမေရိကန် အလုပ်လက်မဲ့ သုံးသန်းကျော်မှာ အလုပ်လက်မဲ့များ ခံစားရသည့် အကျိုးအမြတ်များကို ခံစားနိုင်ရေး တောင်းခံခဲ့ကြောင်း သိရသည်။ ကိုဗစ်– ၁၉ ကြောင့် ပိတ်ထားသော စီးပွားရေးလုပ်ငန်းအချို့ကို ပြည်နယ်များတွင် ပြန်လည်စတင်ခွင့်ပြုခဲ့သော်လည်း ကုမ္ပဏီအများစုသည် ဝန်ထမ်းအများစုကိုလျှော့ချခဲ့ကြသည်။

ကိုဗစ် – ၁၉ စတင်ဖြစ်ပွားပြီး စီးပွားရေးလုပ်ငန်းများ စတင်ပိတ်ထားသည့်အချိန်မှစတင်ကာ နှစ်လတာကာလအတွင်း အမေရိကန်မှ လူပေါင်း ၃၆ သန်းမှာ အလုပ်လက်မဲ့ခံစားခွင့်များ လျှောက်ထားခဲ့ကြသည်ဟု မတ် ၁၄ ရက်တွင် အစိုးရက ပြောကြားခဲ့သည်။

လွန်ခဲ့သည့်သီတင်းပတ်အတွင်းကလည်း လူပေါင်း ၈၄၂၀၀၀ မှာ အကူအညီတောင်းခံခဲ့ကြသည်။ ဆယ်စုနှစ်အတွင်း အလုပ်သမားဈေးကွက်သည် အဆိုးရွားဆုံးဖြစ်ခဲ့ပြီး စီးပွားရေးသည် အကျဘက်သို့ ဦးတည်ခဲ့သည်။

လွန်ခဲ့သောသီတင်းပတ်အတွင်း အလုပ်လက်မဲ့ အထောက်အပံ့အတွက် အကူအညီတောင်းခံမှုမှာ တဖြည်းဖြည်းချင်း လျော့ကျလာသော်လည်း မတ်လအတွင်း ကိုဗစ် – ၁၉ စတင်ဖြစ်ပွားစဉ်က အလုပ်လက်မဲ့နှုန်းထက် လေးဆနီးပါး မြင့်တက်နေဆဲဖြစ်သည်။ အလုပ်လက်မဲ့မြင့်တက်လာခြင်းကြောင့် အစိုးရက ခွဲဝေချထားသော အကူအညီများ ပြတ်တောက်သွားမည်ကို စိုးရိမ်နေရသည်။

အစိုးရသည် စီးပွားရေးဆက်လက်ရှင်သန်ရေးအတွက် သုံးထရီလီယံနီးပါးခွဲဝေ ချထားခဲ့ပြီးဖြစ်သည်။ ပြည်နယ်အစိုးရများသည်လည်း အခွန်ငွေလိုငွေပြမှုများနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် အလုပ်သမားများ လျှော့ချခြင်းနှင့် ဝန်ဆောင်မှုများ ဖြတ်တောက်ခြင်းတို့ ပြုလုပ်သွားဖွယ်ရှိသည်။

**ပီတီအိုင်**

# ဆက်လက်ရှိနေဦးမယ်ဆိုတဲ့ ဗိုင်းရပ်စ်နဲ့ ကာကွယ်ဆေး မျှော်လင့်ချက်

• • • • ခြူးစန္ဒီနွေး • • • •

**မေလ ဒုတိယပတ်အတွင်းမှာ ကိုဗစ်– ၁၉ နဲ့ပတ်သက်ပြီး စိတ်မချမ်းမြေ့ဖွယ်သတင်းတစ်ခု ကြားသိရပါတယ်။ အဲဒါကတော့ ကိုဗစ်– ၁၉ ဗိုင်းရပ်စ်ဟာ လူ့အသိုင်းအဝိုင်းကြားထဲက ပျောက်ကွယ်သွားမှာ မဟုတ်ဘူးဆိုတဲ့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးရဲ့ သတိပေးလိုက်တဲ့သတင်းပါပဲ။ ဒီအချိန်မှာပဲ ဥရောပသမဂ္ဂဆေး အေဂျင်စီကနေ မေ ၁၄ ရက်မှာ အကြံပြုလာပါတယ်။**

## ကာကွယ်ဆေး တစ်နှစ်အတွင်းရနိုင်

အဲဒါကတော့ ကိုဗစ် – ၁၉ အတွက် ကာကွယ်ဆေးဟာ တစ်နှစ်အတွင်း ဖြစ်နိုင်တယ်ဆိုတာပါပဲ။ ကိုဗစ်– ၁၉ ကြောင့် ကမ္ဘာအနှံ့ သေဆုံးသူအရေအတွက် ၃၀၀၀၀၀ နီးပါး ရှိလာတဲ့အခါ ကမ္ဘာ့လက်ရှိ ခေါင်းဆောင်တွေကို ခေါင်းဆောင်ဟောင်းတွေကပါ ကာကွယ်ဆေးနဲ့ ကုသဆေးကို လူတိုင်းနီးပါး အခမဲ့ရသင့်တယ်လို့ ခိုင်ခိုင်မာမာ ပြောဆိုလာကြပါတယ်။ ဒီကပ်ရောဂါဆိုးကြောင့် လူမှုစီးပွားဘဝမှာ ကသောင်းကနင်းတွေ ဖြစ်ကုန်ကြပြီး တချို့သော နိုင်ငံတွေကတော့ ပိတ်ဆို့ကန့်သတ်မှုတွေကို ဖြေလျှော့စပြုလာပါပြီ။ ကိုဗစ် – ၁၉ ကပ်ရောဂါ ဒုတိယအကြိမ် ပြန်လည်ရိုက်ခတ်လာမှာကို စိုးရိမ်နေမှုကြောင့် စီးပွားရေးလုပ်ငန်းအချို့ ပြိုလဲသွားရပြီး လူတွေလည်း အိမ်ထဲမှာပဲနေဖို့ ကန့်သတ်ခံထားရပါတယ်။

## လူတိုင်းမျှော်လင့်နေသောအရာ

အခုလိုအချိန်မျိုးမှာ ကိုဗစ် – ၁၉ ကပ်ရောဂါအတွက် ကာကွယ်ဆေး ပေါ်ထွက်လာဖို့က လူတိုင်းမျှော်လင့်နေတဲ့အရာဖြစ်ပြီး နိုင်ငံတိုင်းကလည်း သူ့ထက်ငါအရင်ဦးအောင် ထုတ်လုပ်နိုင်ဖို့အရေး အပြင်းအထန် ကြိုးစားနေကြပါတယ်။ ဥရောပမှာ ကာကွယ်ဆေး အမြန်ထုတ်နိုင်ရေး အပြင်းအထန် ကြိုးစားနေကြပြီး သုတေသနပြုလုပ်မှုတွေအရ ကာကွယ်ဆေးတစ်မျိုးကတော့ တစ်နှစ်အတွင်းမှာ ပေါ်ထွက်လာဖို့ ဖြစ်နိုင်ခြေရှိတယ်ဆိုပြီး ဥရောပဆေးအေဂျင်စီက ပြောခဲ့ပါတယ်။ ဥရောပဆေး အေဂျင်စီ ဇီဝဗေဒ ကျန်းမာရေးနှင့် ကာကွယ်ဆေးထုတ်လုပ်ရေး မဟာဗျူဟာမှ အကြီးအကဲဖြစ်သူ မက်ခရိုကာမယ်လာရီက ဆွေးနွေးပွဲမှာ အခုလို ပြောကြားခဲ့တာပဲ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း နှောင့်နှေးကြန့်ကြာမှုတွေလည်း ရှိလာနိုင်တယ်ဆိုတာ သိထားတယ်လို့ သူက ဆက်ပြောပါတယ်။

## နိုင်ငံအသီးသီးကို ဖြန့်ဝေသင့်

ကာကွယ်ဆေးပေါ်ထွက်လာရင်လည်း အဲဒီဆေးကို မူပိုင်ခွင့်နဲ့ ချုပ်ကိုင်မထားဘဲ နိုင်ငံအသီးသီးကို ဖြန့်ဝေသင့်တယ်ဆိုပြီး မေ ၁၄ ရက်က လက်မှတ်ထိုးတောင်းဆိုထားတဲ့နိုင်ငံ ၁၄၀ ရှိပါတယ်။ လုံခြုံစိတ်ချရမှုရှိပြီး အကျိုးသက်ရောက်မှုကောင်းတဲ့ ကာကွယ်ဆေး ပေါ်ထွက်လာတဲ့အခါ အစိုးရနဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေကြားမှာ စည်းလုံးညီညွတ်မှုတွေ ရှိရပါမယ်။ ဒါမှသာ ကာကွယ်ဆေးထွက်လာတဲ့အခါ အရှိန်အဟုန်နဲ့ ထုတ်လုပ်နိုင်ပြီး နိုင်ငံတိုင်း နိုင်ငံတိုင်းက ပြည်သူတွေ ဆေးကိုအခမဲ့ ရရှိနိုင်မှာ ဖြစ်ပါတယ်။

## အပြည့်အဝပြန်မဖွင့်နိုင်သေး

နိုင်ငံတွေမှာ ပိတ်ဆို့ကန့်သတ်မှုတွေကို ဖြေလျှော့မှုတွေ လုပ်ဆောင်နေပေမယ့် ကာကွယ်ဆေးမပေါ်သေးတဲ့အတွက် အပြည့်အဝ ပြန်ဖွင့်ခွင့် မပေးနိုင်သေးပါဘူး။ အလားတူပါပဲ။ စီးပွားရေးလုပ်ငန်းတွေလည်း ပြန်စလို့မရတဲ့အတွက် စီးပွားရေးကျဆင်းမှုဒဏ်ကို ခါးခါးသီးသီး ခံစားရပြီး လူသန်းနဲ့ချီ အလုပ်လက်မဲ့ ဖြစ်လာရပါတယ်။ ဒါပေမယ့်လည်း ကိုဗစ်– ၁၉ ဟာ ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ဘူးလို့ မေ ၁၃ ရက်မှာတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောခဲ့ပါတယ်။

## ကုလသမဂ္ဂက သတိပေး

ကိုဗစ် – ၁၉ ကပ်ရောဂါဟာ ဖြစ်ပွားလေ့ရှိတဲ့ ကပ်ရောဂါအသွင်နဲ့ ဆက်လက်တည်ရှိနေဦးမယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အရေးပေါ်ကိစ္စရပ်များဆိုင်ရာ ညွှန်ကြားရေးမှူး မိုက်ကယ်ရိုင်ယန်က ပြောကြားခဲ့ပါတယ်။ အိတ်ချ်အိုင်ဗွီ ရောဂါဟာလည်း ကမ္ဘာပေါ်ကနေ ပျောက်ကွယ်မသွားသေးပါဘူး။ ပျောက်ကွယ်မသွားသေးပေမယ့်လည်း လူသားတွေအနေနဲ့ အဆင်ပြေပြေနေနိုင်အောင်တော့ လုပ်ဆောင်ထားနိုင်ပါပြီ။ အခု ကိုဗစ်– ၁၉ ကပ်ရောဂါမှာလည်း စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ထိခိုက်တာကြောင့် စိတ်ပိုင်းဆိုင်ရာမှာရော ဘယ်လိုဝေဒနာခံစားရသလဲ ဆိုတာကို ချက်ချင်းအရေးယူဆောင်ရွက်ပေးဖို့ ကုလသမဂ္ဂက သတိပေးခဲ့ပါတယ်။

## ဟန်ချက်ညီအောင် လုပ်ဆောင်နေ

နိုင်ငံတိုင်းက အစိုးရတွေအနေနဲ့လည်း ဒီကပ်ရောဂါဆိုးကို နှိမ်နင်းရမှာလား၊ စီးပွားရေး ဆက်လက်ရှင်သန်ဖို့အတွက်တွေးပြီး ဆောင်ရွက်ရမလားဆိုတဲ့ အချက်နှစ်ချက်ကြား ဟန်ချက်ညီအောင် လုပ်ဆောင်နေရပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကတော့ ကိုဗစ် – ၁၉ နဲ့ ပတ်သက်လာရင် တရုတ်နိုင်ငံကို အပြစ်ဖို့နေတုန်းပါပဲ။ အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာပေါ်မှာ ကိုဗစ်– ၁၉ ကြောင့် အထိခိုက်ရဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး လူပေါင်း ၈၅၀၀၀ ကျော် သေဆုံးခဲ့ရပြီး ဖြစ်ပါတယ်။ ဒီရောဂါဟာ ထိန်းချုပ်လို့မရအောင်ကိုဘဲ အမေရိကန်မှာ ကူးစက်ပျံ့နှံ့ခဲ့ပါတယ်။ ကိုဗစ် – ၁၉ အတွက် သတိထားရှောင်ကြဉ်ရမယ့် ကိစ္စရပ်တွေ တင်ပြတောင်းဆိုတုန်းကတော့ အမေရိကန်သမ္မတထရမ့်ဟာ မလိုအပ်တဲ့အရာတွေဆိုပြီး ပယ်ချခဲ့တယ်လို့ ကူးစက်ရောဂါဆိုင်ရာ ကျွမ်းကျင်ပညာရှင် အန်သိုနီဖျူစီက ပြောပါတယ်။ ကျန်းမာရေးနဲ့ စီးပွားရေးကြား ဘယ်အရာက ပိုပြီးအထိနာမလဲဆိုတဲ့ အချက်နှစ်ချက်ကြား လွန်ဆွဲမှုတွေ ရှိနေပါတယ်။

## ဒေဝါလီခံမှုတွေ ပေါ်ပေါက်လာနိုင်

ဒေဝါလီခံရမှုတွေ အစုလိုက်အပြုံလိုက် ဖြစ်ပေါ်လာနိုင်တယ်လို့ အမေရိကန်နိုင်ငံ ဗဟိုဘဏ်စနစ်မှ အကြီးအကဲဖြစ်သူ ဂျေးပေါဝဲလ်က သတိပေးခဲ့ပါတယ်။ ကိုဗစ်– ၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့အာမခံလုပ်ငန်းရဲ့ ၂၀၃ ဘီလီယံနီးပါး ကုန်ကျလိမ့်မယ်လို့ ခန့်မှန်းမှုတွေ ထွက်ပေါ်ခဲ့တဲ့အတွက် နောက်ထပ် စီးပွားရေးထိခိုက်ဦးမယ့် အခြေအနေတွေ ရှိနေပါသေးတယ်။



ပြင်သစ်နိုင်ငံတွင် ပိတ်ဆို့ကန့်သတ်မှုများ ဖြေလျှော့ပေးပြီးနောက် လှုပ်ရှားသွားလာနေကြသူများကို တွေ့ရစဉ်။

**“လုံခြုံစိတ်ချရမှုရှိပြီး အကျိုးသက်ရောက်မှုကောင်းတဲ့ ကာကွယ်ဆေး ပေါ်ထွက်လာတဲ့အခါ အစိုးရနဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေကြားမှာ စည်းလုံးညီညွတ်မှုတွေ ရှိရပါမယ်။ ဒါမှသာ ကာကွယ်ဆေးထွက်လာတဲ့အခါ အရှိန်အဟုန်နဲ့ ထုတ်လုပ်နိုင်ပြီး နိုင်ငံတိုင်း နိုင်ငံတိုင်းက ပြည်သူတွေ ဆေးကိုအခမဲ့ ရရှိနိုင်မှာဖြစ်”**

## ဩစတြေးလျ၏ အလုပ်လက်မဲ့ပမာဏ

ဩစတြေးလျနိုင်ငံမှာတော့ ဧပြီလကစပြီး အသွားအလာ ကန့်သတ်ပိတ်ဆို့မှု လုပ်လိုက်ပြီးတဲ့နောက် လူပေါင်း ၆၀၀၀၀၀ အလုပ်လက်မဲ့ ဖြစ်သွားရတယ်လို့ စာရင်းဇယားတွေမှာ ဖော်ပြထားပါတယ်။ ဝန်ကြီးချုပ် စကောက်မော်ရစ်ဆင်ကတော့ ဒီပမာဏဟာ လုံးဝကိုအံ့အားသင့်စေတဲ့နှုန်းပဲလို့ ပြောခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ တတိယစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံ မှာတော့ တိုကျိုနဲ့ အိုဆာကာကလွဲရင် နိုင်ငံရဲ့နေရာအတော်များများမှာ နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေ ကြေညာထားမှုကို ရုပ်သိမ်းပေးခဲ့ပါတယ်။ ပြင်သစ်နိုင်ငံမှာတော့ ကမ်းခြေအချို့ကို ပြန်ဖွင့်ပေးခဲ့ပြီး ဖင်လန်နိုင်ငံမှာတော့ စာသင်ကျောင်းတွေကို ပြန်ဖွင့်လိုက်ပါပြီ။ အင်္ဂလန်မှာလည်း လူတွေအိမ်ကနေ လွတ်လွတ်လပ်လပ် သွားလာခွင့်ရထားပါတယ်။

## လက်တင်အမေရိကမှာ ကူးစက်မှုမြင့်

လက်တင်အမေရိကမှာတော့ အခြေအနေ မကောင်းလှပါဘူး။ ကူးစက်နှုန်းဟာ မြင့်တက်နေပါတယ်။ ချီလီမြို့တော် ဆန်တီယာဂိုမှာ ၆၀ ရာခိုင်နှုန်း ကူးစက်ခံထားရတဲ့အတွက် အာဏာပိုင်တွေက မြို့တစ်ခုလုံးကို ပိတ်ဆို့ကန့်သတ်ထားလိုက်ပါပြီ။ အာဂျင်တီးနားမှာဆိုရင်လည်း လူဦးရေ အထူထပ်ဆုံးမြို့ဖြစ်တဲ့ ဗျူနိုအေရိစ်မှာ ကူးစက်မှုတွေ မြင့်တက်မလာဖို့ အရေး စောင့်ကြည့်မှုတွေ ပြုလုပ်နေပါတယ်။ အခုလက်ရှိ အခြေအနေမှာတော့ ကာကွယ်ဆေးနဲ့ အလှမ်းဝေးနေပါသေးတယ်။ ကာကွယ်ဆေး မပေါ်ထွက်လာမီကာလအတွင်းမှာ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ပြည်သူလူထုရဲ့ နေ့စဉ်လှုပ်ရှားမှုဘဝ မပျက်ပြားရအောင်၊ စီးပွားရေးလုံးဝမပြိုလဲသွားအောင် ဘယ်လိုပုံစံမျိုးနဲ့ ရုန်းကန်ကြမလဲဆိုတာကတော့ စိတ်ဝင်စားစရာကောင်းတဲ့ အချက်ဖြစ်လာမှာပါ။ ။

**ကိုးကား– အေအက်ဖ်ပီ**

# နိုင်ငံတကာသတင်းတိုထွာ

## မက္ကဆီကိုနိုင်ငံတွင် တစ်ရက်တာအတွင်း ၂၄၀၉ ဦးအထိ ကိုဗစ်- ၁၉ ကူးစက်ခံရ

**မက္ကဆီကိုစီးတီး မေ ၁၅**

မက္ကဆီကိုနိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း လူပေါင်း ၂၄၀၉ ဦး ထပ်မံကူးစက်ခံရသည်ဟု မေ ၁၄ ရက်တွင် ဖော်ပြခဲ့သည်။ ယင်းကူးစက်ခံရမှုပမာဏသည် မက္ကဆီကိုတွင် ရောဂါစတင်ကူးစက်ပျံ့နှံ့ချိန်မှစတင်ကာ တစ်နေ့အတွင်း ကူးစက်မှုအမြင့်ဆုံးပမာဏလည်း ဖြစ်သည်ဟု မက္ကဆီကို ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

နောက်ထပ်ကူးစက်ခံရသူများ ထပ်ပေါင်းလျှင် မက္ကဆီကိုနိုင်ငံ၌ ကူးစက်ခံရသူပေါင်း ၄၂၅၉၅ ဦး ရှိသွားပြီဖြစ်ပြီး သေဆုံးသူမှာ ၄၄၇၇ ဦး ရှိသည်။ မေ ၁၈ ရက်မှစတင်ကာ မက္ကဆီကိုနိုင်ငံတွင် ပိတ်ဆို့ကန့်သတ်မှုများကို အဆင့်သုံးဆင့်ဖြင့် ဖြေလျှော့ပေးသွားမည်ဟု ကြေညာခဲ့သည်။ ထို့ကြောင့် မက္ကဆီကိုနိုင်ငံတွင် မေ ၁၈ ရက်မှစတင်ကာ စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ခွင့်ရရှိမည်ဖြစ်သည်။ ကူးစက်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် ဧပြီ ၁၆ ရက်တွင် မက္ကဆီကိုအစိုးရက နိုင်ငံတစ်ဝန်း ပိတ်ဆို့ကန့်သတ်မှုများကို မေ ၃၀ ရက်မတိုင်ခင်အထိ ရက်တိုးမြှင့်လိုက်ကြောင်း ကြေညာခဲ့သည်။

**ဆင်ဟွာ**

## ကိုဗစ် –၁၉ ကပ်ရောဂါ အာဖရိက ၅၄ နိုင်ငံသို့ ပျံ့နှံ့သွားပြီဖြစ်

**မက်ဆာရူ မေ ၁၅**

လီဆိုသို နိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူလူနာကို ပထမဆုံးတွေ့ရှိပြီးနောက် ယင်းရောဂါသည် အာဖရိက ၅၄ နိုင်ငံသို့ ပျံ့နှံ့သွားပြီဖြစ်သည်။ အာဖရိကနိုင်ငံများတွင် ကိုဗစ်– ၁၉ ပထမဆုံး တွေ့ရှိရသည့်နိုင်ငံမှာ အီဂျစ်နိုင်ငံဖြစ်ပြီး ဖေဖော်ဝါရီလအတွင်း စတင်ကာ ကူးစက်ခံရခြင်းဖြစ်သည်။ အာဖရိကသမဂ္ဂ၏ ဖော်ပြချက်အရ လူပေါင်း ၇၃၁၇၆ ဦး ကူးစက်ခံထားရပြီး လူပေါင်း ၂၄၉၆ ဦးမှာ သေဆုံးခဲ့ရပြီဟု သိရသည်။

မေ ၁၃ ရက်က လီဆိုသိုတွင် ပထမဆုံးကူးစက်လူနာကို တွေ့ရှိခဲ့ပြီး ဆော်ဒီအာရေဗျနှင့် အိမ်နီးချင်း အာဖရိကနိုင်ငံများမှ ပြန်လာသူများကို ကူးစက်ခံထားရခြင်း ရှိ မရှိ စစ်ဆေးခဲ့ကြသည်။ လီဆိုသိုနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုမှာ ကောင်းမွန်ခြင်း မရှိပေ။ ကိုဗစ်– ၁၉ တိုက်ဖျက်ရေးအတွက် လုံလောက်မှုမရှိသည့် နေရာများလည်းရှိနေသေးသည်။ အဓိကလိုအပ်ချက်မှာ ရောဂါကာကွယ်ရေးအတွက် လက်ဆေးရန် ရေလုံလောက်မှုမရှိခြင်းပင်ဖြစ်သည်။

အာဖရိကတွင် လုံလောက်သည့် ကာကွယ်ရေးမျိုး မလုပ်ဆောင်ပါက ပထမတစ်နှစ်အတွင်းပင် လူပေါင်း ၁၉၀၀၀၀ ခန့် သေဆုံးနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ အာဖရိကဒေသဆိုင်ရာ ညွှန်ကြားရေးမှူးက မေလအစောပိုင်းတွင် သတိပေးပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁၅-၅-၂၀၂၀) ရက်နေ့၌ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမ အသုတ်နှင့် ဒုတိယ အသုတ်စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၇၉) ခုနှင့် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၄၈) ခု၊ စုစုပေါင်း (၄၂၇) ခုတွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ (၁၈၁) ဦးရှိပါသည်။

၃။ (၁၅-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case)များ၏ ဓာတ်ခွဲနမူနာများတွင် (၂)ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၅)ဦး (Case- 65, 67, 115, 116, 117) ရှိခဲ့သဖြင့် စုစုပေါင်း (၈၉) ဦးရှိပြီး ၎င်းတို့အနက် (၇၄) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ကန့်သတ်၍ ဆက်လက်စောင့်ကြပ် ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၄-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၅-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၀) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၅-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ်နှင့် ဒုတိယအသုတ်ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၉) ခု |
| (၁၅-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၁၈၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၅) ဦး | (၈၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ဆောင်ရွက်ထားရှိမှုများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ လာရောက်ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၁၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီး ဌာနတို့ ပူပေါင်းပါဝင်သည့် ကျန်းမာရေး စံသတ်မှတ်ချက်အရ စက်ရုံ၊ အလုပ်ရုံများစစ်ဆေးမှု ကြီးကြပ်ရေးနှင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲက အောင်မြေသာစံမြို့နယ် ၈၂ လမ်းနှင့် ၈၃ လမ်းကြား၊ လမ်း ၂၀ နှင့် ၂၁ လမ်းကြားရှိ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)၏ ရုံးခန်းများနှင့် ပုံနှိပ်စက်ခန်းအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီး ထိန်းချုပ်ရေး အတွက် ကျန်းမာရေး စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် လုပ်ငန်းခွင်အတွင်း ရောဂါကာကွယ်တားဆီးရေးအတွက် အသိပညာပေးစာတမ်းပါ ဗီနိုင်းများ ချိတ်ဆွဲထားရှိမှု၊ နှာခေါင်းစည်းနှင့် မျက်နှာအကာအရံပစ္စည်းများ တပ်ဆင်မှု၊ လက်သန့်ဆေးရည်၊ လက်ဆေးကန်များထားရှိမှု၊ လက်အိတ်စွပ်ခြင်း၊ အဖျားတိုင်းတာခြင်းရှိ၊ မရှိနှင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ၍ လုပ်ငန်းများ ဆောင်ရွက်ရန်ထားရှိမှု စသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

"ကျွန်တော်တို့အဖွဲ့က စက်ရုံ၊ အလုပ်ရုံတွေကို လိုက်လံစစ်ဆေးတဲ့ အခါမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မရှိစေရေးအတွက် သတ်မှတ်ထားတဲ့ ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက် ကိုးချက်ကိုက်ညီစေဖို့ အဓိကစစ်ဆေးပါတယ်။ စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ အေ၊ ဘီ၊ စီ အဆင့်တွေ သတ်မှတ်ပြီး တိုင်းဒေသကြီးအဆင့်ကို တင်ပြပေးတာ ဖြစ်ပါတယ် "ဟု အောင်မြေသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ဇော်မြင့် (ရောဂါနှိမ်နင်းရေးဌာန)က ပြောသည်။



အဆိုပါအဖွဲ့က လာရောက်ကြည့်ရှုစစ်ဆေးရာတွင် ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) မှ တာဝန်ခံစာတည်းမှူး ဦးသန်းဦးနှင့် လက်ထောက်မန်နေဂျာ (ပုံနှိပ်) ဦးအောင်နိုင်စိုးတို့က ပုံနှိပ်စက်ခန်း လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါကာကွယ် တားဆီးရေးအတွက် ကျန်းမာရေးသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိပြီးစီးမှု အခြေအနေများအား လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**




## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန(ရန်ကုန်)သို့ နှာခေါင်းစည်း ၅၀၀၀၀ လှူဒါန်း

**ရန်ကုန် မေ ၁၅**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် အထောက်အကူဖြစ်စေမည့် နှာခေါင်းစည်း ၅၀၀၀၀ ကို မေ ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်ရေးမြှင့်တင်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်လှူဒါန်းပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Economic & Commercial Counsellor Mr. Tan Shufu ၊ မြန်မာထူးစံကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးမင်းမင်းလတ်၊ မန်နေဂျာ ဦးဟန်လင်းအောင်နှင့် Forland ကားကုမ္ပဏီတို့ပူးပေါင်း၍ နှာခေါင်းစည်း ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်ရေးမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ကိုဗစ်–၁၉ကာလတွင် Forland ကားကိုအသုံးပြုနေသော သုံးစွဲသူများအား တိုင်းဒေသကြီးနှင့်ပြည်နယ်တို့ရှိ ယင်းတို့၏နေအိမ်များသို့ နှာခေါင်းစည်းများကို Forland ကားကုမ္ပဏီမှ မြန်မာထူးစံကုမ္ပဏီနှင့် ပူးပေါင်း၍ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း/ဓာတ်ပုံ – သစ္စာ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၅** – နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နေသောကာလအတွင်း လျှပ်စစ်ဓာတ်အားခ ၁၅၀ ယူနစ် ကင်းလွတ်ခွင့်ပေးမှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် မေ ၁၅**

Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်ထိန်းချုပ်နေသော ကာလအတွင်း ၂၀၂၀ ပြည့်နှစ် ဧပြီလအတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အား သုံးစွဲမှု ၁၅၀ ယူနစ်အထိကို ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်(အခမဲ့) ကင်းလွတ်ခွင့်ပေးမှုနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန နေပြည်တော်၌ ယနေ့မွန်းလွဲ ၃ နာရီတွင် ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန်(လျှပ်စစ်) ဦးစိုးမြင့်က ရှင်းလင်း ပြောကြားသည်။

သတင်းစာရှင်းလင်းပွဲ၌ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် အရေးကြီး ကာလအတွင်း လျှပ်စစ်ဓာတ်အားခ ၁၅၀ ယူနစ် လျှော့ချပေးခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနမှ ဧပြီ ၇ ရက်တွင် ပြည်သူသို့ အသိပေး တင်ပြချက်ထုတ်ပြန်ခဲ့မှု အခြေအနေများ၊ နွေရာသီကာလအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုအခြေ အနေများ၊ ဓာတ်အားခကောက်ယူမှုစနစ်များ၊ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်နေသော ကာလအတွင်း ဓာတ်အားခွဲရုံနှင့် ဓာတ်အားပေးစက်ရုံများရှိ လျှပ်စစ် ဝန်ထမ်းများမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်မှုအခြေအနေများ၊ အနာဂတ်ကာလ လျှပ်စစ် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမည့် အခြေအနေများနှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းချက်များကို ရှင်းလင်း ဖြေကြားသည်။

အဆိုပါအခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနမှ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ တာဝန် ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သတင်းမီဒီယာ သမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကိုဗစ် -၁၉ ရောဂါကာကွယ်ထိန်းချုပ်နေသောကာလအတွင်း လျှပ်စစ်ဓာတ်အားခ ၁၅၀ ယူနစ်ကင်းလွတ်ခွင့်ပေးမှု နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ သတင်းစဉ်



# မြန်မာ့ရွှေသရဖူဆောက်လုပ်ရေးနှင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ အလှူငွေနှင့် ကျန်းမာရေးသုံးပစ္စည်းများ လာရောက်ထောက်ပံ့လှူဒါန်း

ပဲခူး မေ ၁၅

**ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင် ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ညွှန်ခန်းမသို့ မေ ၁၅ ရက်က မြန်မာ့ရွှေသရဖူ ဆောက်လုပ်ရေး နှင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ အလှူငွေကျပ်သိန်း ၁၀၀ နှင့် မျက်နှာအကာ ၂၀၀၀ တို့ကို လာရောက် ထောက်ပံ့လှူဒါန်းသည်။** (အပေါ်ပုံ)

ရှေးဦးစွာ မြန်မာ့ရွှေသရဖူ ဆောက်လုပ်ရေးနှင့် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများ တွင် အသုံးပြုနိုင်ရေး ထောက်ပံ့ လှူဒါန်းရခြင်းကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ရွှေသရဖူ ဆောက်လုပ်ရေးနှင့် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက အလှူငွေကျပ်သိန်း ၁၀၀ နှင့် မျက်နှာအကာ ၂၀၀၀ တို့အား ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရ သည်။

အဆိုပါ မြန်မာ့ရွှေသရဖူ ဆောက်လုပ်ရေးနှင့် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်သည် ပဲခူးတိုင်း ဒေသကြီးအတွင်း ကဝမြို့နယ်နှင့် ရေတာရှည်မြို့နယ်များတွင် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကူညီ ဆောင်ရွက်ပေးလျက်ရှိသော ကုမ္ပဏီ တစ်ခုဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသ ကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ အစိုးရအဖွဲ့ အတွင်း ရေးမှူး ဦးခင်မောင်ဆန်း၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ဆွေ၊ မြန်မာ့ရွှေသရဖူဆောက်လုပ်ရေးနှင့် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၊ ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူ များ တက်ရောက်ခဲ့ကြောင်း သိရ သည်။

**တင်စိုး(ပဲခူး)**

# အသွားအလာကန့်သတ်သည့်နေရာများနှင့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လုပ်အားပေးဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများအတွက် ဆင့်ပွားသင်တန်း ဖွင့်လှစ်

**ရန်ကုန် မေ ၁၅**

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အသွားအလာကန့်သတ်သည့် နေရာ များတွင် လုပ်အားပေး ဆောင်ရွက် နေသည့် စေတနာ့ဝန်ထမ်းများနှင့် မြို့နယ်များတွင် ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လုပ်အားပေး ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများ အတွက် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်း ဒေသကြီး လူမှုဝန်ထမ်းရုံး၌ ပြုလုပ် သည်။ **(ယာပုံ)**



### အမှာစကားပြောကြား

ဆင့်ပွားသင်တန်း ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန် ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်း ဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံ လင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး သင်တန်းနည်းပြများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက " မေ ၁၆ ရက်နဲ့ ၁၇ ရက်နေ့တွေမှာ လှိုင်သာယာနဲ့ တာမွေ မြို့နယ်တွေကို နှစ်ရက်ဆက်တိုက် ကျန်းမာရေး စစ်ဆေးမှုတွေ ဆောင် ရွက်သွားမယ်။ စစ်မယ့်အဖွဲ့တွေက တစ်ဖွဲ့မှာ ကျန်းမာရေးဝန်ထမ်း နှစ်ယောက်၊ စေတနာ့ဝန်ထမ်း နှစ်ယောက်နဲ့ သက်ဆိုင်ရာ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေပါမယ်။ ကျန်းမာ ရေးဝန်ထမ်းတွေ ဆိုရင်တော့ သင်တန်းပေးစရာမလိုဘူး။လုပ်အားပေး စေတနာ့ဝန်ထမ်းတွေ၊ ရာအိမ်မှူး တွေ၊ ဆယ်အိမ်မှူးတွေကတော့ သင်တန်းပေးဖို့လိုတယ်။ လိုတဲ့အခါ ကျတော့ ဒီလိုမျိုးသင်တန်းတွေပေးရ တယ်။ ဒီနေ့ လူမှုဝန်ထမ်းရုံးမှာတော့ မနက်က လူဦးရေ ၃၀၊ နေ့လယ်မှာ လူဦးရေ ၃၀ ကို သင်တန်းပေးတာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းမှာဆိုရင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းတွေမှာ လုပ်အားပေးဖို့ စာရင်းပေးထားတဲ့ စေတနာ့ဝန်ထမ်း ဦးရေ ၅၀၀၀ ကျော်ရှိပါတယ်။ ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်း တွေမှာ ပြည်သူလူထု ပူးပေါင်း ဆောင်ရွက်တာ အတော်အားရပါ တယ်။ ပိုပြီး ညီညီညွတ်ညွတ်နဲ့ လုပ်လာတာတွေရှိတယ်။ အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကျော်လွှား နိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

ဆင့်ပွားသင်တန်းတွင် Communication ဆက်သွယ်ပြောဆိုမှု ဆိုင်ရာ၊ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုး ခြင်း၊ မိမိကိုယ်ကိုယ်ရောဂါကာကွယ် နည်းလမ်းများ၊ PPE လက်တွေ့ အသုံးပြုပုံနှင့် အမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးတို့ကို ပို့ချ သွားမည်ဖြစ်ကြောင်း သိရသည်။

### ဆင့်ပွားသင်တန်း ပေးသွားမည်

မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဒေါက်တာဝဏ္ဏာထွန်းက "မြန်မာ နိုင်ငံ ဆရာဝန်အသင်းအနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ စေတနာ့ဝန်ထမ်း လုပ်အားပေး ဆရာဝန်တွေကနေ သင်တန်းတွေ ဖွင့်လှစ်ပြီး သင်ကြား ပေးလျက်ရှိပါတယ်။ ဆရာဝန် မဟုတ် တဲ့ စေတနာ့ဝန်ထမ်း လုပ်အားပေး တွေကို သင်တန်းပို့ချတာပါ။ စေတနာ့ ဝန်ထမ်း လုပ်အားပေးတွေကို သင်တန်းပို့ချပေးမယ့် ဆရာဝန်တွေ ကလည်း သင်တန်းတွေ တက်ထား ပြီး ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်တွေမှာလည်း ဒီနေ့ကစပြီး သင်တန်းတွေ ပေးနေပါတယ်။ ဒီမှာ တော့ အနောက်ပိုင်းခရိုင်အတွင်းမှာရှိ တဲ့ စေတနာ့ဝန်ထမ်းတွေကို သင်တန်း လာရောက်ပို့ချတာ ဖြစ်ပါတယ်။ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ ဝတ်နည်းတွေ သင်ကြားပေးပါတယ်။ ဒီအချိန်မှာ ပြည်သူလူထုက စိုးရိမ် ပူပန်မှုတွေရှိကြတယ်။ ကျန်းမာရေး သွားရောက်စစ်ဆေးတဲ့အခါ ပြည်သူ တွေရဲ့ စိုးရိမ်ပူပန်မှုကို အနှောင့် အယှက်မဖြစ်အောင်၊ စိုးရိမ်ပူပန်မှု လျော့ကျအောင် စေတနာ့ဝန်ထမ်း တွေကို နားလည်အောင်အထိ သင်ကြား ပေးမှာ ဖြစ်ပါတယ်။ နောက်ရက် တွေမှာ အသွားအလာကန့်သတ်သည့် နေရာတွေမှာ လုပ်အားပေးနေတဲ့ စေတနာ့ဝန်ထမ်း တွေကိုလည်း ဆင့်ပွားသင်တန်းတွေ ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့ ဖွင့်လှစ်သည့် ဆင့်ပွား သင်တန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန် ထားသော ကိုဗစ်-၁၉ ကပ်ရောဂါ ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ခဲ့ပြီး သင်တန်းတွင် ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ လှိုင် သာယာမြို့နယ်နှင့် တာမွေမြို့နယ် တို့မှ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လုပ်အားပေး ပါဝင်ဆောင်ရွက်ကြမည့် စေတနာ့ ဝန်ထမ်း ၃၀ ကို မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဆရာဝန်များ ကိုယ်တိုင် သင်တန်းပို့ချပေးခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**မင်းသစ်(MNA)**

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)တွင် ဆောင်ရွက်ထားရှိပြီးစီးမှု အခြေအနေများကို စစ်ဆေး

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၂) ရပ်ကွက် နတ်မောက်လမ်းသွယ်(၁)ရှိမြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)တွင် ယမန်နေ့ညနေပိုင်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အလုပ်ရုံ၊ အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ မြန်မာ့အလင်းသတင်းစာတိုက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။**(အောက်ပုံ)**

တာဝန်ထမ်းဆောင်နေကြသည့်လုပ်ငန်းခွင်အတွင်း လက်ဆေးကန်များထားရှိမှု၊ ကိုယ်အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာခြင်းရှိ၊ မရှိ၊ လက်အိပ်စွပ်ခြင်း၊ နှာခေါင်းစည်းတပ်ဆင်မှုနှင့် မျက်နှာအကာအကွယ်များ တပ်ဆင်မှု လုံလောက်မှုရှိ၊ မရှိကို လည်းကောင်း၊ ဝန်ထမ်းယာဉ်များပေါ်တွင် လက်သန့်ဆေးရည်၊ နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်များထားရှိပေးမှု အခြေအနေ၊ ဧည့်သည်များ လာရောက်ခြင်းနှင့် လုပ်ငန်းခွင်အတွင်း တစ်ဦးနှင့်တစ်ဦး နီးကပ်မှုမရှိစေရန် ဆောင်ရွက်ထားရှိမှု၊ သတင်းစာဖြန့်ချိသောနေရာ၊ ပုံနှိပ်စက်နှင့် လုပ်ငန်းခွင်ကြမ်းပြင်တို့၌ ပိုးမွှားများကပ်တွယ်မှုမရှိစေရန် ဆေးကြောသန့်စင်ခြင်း စသည့်ကျန်းမာရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာ၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) ရန်ကုန်တာဝန်ခံ ဦးလှရွှေ(ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်) မန်နေဂျာ ဦးဇော်မင်းနှင့် သတင်းထောက်ချုပ် ဦးမြင့်ဆွေတို့က လုပ်ငန်းခွင်အတွင်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိပြီးအခြေအနေတို့ကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သန်းထိုက် ၊ ဓာတ်ပုံ – သန်းစိုး**





## ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ချခံရပြီးသော မြန်မာနိုင်ငံသား ၁၂၀ အား ယနေ့တွင် မြဝတီချစ်ကြည်ရေးအမှတ် (၂) တံတားမှတစ်ဆင့် လာရောက်လွှဲပြောင်းပို့ဆောင်

**မြဝတီ မေ ၁၅**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံမှ မေ ၁ ရက်ကစပြီး လက်ခံခဲ့ရာ ယနေ့တွင် ထိုင်းနိုင်ငံ၌ ပြစ်ဒဏ်ချခံရပြီးသော မြန်မာနိုင်ငံသား ၁၂၀ အား ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် တတိယအကြိမ်အဖြစ် လာရောက်လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ မြဝတီခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မေ ၁ ရက်မှ စတင်လက်ခံခဲ့ရာ ယခုကဲ့သို့ ပြစ်ဒဏ်ကျခံရသူများအား လာရောက်လွှဲပြောင်းပေးခြင်းသည် တတိယအကြိမ် ဖြစ်သည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်တွင် ၆၀၊ မေ ၂ ရက်တွင် ၅၄ ဦး၊ မေ ၃ ရက်တွင် တစ်ဦး၊ မေ ၄ ရက်တွင် ၄၄ ဦး၊ မေ ၅ ရက်တွင် ၂၃ ဦး၊ မေ ၆ ရက်နှင့် မေ ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၈ ရက်တွင် ၁၀၀ ၊ မေ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက် တွင် ၁၃ ဦး၊ မေ ၁၂ ရက်တွင် ၄၁ ဦး၊ မေ ၁၃ ရက်တွင် ၁၆ ဦး၊ မေ ၁၄ ရက်တွင် ၃၈ ဦး၊ ယနေ့တွင် ၁၂၀ ပြန်လည်ဝင်ရောက်ခဲ့ကာ စုစုပေါင်း ၅၅၄ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ လာရောက်လွှဲပြောင်းသူများအနေဖြင့် ကချင်ပြည်နယ်မှ သုံးဦး၊ ကရင်ပြည်နယ်မှ ၁၈ ဦး၊ မွန်ပြည်နယ်မှ ၂၈ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ငါးဦး ၊ မန္တလေးတိုင်းဒေသကြီးမှ နှစ်ဦး၊ ရှမ်းပြည်နယ်မှ ၁၂ ဦး၊ တနင်္သာရီ တိုင်းဒေသကြီးမှ ၂၃ ဦး၊ ရခိုင်ပြည်နယ်မှ တစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ငါးဦး စုစုပေါင်းဦးရေ ၁၂၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသူများအား ကိုဗစ်–၁၉ ရောဂါအကြောင်း အသိပညာပေး လက်ကမ်းစာစောင်များကို မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စုစုသွယ်နှင့် ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ်တွင် အဝတ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း ဆောင်ရွက်

**မြောက်ဥက္ကလာပ မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အဝတ်နှာခေါင်းစည်းများကို ယမန်နေ့က (ဠ)ရပ်ကွက်အတွင်းရှိ ပြည်သူများနှင့် အနေးယာဉ်လုပ်သားများအား အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

အဆိုပါ အဝတ်နှာခေါင်းစည်းအခု ၂၀၀ ကို (ဠ) ရပ်ကွက် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်အိအိခိုင် ဦးဆောင်သောအဖွဲ့များက ရပ်ကွက်အတွင်းရှိ ပြည်သူများနှင့် အနေးယာဉ်လုပ်သားများကို ဖြန့်ဝေခဲ့သည်။

မြောက်ဥက္ကလာပမြို့နယ်တွင် မေ ၁၃ ရက်မှစတင်၍ နေအိမ်ပြင်ပသို့ ထွက်ခွာတိုင်း နှာခေါင်းစည်းများတပ်ဆင်ရန် အသိပေးကြေညာခဲ့ပြီး လိုက်နာခြင်းမရှိပါက ကူးစက်ရောဂါများ ကာကွယ်ရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြမြဝင်း(ပြန်/ဆက်)**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများ စာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## သံတောင်ကြီးမြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ နေအိမ်ပြင်ပသွားလာပါက နှာခေါင်းစည်းများ တပ်ဆင်ရန်အတွက် အသိပညာပေးဆောင်ရွက်

**သံတောင်ကြီး မေ ၁၅**

ကရင်ပြည်နယ် သံတောင်ကြီးမြို့တွင် ယနေ့နံနက်ပိုင်းက အမှတ်(၄) ရပ်ကွက်လမ်းဆုံတွင် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိဘဲ သွားလာနေသူများအား ဒဏ်ငွေကျပ် တစ်ထောင်နှင့် ညီမျှသော နှာခေါင်းစည်းများ ဝယ်ယူစေခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် သံတောင်ကြီးမြို့ ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ပြည်သူများအနေဖြင့် နေအိမ်ပြင်ပသို့သွားလာပါက နှာခေါင်းစည်းများ တပ်ဆင်ကြရန်အတွက် နေ့စဉ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သည့်အတွက် မေ ၁၀ ရက်မှစတင်ပြီး နှာခေါင်းစည်းများ တပ်ဆင်ခြင်းမပြုဘဲ သွားလာခြင်း၊ ဈေးရောင်းဈေးဝယ် ပြုလုပ်နေသူများ တွေ့ရှိပါက ဒဏ်ငွေ တစ်ထောင်ကျပ်နှင့် ညီမျှသော နှာခေါင်းစည်းများ ဝယ်ယူစေရေး ပြစ်ဒဏ်ချမှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လိုက်နာရန် ပျက်ကွက်ပါက ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါအသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ မြို့နယ်ဆရာဝန် ဒေါက်တာ စည်သူစန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကိုဗစ်–၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်တို့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စောမင်းသား(ပြန်/ဆက်)**



## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁၅**

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**



## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့် ကုန်သည်လုပ်ငန်းများတွင် ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ မေ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၊ အလုပ်ဌာနများနှင့် ကုန်သည်လုပ်ငန်းများတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော အကြံပြုချက်များနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်ခြင်း ရှိ / မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို မေ ၁၄ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်နှင့် လုပ်ငန်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များက သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများသည် ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာအုပ်စုအတွင်းရှိ ဆန်စက်၊ ဆီစက်၊ တွင်ခုံ၊ ကုန်သည်လုပ်ငန်းစသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသို့ သွားရောက်ပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ မြို့နယ်အတွင်း ပြည်သူများ ကိုဗစ်– ၁၉ ရောဂါ ကင်းဝေးစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော အကြံပြုချက်များနှင့်အညီ စက်ရုံ၊ အလုပ်ရုံများတွင် လူစုလူဝေး မဖြစ်ပေါ်စေရေးအတွက် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာနေရာများ စနစ်တကျ သတ်မှတ်စီစဉ်ဆောင်ရွက်ပေးမှု ရှိ/ မရှိ၊ လေဝင် လေထွက်ကောင်းမွန်မှု ရှိ/ မရှိ၊ ထမင်းစားခန်းနှင့် နားနေဆောင်များတွင် သန့်ရှင်းရေးကောင်းမွန်မှု ရှိ/ မရှိ နှင့် သတ်မှတ်အကွာအဝေးနေရာ ထိုင်ခင်းများ စီစဉ်ထားမှု ရှိ/ မရှိ၊ အလုပ်ရှင်နှင့် အလုပ်သမားများ အလုပ်လုပ်ကိုင်ရာတွင် နှာခေါင်းစည်း၊ လက်အိတ်နှင့် မျက်နှာအကာများ စနစ်တကျဝတ်ဆင်၍ လုပ်ကိုင်စေခြင်း ရှိ/ မရှိ၊ လက်ဆေးကန်နှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ကြိုတင်စီမံဆောင်ရွက်ထားမှု ရှိ/ မရှိ ၊ လိုအပ်ပါက အလုပ်သမားတစ်ဦးချင်းစီ၏ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်များ ပြုစုထားခြင်း ရှိ / မရှိစသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ စစ်ဆေးခြင်းပုံစံ အချက်ခုနစ်ချက်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းနှင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ကော်မတီဝင်များက သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသော စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အလုပ်ရုံလည်ပတ်ခွင့် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ပြီး(**အပေါ်ပုံ**) ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်များဖြင့် တရုတ်နိုင်ငံသို့ တစ်ပတ်လျှင် ဆန်အိတ်ရေ ရှစ်သောင်းခန့် တင်ပို့လျက်ရှိ

**မူဆယ်　မေ ၁၅**

ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်များဖြင့် တရုတ်နိုင်ငံသို့ တစ်ပတ်လျှင် ဆန်အိတ်ရေ ရှစ်သောင်းခန့် တင်ပို့လျက်ရှိကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက မေ ၁၄ ရက်တွင် ပြောသည်။

လက်ရှိ တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဆန်တင်ပို့ရာတွင် စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပေးသည့် ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ရှိသည့် လိုင်စင်အသစ်များဖြင့် ဆန်တင်ပို့နေပြီး ၅၀ ကီလို ဆန်တစ်အိတ်လျှင် ယွမ် ၁၃၅ မှ ၁၄၀ ကြား ရရှိကြောင်း ၎င်းကပြောသည်။

"လိုင်စင်အသစ်နဲ့ ဆန်တွေကတော့ သွားနေတယ်။ လိုင်စင်အသစ်နဲ့ ခုနစ်ရက်တစ်ပတ်ကို အိတ်ရေ ခုနစ်သောင်း၊ ရှစ်သောင်းလောက် ဝင်နေတယ်။ လိုင်စင်အသစ်ဆိုတော့ ၁၀၅ မိုင်ကို ဝင်ကတည်းက ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက် ပါတဲ့ဆန်တွေ ဖြစ်ပါတယ်"ဟု ဦးမင်းသိန်းက ပြောသည်။

ပြီးခဲ့သည့် ဧပြီ ၃ ရက်မှစ၍ တရုတ်နိုင်ငံသို့ မြန်မာ့ဆန်တင်ပို့ရာတွင် စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပေးသည့် ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ရရှိသည့် ဆန်များသာ တရုတ်ပြည်ထဲသို့ ဝင်ခွင့်ပြုကြောင်း၊ သို့ဖြစ်၍ မူဆယ်ဂိုဒေါင်များတွင် စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပေးသည့် ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက် မရရှိသည့် ဆန်အိတ် ငါးသောင်းခန့်နှင့် ကျယ်ဂေါင်တွင်လည်း စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပေးသည့် ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်မရရှိသည့် ဆန်အိတ် တစ်သိန်းခန့် ပိတ်မိလျက်ရှိသည်။

ထို့ကြောင့် မူဆယ်တွင် ပိတ်မိနေသော ဆန်များကို စိုက်ပျိုးရေးဦးစီးဌာနက စစ်ဆေးပေးနေပြီး ယခုတစ်ပတ်အတွင်းလက်မှတ်ရရှိ၍ ထုတ်ယူနိုင်မည်ဟု ခန့်မှန်းထားကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင်က သိရသည်။

သို့သော် ကျယ်ဂေါင်တွင် ပိတ်မိနေသော ဆန်များကိုမူ မူဆယ်သို့ပြန်လည်သယ်ယူ၍ ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ရရှိမှသာ ပြန်တင်ပို့ရနိုင်ကြောင်း သိရသည်။

"မူဆယ်က စစ်နေတာ မပြီးသေးဘူး။ ဒါပေမယ့် ကျယ်ဂေါင်က ဆန်တွေလည်း အခြားနိုင်ငံရောက်နေတော့ ဒီကသူတွေက သွားမစစ်နိုင်ဘူး။ မစစ်နိုင်တော့ ကျယ်ဂေါင်က ပစ္စည်းတွေ မူဆယ်ကို ပြန်သယ်ရမယ်လို့ ကြားနေတယ်။ ကျယ်ဂေါင်ကနေ ပြန်သယ်ရမယ်၊ စိုက်ပျိုးရေးဦးစီးဌာနက သူတို့ မစစ်ဆေးဘဲနဲ့ မပေးရဲဘူး၊ သူတို့ မူဆယ်ကို ပြန်သယ်ပြီးတော့ စစ်ဆေးပြီးမှပဲ ခိုင်ခိုင်မာမာ ဖြစ်စေချင်တယ်လို့ ပြောထားတယ်"ဟု ၎င်းက ထပ်မံပြောသည်။

ယခင်က မတ်လ ၃၁ ရက်အထိ တရုတ်နိုင်ငံသို့ မြန်မာ့ဆန်ကို တင်ပို့ရာတွင် မူဆယ် ၁၀၅ မိုင်ရှိ ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ဖြင့် သွား၍ရသော်လည်း ယခုအခါ စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပေးသည့် ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ရရှိသည့် ဆန်များသာ တရုတ်ပြည်ထဲသို့ ဝင်ခွင့်ပြုကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင်ထံက သိရသည်။

တရုတ်အစိုးရက မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ကွဲ တင်သွင်းရာတွင် နှစ်နိုင်ငံအကြီးအကဲများရှေ့၌ ချုပ်ဆိုထားသည့် စာချုပ်များအတိုင်း ဆန်နှင့် ဆန်ကွဲ စစ်ဆေးခြင်းနှင့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းစေရန် အချက် ၁၀ ချက်ပါ နှစ်နိုင်ငံသဘောတူညီစာချုပ်ကို လိုက်နာရမည်ဟု ဆိုသည်။

လက်ရှိ တရုတ်နိုင်ငံသို့ ရောင်းချသည့်ဆန်များသည် မေလအတွင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရန် ရည်မှန်းထားသော ဆန်တန်ချိန် ၅၀၀၀၀ အထဲမှ တင်ပို့နေခြင်းဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာလအတွင်း ပြည်ပတင်ပို့မည့် ဆန်နှင့် ဆန်ကွဲ ပို့ကုန်လိုင်စင်အတွက် လစဉ်ပင်လယ်ရေကြောင်းမှ တန်ချိန်တစ်သိန်းနှင့် နယ်စပ်လမ်းကြောင်းမှ တန်ချိန် ငါးသောင်းကို မေလတွင် စတင် တင်ပို့ရန် ထုတ်ပြန်ထားသည်။

**ငြိမ်းငြိမ်း**



ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် "မုဒိတာ" လူမှုကူညီရေး အသင်းတို့မှ မေ ၁၁ ရက်က ဆယ်အိမ်တန်းကျေးရွာအတွင်း သောက်ရေသန့်မရရှိသေးသော အိမ်ခြေ ၅၀ ခန့်ကို တစ်အိမ်လျှင် ဂါလန် ၂၀ နှုန်းဖြင့် စုစုပေါင်း ရေဂါလန် ၁၀၀၀ လှူဒါန်းစဉ်။

ရဲပြန်ကြား



## ဟုမ္မလင်းမြို့နယ်တွင် ရော်ဘာပင်အောက်စိုက်ပျိုးသည့် ကော်ဖီပင်များ အောင်မြင်ဖြစ်ထွန်း

**ဟုမ္မလင်း　မေ　၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် ရော်ဘာပင်အောက်စိုက်ပျိုးသည့် ကော်ဖီပင် ၇၅၀၀၀ စိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရော်ဘာပင်အောက်တွင် ကော်ဖီပင်စိုက်ပျိုးမှုပုံစံမှာ တန်းကြား ရှစ်ပေ၊ အပင်ကြား ငါးပေဖြင့် တစ်ဧကလျှင် ကော်ဖီပင် ၇၅၀ စိုက်ပျိုးလျက်ရှိရာ ဧက ၁၀၀ ခန့်ကို ကော်ဖီပင် စုစုပေါင်း ၇၅၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အလားတူ သီးနှံသစ်တော ရောနှောစိုက်ခင်းပြုလုပ်ရန် ယခုနှစ် မိုးရာသီတွင် သဘာဝသစ်တောအောက်၌ ကော်ဖီပင်များ စမ်းသပ်စိုက်ပျိုးမှုကို ဟုမ္မလင်းမြို့နယ် ကောယားကျေးရွာ၌ ဇွန်လတွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ ဦးမင်းမင်းဇော်က ပြောသည်။

ဟုမ္မလင်းမြို့နယ်၌ ကျေးရွာ အုပ်စု ၇၈ အုပ်စုရှိသည့်အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဟုမ္မလင်း မြို့နယ်ကော်ဖီစိုက်တောင်သူများကို မျိုးစေ့ရွေးချယ်သည့်အခါ မှန်ကန်မှုရှိစေရန် နည်းလမ်း၊ ကော်ဖီစိုက်နည်းစနစ်၊ ကော်ဖီပင်စောင့်ရှောက်နည်းစနစ်များကို တောင်သူများသိရှိ နားလည်စေရန် အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မွေးကြူဇင်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅-၅-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၂၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၂၀/၄၈၀ | ကျပ် | ၄၆၀/၄၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၃၀/၄၉၀ | ကျပ် | ၄၇၅/၄၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၃၀/၃၆၀ | ကျပ် | ၄၀၀/၄၁၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၇၀/၅၀၀ | ကျပ် | ၅၂၅/၅၅၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၅ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၅ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၉ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၈ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၂ . ၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၈ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၉ . ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၆၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၇ . ၁၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၇၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၇၅၁ | ၇၈၈၅၀၀၀ |
| MTSH | ၃၆၅၀ | ၃၆၅၀ | ၂၆၃၁ | ၉၆၀၄၁၅၀ |
| MCB | ၈၂၀၀ | ၈၃၀၀ | ၁၈၅ | ၁၅၁၈၈၀၀ |
| FPB | ၂၃၅၀၀ | ၂၄၀၀၀ | ၁၁၄၁ | ၂၇၀၅၉၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၃၅ | ၃၇၁၂၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - | ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပဲတီစိမ်းနှင့်နှမ်းသီးနှံများအတွက် သင့်လျော်သော ရေသွင်းနည်းစနစ် ရှာဖွေခြင်း သုတေသနဆောင်ရွက်

**နေပြည်တော် မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးသုတေသန ဗဟိုဌာန(RRC)က စိုက်ပျိုးတောင်သူများနှင့်အတူ ပူးပေါင်းကာ သုတေသနနှင့် နည်းပညာများရှာဖွေလျက်ရှိရာ အပြန်အလှန် အကျိုးပြုစေမည့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် ယင်းမာပင်မြို့နယ် ငါးမောင်းကျေးရွာ တောင်သူပိုင်စိုက်ခင်းတွင် ပဲတီစိမ်းနှင့်နှမ်းသီးနှံများအတွက် သင့်လျော်သော ရေသွင်းနည်းစနစ်ရှာဖွေခြင်းသုတေသန စမ်းသပ်ကွက်များကို ၂၀၂၀ပြည့်နှစ် မိုးကြိုရာသီသုတေသနအဖြစ် စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။ (ယာပုံ)

အဆိုပါ သုတေသနတွင် ရေဆင်း-၁၄ ပဲတီစိမ်းမျိုးနှင့် ဆင်းရတနာ -၁၄ နှမ်းမျိုးတို့ကို အသုံးပြုစိုက်ပျိုးထားပြီး စမ်းသပ်ချက်များအနေဖြင့် အစက်ချရေပေးသွင်းနည်းစနစ်၊ ရေမြှောင်းစနစ် ရေပေးသွင်းနည်းစနစ်နှင့် မြောင်းဖော်ရေပေးနည်းစနစ် (တောင်သူသမားရိုးကျနည်း)တို့ဖြင့် အကွက်ကျယ် သုတေသနပြု ဆောင်ရွက်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးသုတေသနဗဟိုဌာန (RRC)တာဝန်ခံ ဦးမြင့်စိုးထံက သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ဒေသခံတောင်သူတွေမှာ လိုအပ်နေတဲ့သုတေသနနဲ့ နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တောင်သူတွေပူးပေါင်းပါဝင်ပြီး စီမံအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းစိုက်ပျိုးထုတ်လုပ်မှုမြင့်မားစေဖို့နဲ့ တောင်သူတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဘက်ပေါင်းစုံ ပေါင်းစပ်ပါဝင်တဲ့နည်းစနစ်နဲ့ တောင်သူတွေရဲ့ပြဿနာတွေကို သုတေသနပညာရှင်များက လက်တွေ့ကွင်းဆင်းပြီး ဖြေရှင်းနိုင်ဖို့ သုတေသနနဲ့ နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ၎င်းကဆက်ပြောသည်။

အဆိုပါသုတေသနမှ ပဲတီစိမ်းနှင့် နှမ်းသီးနှံအတွက် စိုက်ပျိုးရေချွေတာနိုင်ပြီး စိုက်ပျိုးသီးနှံအတွက် အကျိုးရှိသော စိုက်ပျိုးနည်းစနစ်နှင့် ရေပေးသွင်းနည်းစနစ်များကို ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်သောကြောင့် ပဲတီစိမ်းနှင့် နှမ်းသီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် အကျိုးပြုမည့် သုတေသနဖြစ်ကြောင်း သိရသည်။ **သိန်**



# ပွင့်ဖြူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိ

**ပွင့်ဖြူ မေ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက လယ်ယာသုံး စက်ကိရိယာများဖြင့် လယ်ယာမြေများ ထွန်ယက်ပြုပြင်ခြင်း၊ သီးနှံစိုက်ပျိုးဆောင်ရွက်ပေးခြင်းနှင့် ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို တောင်သူအကျိုးပြု ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ယခု ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ပွင့်ဖြူမြို့နယ်စက်မှုလယ်ယာဦးစီးဌာနက မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ သီးနှံများ စိုက်ပျိုးရာတွင် သီးနှံအထွက်နှုန်းတိုးတက် ကောင်းမွန်စေရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းတွင် တွေ့ကြုံရသည့် လယ်ယာလုပ်သားရှားပါးမှုပြဿနာများ ပြေလျော့သက်သာစေရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ပြီး ဌာနအစီအစဉ်ဖြင့် မြို့နယ်အတွင်းရှိ တောင်သူများကို လယ်ထွန်စက်ကြီး ၁၃ စီး၊ ဒေါင်ဖန်းလက်တွန်းထွန်စက် ၃၁ စီးနှင့် စပါးရိတ်သိမ်းခြွေလှေ့စက်တစ်စီးတို့ကို လက်ငင်းစနစ်ဖြင့်လည်းကောင်း၊ အရစ်ကျစနစ်ဖြင့်လည်းကောင်း ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ယခု နွေစပါးသီးနှံ စိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများနှင့် ဆန်စပါးကုန်သည်များကို စပါးအခြောက်ခံခြင်းလုပ်ငန်း ဝန်ဆောင်မှုပေးနိုင်ရေးအတွက် တစ်ကြိမ်လျှင် စပါးတင်းရေ ၃၀၀၊ ၄၀၀အထိ ထည့်ပြီး အခြောက်ခံနိုင်သည့် စပါးအခြောက်ခံစက်ကိုလည်း အောင်မြင်စွာ တည်ဆောက်ပြီး သွားပြီဖြစ်၍ တောင်သူများနှင့် ဆန်စပါးကုန်သည်များအတွက် စပါးအလေအလွင့်နည်းပါးရေး ကူညီဖြေရှင်း ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

" ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အနေနဲ့ မြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံး စက်ကိရိယာများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် အခြား လယ်ယာမြေ အဆင့်မြှင့်တင်ထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများကို တောင်သူအကျိုးပြု ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါ့အပြင် တောင်သူတွေရဲ့ လိုအပ်ချက်အရ လယ်ယာမြေ စနစ်တကျဖော်ဆောင်ပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးပါတယ်။ အခုနှစ်မှာဆိုရင် တောင်သူအကျိုးပြု လယ်ယာမြေ အဆင့်မြှင့်တင် ထွန်ယက် ပြုပြင်ခြင်းလုပ်ငန်းအနေနဲ့ ဧက ၉၀၀၀ ကျော်ကို ပြုပြင်ဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း ယခုလာမည့် နွေစပါးရိတ်သိမ်းချိန်ကာလမှာ အချိန်မီ ရိတ်သိမ်းခြွေလှေ့ပေးနိုင်ရေးအတွက် အရေးပေါ်တုံ့ပြန်မှု အစီအစဉ်ဖြင့် စီစဉ်ထားရှိတဲ့ ရိတ်သိမ်းခြွေလှေ့ စက်ငါးစီး၊ ဌာနပိုင် ရိတ်သိမ်းခြွေလှေ့စက် ခုနစ်စီးတို့ကိုလည်း ကြိုတင်စီမံ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်"ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်စန်းက ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

**နေပြည်တော် မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးများ အလှည့်ကျ စိုက်ပျိုးရန် မြေသားပြုပြင်ခြင်း (Land Preparation)၊ တမန်းနိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွက်ရှိလာသော သီးနှံများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်(ပုသိမ်)၊ မြို့နယ် ၂၃ မြို့နယ်ရှိ အသင်းစုများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများပြုလုပ်ခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများက သင့်လျော်သည့် ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့်

| | | |
|---|---|---|
| အသင်းစုချုပ်(ပုသိမ်) | - ဒေါ်ကြူကြူမြိုင် (ဒါရိုက်တာအဖွဲ့ဝင်) | - ဖုန်း ၀၉-၇၉၅၀၈၇၄၄၀၊ |
| ပုသိမ် | - ဒေါ်သန်းသန်းလှ (တွဲဖက်အတွင်းရေးမှူး) | -၀၉-၂၅၀၄၃၈၈၇၃၊ |
| ကန်ကြီးထောင့် | - ဒေါ်သန်းသန်း (အုပ်ချုပ်မှုဒါရိုက်တာ) | -၀၄၂-၂၁၂၄၀ |
| သာပေါင်း | - ဦးမောင်မောင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ) | -၀၉-၂၅၀၄၄၆၇၁၁ |
| ငပုတော | - ဦးမောင်ပြုံး (အတွင်းရေးမှူး) | -၀၉-၂၅၀၉၉၅၆၁၀ |
| ကျုံပျော် | - ဒေါ်ယုယုခင် (အတွင်းရေးမှူး) | -၀၉-၂၅၀၅၈၈၈၄၄ |
| ကျောင်းကုန်း | - ဦးကိုဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) | -၀၉-၇၉၂၀၃၀၆၀၇ |
| ဟင်္သာတ | - ဒေါ်သန်းသန်းဌေး (မန်နေဂျာ) | -၀၄၄-၂၁၁၂၈ |
| ဇလွန် | - ဦးစောဝင်း(ဥက္ကဋ္ဌ) | -၀၉-၄၂၂၅၄၇၇၀၅ |
| လေးမျက်နှာ | - ဦးသန်းထိုက် (စာရေး-၁) | -၀၉-၂၅၀၁၁၉၄၉၄ |
| ကြံခင်း | - ဦးသိန်းဝင်း(ဥက္ကဋ္ဌ) | -၀၉-၄၅၅၃၅၉၉၃၈ |
| အင်္ဂပူ | - ဒေါ်ခင်မိုးသူ (အုပ်ချုပ်မှုဒါရိုက်တာ) | -၀၉-၄၂၁၁၅၁၄၂၅ |
| မြောင်းမြ | - ဒေါ်မြင့်မြင့်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) | -၀၉-၄၂၄၆၈၂၀၂ |
| အိမ်မဲ | - ဦးမင်းမင်းစိုး (အမှုဆောင်အဖွဲ့ဝင်) | -၀၉-၇၆၇၁၇၅၅၉၄ |
| ဝါးခယ်မ | - ဦးခင်စိုး (အတွင်းရေးမှူး) | -၀၉-၉၆၁၉၄၅၇၄၁ |
| လပွတ္တာ | - ဦးအောင်မိုး (မန်နေဂျာ) | -၀၉-၂၅၄၂၉၉၅၆၃ |
| မော်လမြိုင်ကျွန်း | - ဦးကျော်ကျော်(ဥက္ကဋ္ဌ) | -၀၉-၆၇၁၁၂၀၆၆ |
| မအူပင် | - ဦးသန်းလွင် (အတွင်းရေးမှူး) | -၀၉-၄၂၈၆၀၂၅၇၁ |
| ပန်းတနော် | - ဦးလူရွှေ(ဥက္ကဋ္ဌ) | -၀၉-၄၂၄၅၆၄၃၈ |
| ညောင်တုန်း | - ဒေါ်ဝင်းပပစိုး (ငယ်/ရေး) | -၀၉-၇၉၁၈၀၈၅၁၅ |
| ဓနုဖြူ | - ဦးခင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) | -၀၉-၇၇၈၄၄၉၃၃၄ |
| ဖျာပုံ | - ဦးမျိုးအောင် (အတွင်းရေးမှူး) | -၀၉-၄၂၄၈၅၅၅၄ |
| ဒေးဒရဲ | - ဦးသက်ဝေလင်း (စာရင်းကိုင်) | -၀၉-၄၅၄၁၆၉၁၇၇ |

တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

## ဇန်းမော်မြို့နယ်အတွင်း ရေဝတီမြစ်အနောက်ဘက်ရှိ ကျေးရွာ ၁၈ ရွာကို သွားလာရေးလွယ်ကူစေမည့် ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ပြီးစီး

ဇန်းမော် မေ ၁၅

ကချင်ပြည်နယ် ဇန်းမော်မြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ရန်ပုံငွေနှင့် ပြည်ထောင်စုရန်ပုံငွေများဖြင့် ဇန်းမော်မြို့နယ်အတွင်းရှိ နတ်ခုတ်-ဖူးတောင်း-ကျောက်အိုက်-နောင်မို-အောင်သာယာ-မံမလင်း ကျေးရွာချင်းဆက်မြေသားလမ်း အရှည် ၁၇ မိုင် ၆ ဖာလုံကို မေလ ဒုတိယပတ်အတွင်းက ဖောက်လုပ်ပြီးစီးသွားပြီဖြစ်၍ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၈ ရွာမှ ဒေသခံပြည်သူများအတွက် ခရီးသွားလာရေး လွယ်ကူချောမွေ့သွားပြီဖြစ်ကြောင်း ဇန်းမော်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လပတ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၆၇ ဒသမ ၃၆ သန်းဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ဇန်းမော်မြို့နယ် အတွင်းရှိ နတ်ခုတ်-ဖူးတောင်း-ကျောက်အိုက်-နောင်မို-အောင်သာယာ-မံမလင်း ကျေးရွာချင်းဆက်မြေသားလမ်းပိုင်းမှ လမ်းအရှည် နှစ်မိုင်ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၁၀၁ ဒသမ ၀၄ သန်းဖြင့် မြေသားလမ်း အရှည် သုံးမိုင်ကို ထပ်မံဆောင်ရွက်ခဲ့ပြီးနောက် ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၅၄၆ ဒသမ ၃ သန်းဖြင့် မြေသားလမ်း ၁၂ မိုင် ၆ ဖာလုံကို ထပ်မံဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကျေးရွာ ၁၈ ရွာက ပြည်သူတွေအနေနဲ့ ဇန်းမော်ကိုလာမယ်ဆိုရင် ရေဝတီမြစ်ကူးတံတား မရှိတဲ့အတွက် အခက်အခဲတွေ ရှိနေတာပေါ့လေ၊ ရေကြောင်းကပဲ သွားလာနေရတယ်၊ ဒါကြောင့် စင်းခန်းမြစ်ကူးတံတားကို ဖြတ်နိုင်ဖို့အတွက် စင်းခန်းဘက်ကနေ လမ်းအသစ်တစ်လမ်းလိုအပ်လို့ ဖောက်လုပ်ပေးခြင်းဖြစ်ပါတယ်"ဟု ဇန်းမော်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောသည်။

ယခုအခါ အဆိုပါ ကျေးရွာချင်းဆက်လမ်း အရှည် ၁၇ မိုင် ၆ ဖာလုံတွင် လုပ်ငန်းအားလုံး ပြီးစီးသွားပြီဖြစ်သဖြင့် ယင်းလမ်းနှင့် ဆက်စပ်လျက်ရှိသည့် ကျေးရွာ ၁၈ ရွာမှ အိမ်ထောင်စုပေါင်း ၁၆၉၄ စု၊ လူဦးရေ ၁၀၅၀၀ ခန့်၏ လူမှုဘဝနှင့် စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

**ကိန်းဖြူ(ပြန်/ဆက်)**



လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေသော လမ်းပိုင်းတစ်နေရာ။

## ခရီးသွားကဏ္ဍ ပြန်လည်ရှင်သန်ရေးအတွက် မူဝါဒ စံချိန်စံညွှန်းသစ်များ ပြန်လည်ရေးဆွဲနေ

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းအနေဖြင့် ကိုဗစ်-၁၉ ကာလ ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ရှင်သန်လာရေးအတွက် မူဝါဒနှင့် စံချိန်စံညွှန်းသစ်များ ပြန်လည်ရေးဆွဲလျက်ရှိကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနောင်နောင်းဟန်ထံမှ သိရသည်။

"ခရီးသွားကုမ္ပဏီတွေအနေနဲ့ ကိုဗစ်-၁၉ စပြီးဖြစ်ပြီဆိုကတည်းက ပြန်ထူထောင်နိုင်အောင်စဉ်းစားနေကြပါတယ်။ သကြံန်ကာလ အပြီးလောက်ကတည်းကစပြီး ပြန်ထူထောင်နိုင်အောင် အစီအစဉ်တွေ၊ မူဝါဒတွေ ရေးဆွဲနေကြပါတယ်။ ပုဂ္ဂလိကကဏ္ဍအနေနဲ့ ကျွန်တော်တို့ လုပ်နေသလို သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း ဆောင်ရွက်နေတာ ရှိပါတယ်။ ကျွန်တော်တို့ ပုဂ္ဂလိကကဏ္ဍအနေနဲ့ ခရီးသွားလုပ်ငန်း ပြန်ပြီးစတင်လာရင် ခရီးသွား စံချိန်စံညွှန်းအသစ်တွေ ထွက်လာပါလိမ့်မယ်"ဟု အသင်းဥက္ကဋ္ဌက ပြောသည်။

ထိုသို့အသစ်ထွက်ရှိလာမည့် ခရီးသွားကဏ္ဍ မူဝါဒဆိုင်ရာ စံချိန်စံညွှန်းများတွင် အသက်အန္တရာယ် ဘေးကင်းလုံခြုံမှုဆိုင်ရာများ၊ ခရီးသွားထုတ်ကုန်များ၏ ပြောင်းလဲမှုအပေါ် ကြိုတင် မွမ်းမံပြင်ဆင်မှုများ၊ ခရီးသွားဈေးကွက်များ ပြန်လည်ရရှိရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ၊ အိုင်တီနည်းပညာကို အသုံးပြု၍ ခရီးသွားလုပ်ငန်း နယ်ပယ်တွင် ဒေသတွင်းနိုင်ငံများနည်းတူ ယှဉ်ပြိုင်ဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ်-၁၉ ကာလ အစိုးရ၏ ခရီးသွားမူဝါဒများ ပါဝင်မည်ဖြစ်ကြောင်းနှင့် ယင်းမူဝါဒ စံချိန်စံညွှန်းသတ်မှတ်ချက် အသစ်များသည် မေလကုန်ပိုင်းတွင် အပြီးသတ် ရေးဆွဲထွက်ပေါ်လာနိုင်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းထားသော်လည်း နိုင်ငံတကာ လေကြောင်းလိုင်းအချို့မှာ ဇွန်လအတွင်း ပြန်လည်ပြေးဆွဲနိုင်ရန် ပြင်ဆင်လျက်ရှိပြီး လေကြောင်းလိုင်း အများစုမှာမူ ဇူလိုင် ၁ ရက်တွင် ပြေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာ လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲမှုနှင့်အတူ ခရီးသွားကဏ္ဍလည်း ပြန်လည်နိုးထလာနိုင်ပြီး အပန်းဖြေခရီးသွားလာသူနည်းပါးသော်လည်း မဖြစ်မနေ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအတွက် သွားလာမှုများ ရှိလာနိုင်မည်ဟု ခရီးသွားလုပ်ငန်းရှင်များက ခန့်မှန်းထားကြသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ထိုကာလအတွက် ဗီဇာဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း ခရီးသွားလုပ်ငန်းရှင်များက အကြံပြု ပြောကြားထားကြသည်။

မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍသည် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တိုးတက်လာခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ပြန်လည်ကျဆင်းသွားကာ ၂၀၁၈ ခုနှစ် အကုန်နှင့် ၂၀၁၉ ခုနှစ် တစ်နှစ်လုံးတွင် မျှော်မှန်းထားသည်ထက်ပို၍ ခရီးသွားလုပ်ငန်း တိုးတက်လာခဲ့သည်။ တိုးတက်မှုရာခိုင်နှုန်း ၄၀ အထိရှိခဲ့ပြီး ကမ္ဘာပေါ်တွင် ခရီးသွားလုပ်ငန်း တိုးတက်မှုအရှိဆုံး နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။

ထို့ကြောင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွင်း ခရီးသွား အများဆုံး ဝင်ရောက်လာနိုင်သည်ဟု မျှော်မှန်းခဲ့သော်လည်း လက်တွေ့တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခရီးသွားလာမှုကျဆင်းကာ ခရီးသွားလုပ်ငန်းများလည်း ရပ်ဆိုင်းခဲ့ရသည်။ လက်ရှိအချိန်တွင်မူ ခရီးသွားလုပ်ငန်း ကုမ္ပဏီများအနေဖြင့် ခရီးသွားလာမှုကဏ္ဍများ ခြောက်လမှ တစ်နှစ်ခန့်အထိ ရပ်ဆိုင်းသွားနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ကိုဗစ်- ၁၉ ကာလတွင် နိုင်ငံတော်အနေဖြင့် စီးပွားရေးလုပ်ငန်းများကို ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ခရီးသွားလုပ်ငန်းပေါင်းများစွာသည်လည်း ချေးငွေရရှိနိုင်ရေးအတွက် လျှောက်ထားခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတွင် ခရီးလှည့်လည်ရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် ခရီးသွားအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ ပါဝင်ဖွဲ့စည်းထားပြီး ၂၀၀၂ ခုနှစ်က စတင်တည်ထောင်ခဲ့ကာ အသင်းဝင်ပေါင်း ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## လှိုင်ကော်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

လှိုင်ကော် မေ ၁၅

ကယားပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လွိုင်ကော်မြို့ ကန္တရဝတီလမ်းရှိ နာရီစင်၌လည်း ရောဂါကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို မေ ၁၄ ရက်က ဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးအဖွဲ့များ၊ ကြက်ခြေနီသူနာပြုအဖွဲ့များ၊ ပြည်နယ်ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းသွားလမ်းလာ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ မိမိအိမ်မှ အပြင်သို့ သွားလာပါက နှာခေါင်းစည်းကို မဖြစ်မနေ စနစ်တကျတပ်ဆင်ရန် အသိပေးခြင်းများ ပြုလုပ်သည်။

နှာခေါင်းစည်းများတပ်ဆင်ရန် အသိပညာပေးခြင်းကို မေ ၁၄ ရက်နှင့် ၁၅ ရက် နှစ်ရက်ဆက်တိုက်ဆောင်ရွက်ပြီး မေ ၁၆ ရက်မှစ၍ နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ခြင်းမရှိဘဲ အိမ်ပြင်ထွက်သူများအား ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး ဥပဒေဖြင့် အရေးယူသွားမည်ဖြစ်၍ ပြည်သူများ အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "မဖြစ်မနေ Mask တပ်ဆင်ရေး"ဟူသော ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်ကို အလေးထား လိုက်နာဆောင်ရွက်သွားရန် လိုကြောင်း သိရသည်။

**စိုးလှိုင်ငွေး(ပြန်/ဆက်)**



## လှိုင်သာယာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် အဖွဲ့ပေါင်း ၄၅၀ ဖြင့် ကွင်းဆင်းဆောင်ရွက်မည်

ရန်ကုန် မေ ၁၅

ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ငါးဦးကို လှိုင်သာယာမြို့နယ်အတွင်း တွေ့ရှိခဲ့ရာ မြို့နယ်အတွင်းနေ ပြည်သူများအနေဖြင့် အဆိုပါလူနာများနှင့် ထိတွေ့ခဲ့မှုရှိ/မရှိကို သိရှိနိုင်ရန် မေ ၁၆ ရက်မှစ၍ ရပ်ကွက်/ကျေးရွာနှင့် စက်ရုံနှစ်ရုံ အပါအဝင် နေရာ ခုနစ်ခုကို လူဦးရေ ၁၈၀၀၀၊ အဖွဲ့ပေါင်း ၄၅၀ ဖြင့် ကွင်းဆင်းစစ်ဆေးခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

လှိုင်သာယာမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ငါးဦး တွေ့ရှိခဲ့ပြီးနောက် ထပ်မံတွေ့ရှိမှု မရှိတော့သဖြင့် ထိုအခြေအနေကို ဆက်လက်ထိန်းချုပ်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် မိုးရာသီကာလတွင် သွေးလွန်တုပ်ကွေးရောဂါ အများဆုံး ဖြစ်ပွားလေ့ရှိသည့် မြို့နယ်တစ်ခုဖြစ်သောကြောင့် ယခုမိုးရာသီတွင် သွေးလွန်တုပ်ကွေးကိုပါ ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ကနဦး သတ်မှတ်ထားသော ရပ်ကွက်/ကျေးရွာနှင့် စက်မှုဇုန်နှစ်ခုတွင် ကိုယ်အပူချိန်တိုင်းတာခြင်း၊ အဘိတ်ဆေးများ ခတ်ပေးခြင်း၊ အသိပညာပေးခြင်းနှင့် လူနာတွေ့ရှိပါက လူနာသယ်ဆောင်ရန် တစ်ဖွဲ့လျှင် လူလေးဦး ပါဝင်သော အဖွဲ့ပေါင်း ၄၅၀ ဖွဲ့စည်းလျက် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လှိုင်သာယာမှာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့သူ ငါးဦးရှိခဲ့တယ်။ ပြီးတော့ မိုးရာသီမှာ သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များတာကြောင့် ကိုဗစ် ၁၉-ရောဂါ ကာကွယ်ထိန်းချုပ်ရေးနဲ့ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးကို တစ်ပြိုင်တည်း ဆောင်ရွက်သွားမှာပါ။ ပထမအနေနဲ့ ပိုးရှိသူကို တွေ့ရှိခဲ့တဲ့ နေရာတွေဖြစ်တဲ့ နေရာခုနစ်ခုမှာ ကွင်းဆင်းဆောင်ရွက်သွားမှာပါ။ အဓိက ရည်ရွယ်ချက်ကတော့ ကိုဗစ်-၁၉ ရောဂါပိုးရှိသူတွေနဲ့ အနီးကပ်ထိတွေ့ခဲ့မှု ရှိ/မရှိကို အရှိန်အဟုန်မြှင့် ကွင်းဆင်းရှာဖွေတာပါ။ သွေးလွန်တုပ်ကွေးကတော့ မနှစ်က လှိုင်သာယာမှာ ၂၆၀ နီးပါး ဖြစ်ပွားပြီး ခုနစ်ဦး သေဆုံးခဲ့တယ်။ ဒါကြောင့် အခု မိုးရာသီကာလမှာ ဌာနဆိုင်ရာတွေ၊ တက္ကသိုလ်ကျောင်းသားတွေနဲ့ လူမှုရေးအသင်းအဖွဲ့တွေ စုပေါင်းပြီး မြို့နယ်အတွက် အကျိုးရှိအောင် ဆောင်ရွက်တာပါ"ဟု မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာခင်ရူပါစိုးက ပြောသည်။

အဆိုပါ လူလေးဦးပါသော အဖွဲ့များသည် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသည့် နေရာများဖြစ်သော ညောင်ရွာ၊ ဒိုင်စု၊ (၆)ရပ်ကွက်၊ (၁၀)ရပ်ကွက်၊ အတွင်းပဒံနှင့် အပြင်ပဒံ ကျေးရွာနှင့် ချန်းရိစက်ရုံ၊ အိုအိုင်စီစက်ရုံတို့ရှိ နေအိမ်၊ စက်ရုံတို့၌ နံနက် ၆ နာရီမှ ၁၀ နာရီအထိ ခရိုင်များမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါအတွက် ကွင်းဆင်းရှာဖွေမှု လုပ်ဆောင်သွားမည်ဖြစ်ပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုလည်း မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကနဦး ဆောင်ရွက်မည့် ရပ်ကွက်၊ ကျေးရွာနှင့် စက်မှုဇုန် ခုနစ်ခုတွင် ဆောင်ရွက်ပြီးပါက ကျန်သော ရပ်ကွက်/ကျေးရွာများတွင်လည်း မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် မေ ၁၇ ရက်တွင် တာမွေမြို့နယ်၌လည်း ထိုသို့ ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိုးရာသီကာလသို့ ချင်းနင်းဝင်ရောက်လာခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အခြားသောနှစ်များထက် ပိုမိုဂရုပြု ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသော ကာလဖြစ်ရာ လှိုင်သာယာမြို့နယ်အတွင်း နှာခေါင်းစည်းများ တပ်ဆင်မှုမရှိပါက ဒဏ်ငွေရိုက်ခြင်းနှင့် တရားစွဲဆိုမှုများ လုပ်ဆောင်လျက်ရှိသောကြောင့် အပြင်သို့သွားပါက နှာခေါင်းစည်းများတပ်ဆင်ကြရန်၊ လူစုလူဝေး မလုပ်ကြရန်နှင့် လက်ဆေးကြရန် ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားထားမှုကို ပြည်သူများအနေဖြင့် လိုက်နာပေးကြရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနက မေတ္တာရပ်ခံထားကြောင်း သိရသည်။

**(၁၆၄)**

## တင်ဇာမော်၏ "အားတင်းထားရန်ကုန်" သီချင်းအတွက် ကျေးဇူးတင်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ရေးသား

ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် ထွက်ရှိလာသော ပရဟိတ သီချင်းအသစ်တစ်ပုဒ်ဖြစ်သည့် အဆိုတော် တင်ဇာမော်၏ "အားတင်းထားရန်ကုန်" သီချင်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် "ရန်ကုန်အတွက် ခွန်အားဖြစ်ပါစေ။ သီဆိုသူ၊ တေးရေး၊ တီးခတ်သူများအားလုံးကို ကျေးဇူးတင် ဂုဏ်ပြုပါတယ်"ဟု ရေးသားထားသည်။



လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာပေါ်ရှိ မြို့ကြီးများစွာကို ပိတ်ထားရပြီး ထိုအထဲတွင် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်လည်း ပါဝင်ကာ ရန်ကုန်မြို့အနေဖြင့် ပုံမှန်အချိန်များထက် တိတ်ဆိတ်သွားခဲ့သည်။ ထိုသို့ တိတ်ဆိတ်သွားသည့် ရန်ကုန်မြို့ကြီးကို အခြေတည်၍ တင်ဇာမော်၏ ပရိသတ်များထဲမှ ဂီတဝါသနာရှင်တစ်ဦးက "အားတင်းထားရန်ကုန်"ဟု အမည်ရသည့် တေးသီချင်းကို ကိုယ်ပိုင်သံစဉ်အဖြစ် ရေးသားသီဆို၍ တင်ဇာမော် သီဆိုရန်လည်း လက်ဆောင်အဖြစ် ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည် ။

"အားတင်းထားရန်ကုန် သီချင်းက အစ်မကို အားပေးနေတဲ့ ပရိသတ်တစ်ဦးဖြစ်တဲ့ ထင်လင်းဆိုတဲ့ အကောင့်ပိုင်ရှင်က ရေးပေးထားတာပါ၊ သူက အစ်မနဲ့ ခင်မင်နေတာ ကြာပြီဆိုတော့ သီချင်းကိစ္စလေးတွေဆိုလည်း အစ်မကို အမြဲပြောပြတိုင်ပင်တာမျိုးတွေရှိတယ်။ ဒီတစ်ခါမှာတော့ သူက သူကိုယ်တိုင် ရေးထား၊ ဆိုထားပြီး ရုပ်ကတ်လေးတွေကို သူ့ဘာသာဆက်ထားပြီး ဖန်တီးထားတဲ့ သီချင်းလေးကို အစ်မကို လာပြတာပေါ့နော်၊ အဲဒါနဲ့ အစ်မကလည်း ကောင်းပါတယ်၊ တကယ်ကောင်းတဲ့ ပရဟိတသီချင်းလေးတစ်ပုဒ်ပါလို့ ပြောဖြစ်တယ်၊ သူက သူ့သီချင်းလေးကို အစ်မကို ဆိုဖို့ပြောတယ်၊ လက်ဆောင်ပေးပါတယ်လို့လည်း ပြောလို့ ဆိုဖြစ်ခဲ့တာပါ"ဟု တင်ဇာမော်က ပြောသည်။

သီချင်းကို ဖန်တီးထားပုံနှင့် ပတ်သက်၍လည်း "အမှန်အတိုင်းပြောရရင် အစ်မကိုယ်တိုင်လည်း ပရဟိတသီချင်းလေးတွေ သီဆိုတာ နည်းတယ်၊ အခု သီချင်းလေးကိုလည်း သူက ပေးမယ်ဆိုလို့သာ အစ်မ ယူလိုက်တာ၊ ဒီအချိန်မှာ ဘယ်လိုဖန်တီးရမလဲဆိုတာ မသိဘူး၊ အခုက အပြင်ထွက်ဖို့လည်း မလွယ်ဘူးလေ၊ အသံသွင်းဖို့ကို အမျိုးမျိုး စဉ်းစားတာပေါ့နော်၊ နောက်ဆုံးတော့ ဖုန်းလေးနဲ့ပဲ အသံသွင်းပြီး ဆိုဖြစ်ခဲ့တာပါ"ဟု တင်ဇာမော်က ဆက်ပြောပြသည်။

ကိုဗစ်-၁၉ ကြောင့် တတ်နိုင်သမျှ Stay Home နေထိုင်ရန် နိုင်ငံတော်အစိုးရက တိုက်တွန်းထားသည့် လက်ရှိအချိန်တွင် တင်ဇာမော်အနေဖြင့်လည်း အိမ်၌သာ နေထိုင်လျက်ရှိပြီး လိုအပ်သော နေရာများတွင် တတ်နိုင်သည့်ဘက်မှ ပါဝင်လှူဒါန်း ကူညီနေကြောင်း သိရသည်။

**ကိုလင်း**

## မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ကိုဗစ်-၁၉ ကာလအတွင်း ဂီတလောကသားများအား အခြေခံစားကုန်များ လှူဒါန်းပေးလျက်ရှိ

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ ကိုဗစ်-၁၉ ထောက်ပံ့ကူညီရေးကော်မတီအနေဖြင့် သက်ကြီးဂီတပညာရှင်ကြီးများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင် ဂီတသမားများနှင့် ဂီတလောကသားများအား ထောက်ပံ့ကူညီရေးအတွက် အခြေခံစားကုန်များကို မေ ၁၂ ရက်မှစ၍ အိမ်အရောက် ပို့ဆောင်လှူဒါန်းလျက်ရှိကြောင်း သိရသည် ။

"ကိုဗစ်-၁၉ အရေးပေါ်ကာလအတွင်းမှာ ပြည်သူလူထုရဲ့ စားဝတ်နေရေး အခက်အခဲမရှိစေဖို့ နိုင်ငံတော်က စားနပ်ရိက္ခာတွေကို ထောက်ပံ့ပေးနေသလို ကျွန်တော်တို့ ဂီတအစည်းအရုံးအနေနဲ့လည်း မိမိတို့ ဂီတအစည်းအရုံး အဖွဲ့ဝင်တွေနဲ့ ဂီတလောကသားတွေအတွက် တတ်စွမ်းသရွေ့ တစ်နိုင်တစ်ပိုင် ထောက်ပံ့ပေးပြီး တစ်ဖက်တစ်လမ်းမှ ပြေလည်မှုရရှိစေဖို့ ရည်ရွယ်တာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးတင်ဦးလေးက ပြောသည်။

ဂီတအစည်းအရုံး၏ ကိုဗစ်-၁၉ ထောက်ပံ့ကူညီရေးကော်မတီကို အဖွဲ့ဝင် ၂၄ ဦးဖြင့် ဧပြီ ၂၃ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ထောက်ပံ့ရေးလုပ်ငန်းစဉ်အတွက် သုံးစွဲကုန်ကျမည့် ငွေကြေးအရပ်ရပ်ကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ ငွေစာရင်းမှ ကျခံသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန် လောလောဆယ် ငွေကျပ် သိန်း ၂၀၀ စတင် မတည်ခဲ့ပြီး စေတနာရှင်များကလည်း ပါဝင်ကူညီလှူဒါန်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထောက်ပံ့ရာတွင် တစ်နိုင်ငံလုံးရှိ သက်ကြီး ကန်တော့ခံ ဂီတပညာရှင်ကြီး ၁၄၂ ဦး၊ ရန်ကုန်တိုင်းအတွင်းရှိ ဂီတအစည်းအရုံးဝင် ၁၉၃၉ ဦး၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ် ၅၃ ခုမှ ဂီတအစည်းအရုံးဝင် ၇၅၃ ဦး၊ CMO များရှိ ဂီတအစည်းအရုံးဝင် ၂၅၇ ဦးနှင့် သက်တမ်းမတိုးရသေးသော ဂီတအစည်းအရုံးဝင် ၅၂၂ ဦး စုစုပေါင်း လူဦးရေ ၃၆၀၀ ကျော် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းတို့အနက် ရန်ကုန်မြို့ရှိ လူဦးရေ ၁၅၀၀ ခန့်အား တစ်ဦးလျှင် ဆန်၊ ငါးပြည်၊ ဆီ၊ ငါးသေတ္တာ၊ ကြက်သွန်နီနှင့် ဆား စသည့် အခြေခံစားကုန်များကို မြန်မာနိုင်ငံ ဂီတအစည်းအရုံးက အိမ်တိုင်ရာရောက် လိုက်လံဝေငှပေးသွားမည်ဖြစ်ကြောင်း၊ အသင်းဝင်ကတ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် နယ်မြို့များတွင်ရှိသည့် ဂီတအစည်းအရုံးဝင်များကိုလည်း တစ်ဦးလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် လှူဒါန်းမှုများ ပြုလုပ်ခဲ့ပြီး စားဝတ်နေရေးအတွက် အခက်အခဲဖြစ်နေသည့် ဂီတလောကသားများအတွက်လည်း ထပ်မံလှူဒါန်းမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**



သက်ကြီး ကန်တော့ခံ ဂီတပညာရှင်တစ်ဦးထံသို့စားသောက်ကုန်များကို ဂီတအစည်းအရုံး တာဝန်ရှိသူတစ်ဦးက အိမ်တိုင်ရာရောက် ပေးအပ်စဉ်

## ပြေတီဦးနှင့် အိန္ဒြာကျော်ဇင် မိသားစုက အခြေခံရုပ်ရှင်အဖွဲ့သားများအတွက် အလှူငွေများပေးအပ်

ကိုဗစ်-၁၉ ကာလအတွင်း သရုပ်ဆောင် ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့ မိသားစုအနေဖြင့် အခြေခံရုပ်ရှင်အဖွဲ့သားများအတွက် အလှူငွေများနှင့်



ဓာတ်လမ်း ဓာတ်ညွှန်း သာရေးနာရေး ရန်ပုံငွေအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ရုပ်ရှင်သရုပ်ဆောင်များဖြစ်သော အမေများအဖွဲ့မှ အဖွဲ့ဝင်များ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့က ထောက်ပံ့ငွေ ကျပ် ၁၀ သိန်းကို မေလအတွင်း လှူဒါန်းခဲ့သလို ဧပြီလအတွင်းကလည်း ကိုဗစ်-၁၉ ကာလအတွင်း စားဝတ်နေရေးအခက်အခဲ ကြုံနေရသည့် ပရိသတ်များအတွက် We Love Yangon အဖွဲ့မှတစ်ဆင့် ကျပ် ၁၀ သိန်း လှူဒါန်းခဲ့ကြောင်း၊ ထို့အပြင် ဓာတ်လမ်း ဓာတ်ညွှန်း သာရေးနာရေး ရန်ပုံငွေအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ အလှူငွေ ကျပ်သိန်း ၁၀၀ ကိုလည်း ပြေတီဦး မိသားစုက ထပ်မံလှူဒါန်းထားပြီး လက်ရှိတွင် အဆိုပါ ရန်ပုံငွေဖြင့် ဆေးရုံတက်ရသူ ၁၁ ဦးနှင့် ကွယ်လွန်သူ ငါးဦးအား ထောက်ပံ့မှုများ ပေးထားနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ဓာတ်လမ်း ဓာတ်ညွှန်း သာရေးနာရေး ရန်ပုံငွေအတွက် အဖွဲ့ဝင်များထံမှ တစ်ဦးလျှင် တစ်လ ကျပ်တစ်ထောင်ကောက်ခံ၍ ရန်ပုံငွေရှာဖွေပြီး ဆေးရုံတက်လျှင် ကျပ်တစ်သိန်းနှင့် ကွယ်လွန်လျှင် ကျပ်တစ်သိန်းခွဲ ထောက်ပံ့ပေးကြောင်း၊ အဆိုပါ ရန်ပုံငွေထဲမှ ကိုဗစ်-၁၉ ကာလအတွင်း လူဦးရေ ၆၀ အတွက် ဆန်နှင့် ဆီများကိုလည်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုလင်း**

## ဖြိုးပြည့်စုံနှင့် မိစန္ဒီတို့၏ ကိုဗစ်-၁၉ ပညာပေး "Go Away Corona" သီချင်းက JOOX အွန်လိုင်းတွင် လူကြိုက်အများဆုံး ပထမနေရာကို ရရှိနေ

အဆိုတော် ဖြိုးပြည့်စုံနှင့် မိစန္ဒီတို့ အတူ သီဆိုထားကြသည့် "Go Away Corona"ဟု အမည်ပေးထားသော ကိုဗစ်-၁၉ ကာကွယ်ရေး အသိပညာပေးတေးသီချင်းမှာ တေးဂီတ အက်ပလီကေးရှင်းတစ်ခုဖြစ်သော JOOX တွင် လူကြိုက်အများဆုံး No.1 နေရာ ရရှိခဲ့ကြောင်း အဆိုတော် မိစန္ဒီက သူ၏ လူမှုကွန်ရက် စာမျက်နှာတွင် ရေးသားထားသည်။

"ဒီသီချင်းဟာ ခါတိုင်းသီချင်းတွေလို မဟုတ်ဘဲ ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီးတော့ ပရိသတ်တွေအတွက် အကျိုးရှိစေတဲ့ ဆောင်ရန် ရှောင်ရန်လေးတွေကို သီဆိုထားတာ ဖြစ်ပါတယ်။ ဒီသီချင်းလေးကို ရပ်ကွက်တွေ၊ ကျန်းမာရေးဌာနတွေသာမက နေရာတိုင်းမှာ ကြားနေရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ဒီသီချင်းလေးကို ပရိသတ်တွေလက်ထဲ အမြန်ဆုံး ရောက်ရှိနိုင်ဖို့အတွက် ကြိုးပမ်းလုပ်ဆောင်ခဲ့ရတာပါ။ အချိန်တိုလေးအတွင်းမှာပဲ သီချင်းလေးကို မြန်မြန်ဆန်ဆန် ပြုလုပ်ခဲ့ရတယ်။ ပြီးတော့ ဒီသီချင်းလေး ထွက်ရှိလာတဲ့အခါမှာတော့ ပရိသတ်တွေဆီ ထင်ထားတာထက်ပိုပြီး မြန်မြန်ဆန်ဆန် ရောက်ရှိပျံ့နှံ့သွားတဲ့အတွက် ပိုပြီး ဝမ်းသာပါတယ်"ဟု မိစန္ဒီက ပြောသည်။

"အခုလို ပရိသတ်ကြီးအတွက် အကျိုးရှိစေမယ့် ဒီသီချင်းလေးကို မိစန္ဒီ သီဆိုဖို့နဲ့ မိစန္ဒီဆိုရမယ့် Rap အပိုဒ်လေးကို ကိုယ်တိုင် ရေးသားဖို့အတွက် ကမ်းလှမ်းပေးခဲ့တဲ့ On Doctor Up က ဒေါက်တာကိုထက်၊ သီချင်းကို ရေးသားပေးခဲ့တဲ့ ဒေါက်တာဖြိုးဝေလင်း၊ သီချင်းကို အမြန်ဆုံး တီးခတ်ပေးတဲ့ ကိုသားသား၊ အတွဲညီညီ သီဆိုပေးတဲ့ ကိုဖြိုးပြည့်စုံနဲ့တကွ ပြည်သူတွေကြားထဲကို ထဲထဲဝင်ဝင် ပျံ့နှံ့သွားအောင် ပူးပေါင်းလုပ်ဆောင်ပေးကြတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ On Doctor Up နဲ့ နားဆင်တဲ့ ပြည်သူတွေကိုပါ အများကြီး ကျေးဇူးတင်ပါတယ်။ ဒီသီချင်းလေးထဲကအတိုင်း ဆောင်ရန်၊ ရှောင်ရန်တွေကို လိုက်နာပြီး ကိုဗစ်-၁၉ ရောဂါကို မိမိကစ ကာကွယ်ကြရအောင်"ဟုလည်း မိစန္ဒီက ဆက်လက်ပြောကြားသည်။

**ကိုလင်း**



## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### အိုင်ယာလန်မှာ ပိတ်မိနေစဉ်အတွင်း သမီးအကြီးဖြစ်သူ ကိုဗစ်-၁၉ ကူးစက်ခံရဟု မက်ဒေမွန်ပြော

ဟောလိဝုဒ်ရုပ်ရှင်မင်းသား မက်ဒေမွန်တို့မိသားစုဟာ ကိုဗစ် -၁၉ ကူးစက်ရောဂါအန္တရာယ်ကြောင့် အိုင်ယာလန်နိုင်ငံအတွင်းပိတ်မိနေစဉ် မက်ဒေမွန်ရဲ့သမီးအကြီးကတော့ နယူးယောက်မြို့မှာရှိနေခဲ့ပါတယ်။

မက်ဒေမွန်နဲ့ဇနီး၊သမီးငယ်တွေဟာ အသွားအလာကန့်သတ်မှုခံထားရစဉ်အတွင်း အိုင်ယာလန်နိုင်ငံမှာရှိနေခဲ့ပြီး သမီးအကြီးက နယူးယောက်မြို့မှာ သူ့ရဲ့ အခန်းဖော်နဲ့အတူ ကိုဗစ် -၁၉ ကူးစက်ခံထားရတယ်လို့ မက်ဒေမွန်က ပြောပါတယ်။ အသက် ၄၉ နှစ်အရွယ်မင်းသား မက်ဒေမွန်ဟာ The Last Duel လို့ အမည်ရတဲ့ ရာဇဝင် ဇာတ်ကားရိုက်ကူးရေးအတွက် အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့မှာရောက်ရှိနေစဉ် ကိုဗစ် – ၁၉ ကာကွယ်ရေးအတွက် မြို့တော်ကို ဝင်ခွင့် ထွက်ခွင့်ပိတ်လိုက်တဲ့အခါ မက်ဒေမွန်တို့လည်း အိုင်ယာလန်နိုင်ငံမှာ ပိတ်မိသွားပါတယ်။

မက်ဒေမွန်နဲ့အတူ ဇနီးသည်နဲ့ကလေးသုံးယောက်ဟာ အိုင်ယာလန်နိုင်ငံကိုလိုက်ပါခဲ့ပေမယ့် ကောလိပ်တက်နေတဲ့ သမီးအကြီးကတော့ နယူးယောက်မှာပဲ ကျန်ရစ်ခဲ့ပါတယ်။ အခုအခါမှာတော့ သမီးအကြီးလည်း ပြန်လည်ကျန်းမာလာပါပြီ။ ဒီလကုန်မှာတော့ တစ်မိသားစုလုံးပြန်ဆုံကြမယ်လို့ ဒဗ္ဗလင်ရေဒီယိုနဲ့ အင်တာဗျူးအစီအစဉ်မှာ ပြောကြားခဲ့ပါတယ်။ ရိုက်ကူးရေးတွေရပ်နားထားပေမယ့် အိုင်ယာလန်နိုင်ငံမှာ နေထိုင်ရတာမက်ဒေမွန်အတွက်အဆင်ပြေပြီး အိုင်ယာလန်ဟာ နတ်သမီးပုံပြင်ထဲကအတိုင်းပဲလို့ မက်ဒေမွန်က အင်တာဗျူးမှာဖြေခဲ့ပါတယ်။ ခရီးမထွက်ခင်ကတည်းက သမီးငယ်တွေကျောင်း ရှစ်ပတ်လောက် ပျက်မှာဖြစ်တဲ့အတွက် သမီးငယ်တွေကို စာသင်ပေးဖို့ မက်ဒေမွန်က ဆရာငှားရမ်းခဲ့ပါတယ်။ ကိုဗစ် -၁၉ ကြောင့် အိုင်ယာလန်မှာ ပိတ်မိနေပေမယ့်လည်း ကလေးတွေစာသင်ကြားမှုအတွက်ကတော့ စိုးရိမ်စရာမရှိခဲ့ပါဘူး။ **ယူအက်စ်တူဒေး**



ဟောလိဝုဒ် အက်ရှင်မင်းသား မက်ဒေမွန်

### ကိုဗစ် -၁၉ ကာလအတွင်း စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအကြောင်း ကေတီပယ်ရီ ဖွင့်ဟ

နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်တဲ့ ကေတီပယ်ရီဟာ ကိုဗစ် -၁၉ ကာလအတွင်းမှာ စိတ်ခံစားကျဆင်းမှုတွေကို ထုတ်ဖော်ပြောကြားလာပါတယ်။ ကေတီပယ်ရီဟာ အမေရိကန်အိုင်ဒေါ အစီအစဉ်မှာ ဒိုင်တစ်ဦးအဖြစ်ဆောင်ရွက်နေသူဖြစ်ပြီး ကပ်ရောဂါနဲ့ရင်ဆိုင်နေရတဲ့ကာလအတွင်း သူဘာတွေ လုပ်ဆောင်နေသလဲဆိုတာကို ပြောပြခဲ့ပါတယ်။

ကေတီပယ်ရီဟာ သူ့ရဲ့ ခင်ပွန်းလောင်း အော်လန်ဒိုဘလွန်းနဲ့ မကြာခင်မှာ သမီးလေးတစ်ဦး မွေးဖွားတော့မှာပဲဖြစ်ပါတယ်။ သူ့ရဲ့ကိုယ်ဝန်ဆောင်ကာလကတော့ မချောမွေ့လှပါဘူး။ ကပ်ရောဂါကြောင့် ဘယ်မှသွားလို့မရဘဲ မိသားစုဝင်တွေနဲ့အတူ အိမ်မှာပဲနေနေရပါတယ်။ ကေတီဟာ အမြဲလိုလို အပြင်ထွက်နေတတ်တဲ့သူဖြစ်တာကြောင့် လူတွေအများကြီးနဲ့ တစ်နေရာတည်းမှာပဲ အမြဲနေထိုင်တာသူ့အတွက် အလေ့အကျင့်မရှိလို့ မနေတတ်ဘူးလို့ အီးနယူးစ်နဲ့ အင်တာဗျူးမှာ ဖြေခဲ့ဖူးပါတယ်။ အိမ်ထဲမှာပဲနေရမယ်လို့ အမိန့်ထုတ်ထားတာဟာ သူ့ရဲ့စိတ်ကျန်းမာရေးကိုထိခိုက်တယ်လို့ ကေတီပယ်ရီက ပြောပါတယ်။ ဗိုင်းရပ်စ်ကို ရှောင်ရှားရတာနဲ့ စိတ်ဖိစီးမှု၊ စိတ်ခံစားကျမှုတွေကို ရင်ဆိုင်ရတာ ဘယ်ဟာက ပိုဆိုးသလဲဆိုတာ မခွဲခြားတတ်တော့ဘူးလို့ ကေတီပယ်ရီက သူ့ရဲ့တွစ်တာအကောင့်မှာ ရေးသားခဲ့ပါတယ်။ ကိုဗစ် -၁၉ကြောင့် စိတ်ခံစားကျကြောက်ရွံ့ရပေမယ့် ကေတီပယ်ရီဟာ ရန်ပုံငွေရရှိရေး လှုပ်ရှားမှုတွေမှာလည်း ပါဝင်ခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးစီးကျင်းပတဲ့ ကိုဗစ် -၁၉ ရန်ပုံငွေဖျော်ဖြေပွဲမှာလည်း ကေတီပယ်ရီ ပါဝင်ခဲ့ပါတယ်။ **အီးနယူးစ်**



အဆိုတော် ကေတီပယ်ရီ



# ဘာသာစာပေပေါင်းကူး(၁၅)

## မောင်ခင်မင် (ဓနုဖြူ)

"စကားမဆက်ခင် သတိရလို့ သမီးကို မေးရအုံးမယ်။ သမီး သံဝရပျို့ သင်ဖူးမှာပေါ့"

"သင်ဖူးပါတယ် ဘဘ၊ အခုလဲ ကျောင်းသားတွေကို သင်ပေးရပါတယ်"

"အဲဒီ သံဝရပျို့မှာ 'လေးတန်ယာပိုထ်၊ နှစ်ခြိုက်ရွှင်ပြုံး၊ သီတင်းသုံးလျက်' ဆိုတာ ပါတယ် မဟုတ်လား။ 'လေးတန်ယာပိုထ်' ရဲ့ အဓိပ္ပာယ်ကို သမီး ဘယ်လိုရှင်းပြသလဲ"

"ဟုတ်ကဲ့၊ ဣရိယာပထ လေးပါးနဲ့အညီလို့ ဆိုလိုကြောင်း ရှင်းပြပါတယ်ဘဘ"

"အဲဒီမှာလဲကြည့်နော်။ 'ဣရိယာပထ'ကို 'ယာပိုထ်'ဆိုပြီး အသံ နှစ်သံတည်းကျန်အောင် ရှေ့ကအသံတွေဖြုတ်ပြီး ချုံ့လိုက်တာလေ"

"ဟာ...ဟုတ်သားပဲနော်၊ သမီးကတော့ စကားချုံ့တဲ့စနစ်ကို သတိမထားမိလို့ ရှေ့ကစာလုံးတွေကို ဖြုတ်ထားတယ်ဆိုတာ ရှင်းမပြမိပါဘူး ဘဘ။ ခုမှ သေသေချာချာ သိရပါတယ်"

"အေးပါ၊ ဆိုလိုတာက ကဗျာစာဆိုတွေရဲ့ လုပ်ပိုင်ခွင့် ဘယ်လောက် နယ်ကျယ်တယ်ဆိုတာ ပြောချင်လို့ပါ။ ဣရိယာ ပထဆိုတာ အိပ်၊ ထိုင်၊ ရပ်၊ လျောင်း ဆိုတဲ့ လူတွေရဲ့အပြုအမူ လေးခု မဟုတ်လား။ ပါဠိစကားလေ။ အဲဒါကို ရှေးကတည်းက 'ဣရိယာပုထ်' လို့ မြန်မာမှုပြုထားတာ။ 'ပထ' ကို 'ပုထ်' လို့ ထဆင်ထူးသတ်နဲ့ရေးတာ ထူးခြားတယ်။ 'ဣရိယာပထ မှျတရဲ့လား' လို့ နှုတ်ဆက်ကြတယ် မဟုတ်လား။ 'ဣရိယာပိုထ်လို့လဲ သုံးတယ်။ အဲဒီ ဣရိယာပိုထ်' ကို 'ယာပိုထ်'လို့ ချုံ့လိုက်တာပဲလေ"

"ကောင်းကောင်း သဘောပေါက်သွားပါပြီ ဘဘ"

"ကဲ...ဆက်ကြရအောင်။ စာဆိုတွေက ကဗျာမှာလိုအပ်တဲ့စာလုံးအရေအတွက်နဲ့ အံဝင်ခွင်ကျဖြစ်အောင် စကားလုံးတွေကို အသံဖြုတ်တာမျိုးရှိသလို အသံတိုးတာမျိုးလဲ ရှိတယ်ကွဲ့"

"ဘဘပြောတဲ့ 'တ' တိုးတာမျိုးတွေပေ့ါနော်"

"ဟုတ်တယ်။ 'တ'က မူလစကားလုံးမှာမပါဘဲ သတ်သတ်ယူပြီးထည့်တာ၊ 'တလွဲ၊ ဂရုတစိုက်' ဆိုတာမျိုးပေ့ါ။ ခုဘဘပြောမှာက မူလစကားမှာ ပါပြီးသားအသံကို ထပ်ပွားပြီး တိုးလိုက်တာမျိုးလေ"

"သြော်...ဟုတ်ကဲ့"

"အင်းဝခေတ်စာဆို ရှင်အုံးညိုရေးတဲ့ 'ဂါထာခြောက်ဆယ်ပျို့'ကို သိမှာပါ။ ဘုရားရှင် ကပိလဝတ်ပြည်ကို ကြွတော်မူဖို့ ကာဠုဒါယီမထေရ်က ဂါထာ ၆၀ နဲ့ လျှောက်ထားတဲ့အကြောင်းလေ။ အဲဒါကို ပျို့ဖွဲ့ထားတာလေ"

"သမီးဖတ်ဖူးပါတယ် ဘဘ"

"ဒါဆိုရင် ဒီမှာစာအုပ်။ ပျို့အပိုဒ် ၄၄ ကနေ ၅၀ အထိ အချပိုဒ်တွေကို ဖတ်ပြစမ်းပါ သမီး"

"ဟုတ်ကဲ့...ပျံ့ပျူးသာယောင့် သာယာတည်း၊ အံ့မူးနာသောင့် နာသာတည်း၊ ချင်းတို့ဘာသောင့် ဘာသာတည်း၊ ချစ်ထွေညှာတောင့် ညှာတာတည်း၊ စီးပွားရှာပေါင့် ရှာပါတည်း၊ ကိုယ်ရမ်းစာနောင့် စာနာတည်း၊ ခြောက်ဆယ်ဂါထောင့် ဂါထာတည်း ပြီးပါပြီ ဘဘ"

"အဲဒီမှာ အချပိုဒ်တွေ အသံ ရ သံ ပြည့်အောင် အသံပွားထားတာတွေ တွေ့တယ်မဟုတ်လား။ 'သာယာ' ကို 'သာယောင့် သာယာ' တဲ့၊ စာနာကို 'စာနောင့် စာနာ'တဲ့၊ ဘယ်လောက် အခွင့်ထူးရသလဲဆိုရင် စကားလုံးပွားလေ့မရှိတဲ့ 'ဂါထာ' ကိုတောင် 'ဂါထောင့် ဂါထာ'လို့ ပွားလိုက်တာလေ"

"ဟုတ်တယ်နော် ဘဘ"

"အခုသုံးကြတယ် မဟုတ်လား။ ဒီနေရာကလေးက သာယောင့်သာယာရှိလိုက်တာ...လို့။ တချို့ကတော့ 'သာတောင့် သာယာ' လို့ သုံးတယ်။ 'သာယောင့် သာယာ'မှာ 'သာယောင့်' က အဓိပ္ပာယ် အထူးမရှိပေမဲ့ စကားပြေပြစ်တာပေ့ါကွယ်။ ပြေပြစ်အောင်သုံးတဲ့ စကားပေ့ါ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပွားပြီးသုံးတဲ့ စကားတွေ ဘဘတို့နေ့စဉ်သုံးတဲ့အထဲမှာရှိပါတယ်။ ကိုယ့်ဘာသာကို သီးခြားနေတာကို 'ဘာသိဘာသာနေတယ်' လို့ ပြောတာ၊ 'သာမည' ကို 'သာမညောင်ည' လို့ ပြောတာမျိုးတွေပေ့ါ"

"နားလည်ပါပြီ ဘဘ"

"စကားလုံးတစ်လုံးကို ပွားပုံအမျိုးမျိုးရှိနိုင်တယ်။ 'မလိမ္မာ' ဆိုတဲ့စကားကိုမူတည်ပြီး 'မလိမ်မိုး မလိမ္မာ' တဲ့၊ 'မလိမ်မိ မလိမ္မာ' တဲ့၊ 'မလိမ်တမာ' တဲ့ အမျိုးမျိုးပွားတာလေ"

"ဟုတ်ကဲ့ပါ။ စကားလုံးတွေတိုးလာတာပေ့ါနော် ဘဘ"

"နောက်တစ်မျိုးက ကဗျာထဲမှာ ကာရန်ကိုက်အောင် အသံပြောင်းသုံးတာလေ။ 'စန္ဒာ' ဆိုတာ 'လ' ကို ခေါ်တဲ့ ပါဠိစကားလေ။ 'စန္ဒ' ကို 'စန္ဒာ' လို့အသံပြောင်းပြီး...'လစန္ဒာကို မျှော်ကာငေးမိ' ဆိုတာမျိုး ဖွဲ့ကြတယ်။ 'တိမ်ယံပေါ်က၊ စန္ဒော်ငွေလ' ဆိုတာမျိုးကျတော့ 'စန္ဒာ' ကနေ 'စန္ဒော်' ဖြစ်သွားရောလေ"

"ဟုတ်ကဲ့ပါ"

" 'ရှေးယခေါင်က၊ တောတောင်မြင့်ဖျား' ဆိုတဲ့အဖွဲ့မှာ 'ယခေါင်'ဆိုတာ 'ယခင်' ကို ကာရန်ကိုက်အောင် အသံပြောင်းထားတာလေ။ နောက် 'လောကသာရပျို့' သမီးဖတ်ဖူးမှာပါ။ အပိုဒ်တစ်ပိုဒ်ပါတယ်လေ။ 'အနိစ္စနှင့်၊ ဒုက္ခ အနတ္တား' သုံးပါး လက္ခဏာ...တဲ့"

"ဟုတ်ကဲ့၊ 'အနတ္တ' က 'အနတ္တား' ဖြစ်သွားတယ်နော်"

"ဟုတ်တယ်။ ရှေးကလူကြီးတွေ ကာရန်ကိုက်အောင် ဘယ်လောက်အထိ ပြောင်းသလဲဆိုတာ ကဗျာကလေးတစ်ပိုဒ် ရှိတယ်။ အဲဒီအပိုဒ်ကလေးကို ဆရာကြီးတွေ မကြာခဏရွတ်ဆိုပြတာကြားဖူးတယ်"

"ဆိုပြပါ ဘဘ"

"တို့ကျောင်းတောင်က စိန်ပန်းတော၊ အပျိုလေးတွေလက်နဲ့ ခေါလို့၊ ရွှေမုဋ္ဌောမှာ တင်ကြရှာ...တဲ့"

"ဟင်...လက်နဲ့ခေါလို့ ဆိုတာ ဘာအဓိပ္ပာယ်လဲ ဘဘ"

"သမီးက နားပါးတဲ့သူဆိုတော့ ချက်ချင်းသတိထားမိတာပေ့ါ။ 'လက်နဲ့ခေါလို့' ဆိုတဲ့စကားက သုံးရိုးသုံးစဉ်မဟုတ်ဘဲ ထူးခြားနေတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အဲဒါဆိုရင် ပုံမှန်မဟုတ်ဘဲ ကာရန်ကိုက်အောင် အသံပြောင်းထားတဲ့စကားလုံးဆိုတာ သိသာတာပေ့ါ။ အဓိပ္ပာယ်အဆက်အစပ်ကို ကြည့်ရင် လက်နဲ့ခေါလို့ဆိုတာ ဘာဖြစ်မယ် ထင်သလဲ"

"ပန်းခူးတဲ့အကြောင်းဆိုတော့ 'လက်နဲ့ခူးလို့' ဖြစ်မယ်ထင်ပါတယ် ဘဘ"

"ဟုတ်ပ့ါ။ 'ခူး' ကို ကာရန်ကိုက်အောင် 'ခေါ' လို့ပြောင်းတဲ့အထိ အခွင့်ထူးယူတာပေ့ါကွယ်။ ဒါမှ 'တော၊ မုဋ္ဌော' ဆိုတဲ့ စကားလုံးတွေနဲ့ ကာရန်ကိုက်မှာပေ့ါ"

"နားလည်ပါပြီ ဘဘ"

"နောက် အသံပြောင်းပုံတစ်မျိုးက အသုံးတော့ နည်းတယ်။ ဒါပေမဲ့ အဲဒီစကားလုံးမျိုးတွေ သုံးနေကြတာပဲ။ သမီးကြားဖူးမှာပေ့ါ၊ 'သဒ္ဒါမတတ် စာမတတ်' ဆိုတာလေ။ အဲဒီစကားကို တစ်မျိုးသုံးသေးတယ်"

"သဒတ်မတာ စတ်မတာပါ ဘဘ"

"အေး၊ အေး...၊ ဘဘတို့ ပြောနေကျအခေါ်က 'စကားလိမ်ပေ့ါကွယ်' အသံတွေကို ရှေ့နောက် ပြောင်းထားတာပေ့ါ။ အသုံးတွင်နေတဲ့ စကားလိမ် အသုံးတွေရှိတယ်ကွဲ့"

"ပြောပြပါ ဘဘ"

"ဦးပုညက တေးထပ်တစ်ပုဒ်မှာ 'လောကခံ ဖန်ဖန်မျောလေပေ့ါ၊ လံကခော မောဟိုက်လို့နော်' လို့ ရေးထားတယ်။ 'လောကခံ' ကို 'လံကခော' လို့ စကားလိမ်လုပ်ထားတာပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"လှိုင်ထိပ်ခေါင်တင် ကလဲ 'နိမ့်သောင်နောင်မှသိတယ်လေး' လို့ ဖွဲ့ထားသေးတယ်"

"သြော်...ဦးပုညရဲ့ တေးထပ်တစ်ပုဒ်မှာလဲ 'ကျွတ်တမ်းကွယ် စာမလိတ်ချင်ဘူး' ဆိုတာ ပါတယ်။ ကျွတ်တမ်းဝင်ဖို့ စိတ်မလာတာကို 'စာမလိတ်'လို့ သုံးတာပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"ခုပြောခဲ့တဲ့ စကားလိမ်တချို့၊ 'သဒတ်မတာ စတ်မတာ'တို့၊ 'နိမ့်သောင် နောင်မှသိ' တို့ကို စကားပြောတဲ့အခါ စကားပုံလို ပုံခိုင်းပြီး သုံးနေကြတယ်မဟုတ်လား။ 'နိမ့်သောင် နောင်မှသိ' ဆိုသလို 'နောင်မှသိရတာပါကွယ်' လို့ ပြောတာမျိုးလေ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ ရှေ့ကစာဆိုတွေ ကဗျာလင်္ကာတွေထဲမှာ ဖွဲ့ခဲ့တဲ့အဖွဲ့တွေထဲက ကောင်းနိုးရာရာတွေကို နောက်ခေတ်တွေမှာ စကားပုံအဖြစ်ယူသုံးရာကနေပြီး အသုံးတွင်ကျယ်နေတာတွေလဲ အများကြီးပေ့ါကွယ်။ ဆိုပါတော့ ရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့မှာရေးတယ်။ 'ပထမရွယ်၊ ငယ်သော်ကတည့်၊ သိပ္ပခေါင်အား၊ တတ်မြောက်မြားမူ၊ တောသားရန်အောင်၊ ခြသေ့်ယောင်သို့၊ မရှောင်မညှာ၊ တင်းတင်းမာ၍၊ ပညာရဲရင့် ပွဲလယ်တင့်လိမ့်'လို့ ဖွဲ့ထားတာ သမီးသိမှာပေ့ါ"

"ဟုတ်ကဲ့။ သိပါတယ် ဘဘ"

"အဲဒီထဲက 'ပညာရဲရင့် ပွဲလယ်တင့်' ဆိုတဲ့အဖွဲ့ကို စကားပုံအဖြစ် အစဉ်အဆက်သုံးနေကြတယ် မဟုတ်လား။ 'ပညာရဲရင့်ပွဲလယ်တင့်' ဆိုသလို 'ပညာပြည့်ဝရင် အများရှေ့မှာ တင့်တင့်တယ်တယ် ရှိတာပေ့ါကွယ်' ဆိုတာမျိုးလေ"

"ဟုတ်ကဲ့ပါ ဘဘ"

"အဲဒီလိုပဲ။ 'လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်'၊ 'လက်ဦးဆရာ မည်ထိုက်စွာ'၊ ပုဗ္ဗာစရိယမိန့်ဂ္ဂဖ'၊ 'ငါနှင့်ငါသာနှိုင်းစရာ'၊ 'ဆိုရေးရှိက ဆိုအပ်လှ၏'၊ 'ပြည်ထဲရေးထက် ဝမ်းရေးခက်၊ ဝမ်းရေးထက်လွမ်းရေးခက်' ဆိုတဲ့ ရှေးကဗျာတွေထဲက အဖွဲ့တွေလဲ ခုခေတ်မှာ စကားပုံတွေအဖြစ်တွင်တွင်ကျယ်ကျယ်သုံးနေတဲ့ စကားတွေပဲပေ့ါကွယ်"

"တစ်ခုမေးပါရစေ ဘဘ၊ တချို့က 'ပညာရှွေအိုး လူမခိုး' လို့ တင်စားပြောတဲ့စကားကို စကားပုံ၊ 'ပညာရဲရင့် ပွဲလယ်တင့်' လို့ တိုက်ရိုက်ပြောတဲ့စကားကို ဆိုရိုးလို့ ခွဲပြောတာ မှတ်သားရပါတယ်။ ဘယ်လိုကွဲပြားပါသလဲ ဘဘ"

"အေး...ဘဘကတော့၊ တင်စားပြီး သွယ်ဝိုက်ပြောတာပဲဖြစ်ဖြစ်၊ တိုက်ရိုက်ပြောတာပဲဖြစ်ဖြစ်၊ အားလုံးဟာ ပုံခိုင်းပြောရတာချည်းဖြစ်လို့ အားလုံးကို 'စကားပုံ'လို့ပဲ ခေါ်တာ သင့်လျော်တယ်လို့ သဘောရတယ်။ ရှေးကတည်းက အဲဒီစကားတွေကို 'စကားပုံ'လို့ပဲ အစဉ်အဆက်ခေါ်ခဲ့ကြတာလေ။ 'တင်စားသုံးတဲ့စကားပုံ' နဲ့ 'တိုက်ရိုက်သုံးတဲ့ စကားပုံ' လို့ခွဲနိုင်ပါတယ်။ ခုခေတ်မှာ 'စကားပုံ'နဲ့ 'ဆိုရိုး'လို့ ထပ်ခွဲတာက အစဉ်အလာမဟုတ်လို့ အစဉ်အလာအတိုင်း 'စကားပုံ' လို့ပဲ အားလုံးကိုခေါ်တာလေပေ့ါကွယ်"

"ဟုတ်ကဲ့ပါ ဘဘ"

# ဟားခါးမြို့၌ ချင်းပြည်နယ်တရားလွှတ်တော်ရုံးအဆောက်အအုံ ဆောက်လုပ်လျက်ရှိ

**ဟားခါး မေ ၁၅**

ချင်းပြည်နယ် တရားလွှတ်တော်ရုံး အဆောက်အအုံ အာစီသုံးထပ်ကို ပြည်ထောင်စု၏ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဟားခါးမြို့ မြို့သစ်ရပ်ကွက်တွင် တည်ဆောက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ လုပ်ငန်းပြီးစီးမှုမှာ ၁၀၀ရာခိုင်နှုန်းဖြစ်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၏ လုပ်ငန်းပြီးစီးမှုမှာ ၂၅ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်း တာဝန်ခံ အင်ဂျင်နီယာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးခိုင်မွန်ထံက သိရသည်။



အဆိုပါ ပြည်နယ်တရားလွှတ်တော်ရုံး အဆောက်အအုံကို ၂၉-၁၂-၂၀၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး အဆောက်အအုံ၏ အကျယ်အဝန်းမှာ အလျား ပေ ၁၂၀၊ အနံပေ ၁၄၀ ရှိ RC သုံးထပ်ဖြစ်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) အဆောက်အဦအထူး အဖွဲ့(၆)က တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပြည်နယ်တရားလွှတ်တော်ရုံး အဆောက်အဦမှာ ဟားခါး-ဖလမ်း-ကလေး ကားလမ်းမကြီးဘေး တည်ဆောက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ပြီး ဟားခါးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မြို့တော်၏ ဂုဏ်ကို ဖော်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး (ပြန်/ဆက်)**

# အထက-ပူတာအိုတွင် နှစ်ထပ်ကျောင်းဆောင် နှစ်ဆောင် တိုးချဲ့ဆောက်လုပ်လျက်ရှိ

**ပူတာအို မေ ၁၅**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကောင်ကထောင်ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ပူတာအို)တွင် ကျောင်းသားဦးရေအရ မတ် ၈ ရက်မှစတင်၍ အာစီနှစ်ထပ်အဆောင်နှစ်ဆောင်ကို တိုးချဲ့ဆောက်လုပ်လျက်ရှိကြောင်း အထက(ပူတာအို) ကျောင်းအုပ်ဆရာကြီး ဦးဆိုင်းခွမ်ထံက သိရသည်။

ပူတာအိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူဦးရေ ၂၄၅၀ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ကျောင်းဆောင်လိုအပ်မှုရှိခြင်းကြောင့် ကျောင်းသားဦးရေအရ ဌာနမှချပေးသည့် အခန်းရှစ်ခန်းပါဝင်သော အာစီနှစ်ထပ်ကျောင်းဆောင်နှင့် အခန်းခြောက်ခန်းပါဝင်သော RCနှစ်ထပ်ကျောင်းဆောင်များကို ဆောက်လုပ်နေကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်များကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းများဖြင့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိပြီး ယခုအခါ ၂၅ ရာခိုင်နှုန်းပြီးစီးနေပြီသည်။

ပူတာအိုမြို့နယ်တွင် ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်အတွက် ဝန်ကြီးဌာနအလိုက် ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တိုးချဲ့ကျောင်းဆောင်များနှင့် ဝန်ထမ်းအိမ်ရာအဆောက်အဦများ စုစုပေါင်းလုပ်ငန်း ၁၇ ခုကို အခြေခံပညာဦးစီးဌာနအတွက် ခွင့်ပြုထားကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**

# ပင်လယ်ပြင် ဘေးကင်းလုံခြုံရေးဆိုင်ရာသင်တန်း ငါးမဖမ်းရရာသီသုံးလတွင် သင်ကြားပေးမည်

**ရန်ကုန် မေ ၁၅**

ပင်လယ်ပြင်ငါးဖမ်းဆီးမှု တားမြစ်ထားသည့် ဇွန်လမှ ဩဂုတ်လအထိ ထိုသုံးလ၌ ပင်လယ်ပြင်ဘေးကင်းလုံခြုံရေးဆိုင်ရာသင်တန်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

ပုံမှန်အားဖြင့် ယခုလနောက်ဆုံးပတ်မှသာ မြန်မာ့ပင်လယ်ပြင်မှ ငါးဖမ်းရေယာဉ်များ ကမ်းသို့ပြန်ဝင်ရောက်လေ့ရှိသော်လည်း လက်ရှိဖြစ်ပွားနေသည့် ကမ္ဘာ့ကပ်ရောဂါနှင့် ငါး၊ ပုစွန်ဈေးကွက် အခက်အခဲတို့ကြောင့် မေလဆန်းပိုင်းမှစကာ ပင်လယ်ပြင်မှငါးဖမ်းစက်လှေများ ဝင်ရောက်လျက်ရှိရာ ၎င်းရေလုပ်သားများ ပင်လယ်ပြင်ဘေးကင်းလုံခြုံရေးလက်တွေ့လုပ်ဆောင်နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနက ငါးမဖမ်းရရာသီသုံးလတွင် လစဉ်သင်တန်းများ ပို့ချနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားခြင်း ဖြစ်သည်။

“ CLOSE SEASON သုံးလမှာ လူစုလူဝေးလည်း မဖြစ်အောင် တစ်ကြိမ်ကိုလူဦးရေ ၂၀ နဲ့ ပင်လယ်ပြင်ဘေးကင်းလုံခြုံရေးသင်တန်းကို ပေးမှာပါ။ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် တိုင်းရုံးမှာဖြစ်စေ၊ ဆိပ်ခံတွေမှာဖြစ်စေ ပေါ့ပေါ့ပါးပါးနဲ့ နေရာတစ်ခုမှာ ဖွင့်လှစ်ဖို့ ပြင်ဆင်နေပါတယ်” ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဒေါ်ယဉ်ယဉ်မိုးက ပြောသည်။

ယခင်က ရန်ကုန် ကြို့ကုန်းငါးသိပ္ပံ၌ လေ့ကျင့်သင်ကြားပေးလေ့ရှိပြီး ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနဖြစ်စေ၊ ဆိပ်ခံများတွင်ဖြစ်စေ သင်ကြားပေးမည်ဖြစ်ပြီး ပင်လယ်ပြင်တွင် ဘေးအန္တရာယ် ကြုံတွေ့ရပါက ကာကွယ်ဆောင်ရွက်နိုင်ရန် တစ်ကြိမ်လျှင် သင်တန်းသား ၂၀ ဖြင့် နှစ်ရက်သင်ကြားပေးမည်ဖြစ်ကြောင်း၊ ငါးဖမ်းရာသီပိတ်ချိန်၌ ငါးဖမ်းသင်္ဘောများ ဒေါက်တင်ပြုပြင်ခြင်း၊ နေရပ်ဒေသသို့ပြန်၍ အနားယူခြင်းရှိရာ ကိုဗစ်-၁၉ ရောဂါကြောင့် ရေလုပ်သားများစိုးရိမ်မှုမရှိစေရန် သက်ဆိုင်ရာဒေသအလိုက် ငါးဖမ်းသင်္ဘောမှ ပြန်လာသူများကို ဖျားနာမှုမရှိကြောင်း ထောက်ခံမှုဖြင့် ဆောင်ရွက်ပေးထားကြောင်းနှင့် ပင်လယ်ပြင်ဘေးကင်းလုံခြုံရေးသင်တန်းကို ဇွန်လဆန်းပိုင်းတွင် ရေလုပ်သားများအား သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဂျာနယ်
ထွက်ရှိ
၁၅-၅-၂၀၂၀ ရက်နေ့ထုတ် အတွဲ(၁၇)၊ အမှတ်(၁၀)တွင်
- စားသုံးကုန်သီးနှံများနှင့်ပတ်သက်၍ ရိတ်သိမ်းချိန်လွန် လိုက်နာစရာများ
- လုံခြုံစိတ်ချရသော စားနပ်ရိက္ခာထုတ်လုပ်ရေးအတွက် အားထားစရာ အော်ဂင်းနစ်သဘာဝမြေဩဇာများ
- ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိသော မွေးမြူရေး အခြေခံသဘောတရား
- ပြည်တွင်းမွေးမြူရေး ထုတ်ကုန်တစ်ခုဖြစ်သည့် နွားနို့လုပ်ငန်းရှင်တစ်ဦးနှင့် တွေ့ဆုံခြင်း
- ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါက ငတ်မွတ်ခေါင်းပါးမှုကို ဖြစ်စေနိုင်သလား
- ယာသီးနှံ(ကုန်းသီးနှံ)များ အခြေခံစိုက်ပျိုးရေးပညာ
- ဈေးကွက်သတင်းနှင့် ကျန်းမာရေးဆက်စပ်မှု အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင်
(၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

# ဆောမြို့နယ် ကြိမ်ချောင်းကျေးရွာတွင် သောက်သုံးရေဂါလန် ၂၂၀၀ လှူဒါန်း


**ဆော မေ ၁၅**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျင်းလိန်ကျေးရွာအုပ်စု ကြိမ်ချောင်းကျေးရွာတွင် သောက်သုံးရေ ရှားပါးမှုကြောင့် ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ယမန်နေ့က ပေါက်မြို့နယ် ရေကျော်ကျေးရွာ အမှတ်(၃) အဝေရာဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာတော်ဦးကောဏ္ဍည ဦးဆောင်၍ ဆောမြို့နယ် ကျေးလိန်ကျေးရွာ ပရဟိတလူငယ်များက ရေသယ်ယာဉ် နှစ်စီးဖြင့် သောက်သုံးရေ ဂါလန် ၂၂၀၀ ကို အဆိုပါ ကျေးရွာရှိ ရေလှောင်အုတ်ရေကန်အတွင်း ဖြည့်တင်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဇော်မျိုးသန့်(ဆော)**

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၉) ရွေးကောက်ပွဲစီမံခန့်ခွဲသူများနှင့် နိုင်ငံရေးပါတီများ



မောင်စာဂ

ရွေးကောက်ပွဲတစ်ခု ကျင်းပတော့မည်ဆိုလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တာဝန်ယူ၍ ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရသည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များက လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လက်တွေ့အကောင်အထည်ဖော် စီမံခန့်ခွဲဆောင်ရွက်ကြရသည်။

ယင်းသို့ ရွေးကောက်ပွဲစီမံခန့်ခွဲမှုအပိုင်းတွင် နိုင်ငံ့ဝန်ထမ်းများက မည်သည့်အခန်းကဏ္ဍတွင် ပါဝင်၍ တာဝန်ယူဆောင်ရွက်ကြရကြောင်း "ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲတာဝန်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ" ခေါင်းစဉ်ဖြင့် ဆောင်းပါးအမှတ်စဉ်(၁၃)တွင် ရေးသားခဲ့သည်။ ယခု နိုင်ငံရေးပါတီများက ရွေးကောက်ပွဲစီမံခန့်ခွဲမှု အပိုင်းတွင် မည်သည့်အခန်းကဏ္ဍမှ မည်သို့ ပါဝင်ဆောင်ရွက်ရပါသနည်း။ အနှစ်ချုပ်၍ မျှဝေပါရစေ။

**စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်**

ရွေးကောက်ပွဲတစ်ခုကို ကျင်းပရာတွင် ချောမောအောင်မြင်စေရေးအတွက် ရွေးကောက်ပွဲကာလ တစ်လျှောက်ဖြစ်ပေါ်လာမည့် အငြင်းပွားမှုများကို စေ့စပ်ဖြေရှင်းပေးရန် စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်ကို နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များပါဝင်၍ ဖွဲ့စည်းဆောင်ရွက်သည်။

ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များနှင့် နိုင်ငံခြားရေး၊ နယ်စပ်ရေးရာ၊ ပြန်ကြားရေး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့သည် အဖွဲ့ဝင်များအဖြစ် ပါဝင်သည်။ ထို့ပြင် ရွေးကောက်ပွဲဝင်ရောက်သည့် ကိုယ်စားလှယ်လောင်းအများဆုံးတင်သွင်းသည့် နိုင်ငံရေးပါတီ ၁၀ ခုမှ ကိုယ်စားလှယ်တစ်ဦးစီကို အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းသည်။

တိုင်းဒေသကြီး/ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီတို့တွင် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သည်။ ထို့ပြင် ယင်းနယ်မြေများမှ ဩဇာတိက္ကမရှိသူ အနည်းဆုံးငါးဦးနှင့် ယင်းနယ်မြေအတွင်းရှိ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီများမှ ကိုယ်စားလှယ်တစ်ဦးစီကို အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းသည်။

ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက အဖွဲ့ဝင်အဖြစ် ပါဝင်သည်။ ထို့ပြင် ခရိုင်အတွင်းရှိ ဩဇာတိက္ကမရှိသူ အနည်းဆုံးငါးဦးနှင့် ခရိုင်အတွင်းရှိ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်တစ်ဦးစီကို အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းသည်။

မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက အဖွဲ့ဝင်အဖြစ် ပါဝင်သည်။ ထို့ပြင် မြို့နယ်အတွင်းရှိ ဩဇာတိက္ကမရှိသူ အနည်းဆုံးငါးဦးနှင့် မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်တစ်ဦးစီကို အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းသည်။

ရွေးကောက်ပွဲ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်တို့၏ လုပ်ငန်းများထဲမှ အဓိကကျသောလုပ်ငန်းများကို ကောက်နုတ်ဖော်ပြရလျှင် မဲဆွယ်စည်းရုံးရေးကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ အချင်းချင်းအကြား၊ နိုင်ငံရေးပါတီများ အချင်းချင်းအကြား၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများအကြား သို့မဟုတ် ရွေးကောက်ပွဲစီမံခန့်ခွဲသူများအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေများ၊ ကျင့်ဝတ်များနှင့်အညီဖြစ်စေရေး စေ့စပ်ညှိနှိုင်းဆောင်ရွက်ကြရသည်။ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကူအညီတောင်းခံရန် လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းအကြီးအကဲများကို ဖိတ်ကြား၍ ညှိနှိုင်းဆောင်ရွက်ပေးရသည်။

**မဲရုံအသီးသီးတွင် ပါဝင်ဆောင်ရွက်ခွင့်**

လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီတိုင်းသည် မဲရုံတိုင်းတွင် ဆန္ဒမဲပေးခြင်းကိစ္စများကို စောင့်ကြည့်၍ လိုအပ်သည်များဆောင်ရွက်နိုင်ရန် မဲရုံ ကိုယ်စားလှယ်နှစ်ဦးကျစီ ထားရှိခွင့်ရှိသည်။ ယင်းမဲရုံ ကိုယ်စားလှယ်များအား သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခန့်စာများ ထုတ်ပေးရသည်။ ပါတီကိုယ်စားပြု ရွေးကောက်တင်မြှောက်ခံရမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတိုင်းသည် ၎င်းတို့ ပါတီဝင်များကိုသာ မဲရုံကိုယ်စားလှယ်များအဖြစ် ခန့်အပ်တာဝန်ပေးကြသည်။ မဲဆန္ဒနယ်တစ်နယ်တွင် အနည်းဆုံး ပါတီနှစ်ခု၊ သုံးခုမှ အများဆုံး ၁၀ ခု၊ ၁၅ ခုအထိ ဝင်ရောက်ယှဉ်ပြိုင်တတ်လေ့ရှိရာ မဲရုံတစ်ရုံလျှင် နိုင်ငံရေးပါတီများ၏ မဲရုံကိုယ်စားလှယ်အနည်းဆုံး လေးဦးမှ အများဆုံး ၃၀ အထိ ရှိနိုင်သည်။

မဲရုံကိုယ်စားလှယ်များသည် ဆန္ဒမဲပေးသည့်နေ့ရက် ရောက်သည့်အခါ မဲရုံမဖွင့်မီ နံနက် ၅ နာရီ မထိုးခင် ကတည်းက မိမိတို့တာဝန်ကျသည့် မဲရုံများသို့အရောက် သွားကြရသည်။ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများက မဲရုံမှူးသို့ ဆန္ဒမဲလက်မှတ်များနှင့် မဲစာရင်းများ၊ မဲဆန္ဒ နယ်အတွင်းရှိ မဲဆန္ဒရှင်များက ကြိုတင်ဆန္ဒမဲပေးထားသည့် ပုံစံ ၁၃ များ လာအပ်သည့်အခါ စောင့်ကြည့်ကြရသည်။ ဥပဒေနှင့်မညီသည့် ပြုမူဆောင်ရွက်ချက်များတွေ့ ရှိလျှင် ကန့်ကွက်ပြောကြားနိုင်သည်။

**“လွတ်လပ်သောရွေးကောက်ပွဲဖြစ်စေရေး၊ တရားမျှတမှုဖြစ်စေရေး၊ ဥပဒေနှင့်အညီဖြစ်စေရေးတို့အတွက် ပူးပေါင်းပါဝင် ထိန်းကျောင်းမှုပြုနိုင်ဖို့ဆိုလျှင် စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်တွင် ပါဝင်ကြမည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များသည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲရုံကိုယ်စားလှယ်များသည်လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို နှံ့နှံ့စပ်စပ်၊ ကျွမ်းကျွမ်းကျင်ကျင် သိရှိနားလည်ထားကြဖို့ လိုအပ်”**

မဲရုံဖွင့်သည့် နံနက် ၆ နာရီမှစတင်၍ မဲရုံပိတ်ပြီး ဆန္ဒမဲများရေတွက်ခြင်းနှင့် မဲရလဒ်များ ကြေညာပြီးသည်အထိ သတ်မှတ်ထားသည့်အတိုင်း မဲရုံအတွင်း ဝင်ခွင့် နေထိုင်ခွင့်ရှိသည်။ မဲရုံမှူးက မဲရုံကိုယ်စားလှယ်များ နေထိုင်နိုင်ရန် နေရာစီစဉ်ဆောင်ရွက်ထားရှိသည်။ မဲဆန္ဒရှင် အမှန်တကယ် ဟုတ်မဟုတ်၊ ကိုယ်စားလာပေးသည်လား၊ အယောင်ဆောင်လာပေးသည်လား၊ နှစ်ကြိမ်နှစ်ခါ လာပေးသည်လား၊ ဆန္ဒမဲလက်မှတ်တစ်ခုထက်ပို၍ ထုတ်ပေးသည်လား၊ မဲရုံအတွင်း မဲဆွယ်ခြင်းပြုသည်လား၊ မသမာမှုတွေ ပြုသည်လား၊ လျှို့ဝှက်ဆန္ဒမဲပေးခြင်း မှန်သည်လား၊ မဲပုံးထဲသို့ ထည့်သည်လား၊ တစ်မဲထက်ပို၍ ထည့်သည်လား အစဉ်သဖြင့် စောင့်ကြပ်ကြည့်ရှုနေရသည်။ မဟုတ်မမှန်တွေ့သည်နှင့် သို့မဟုတ် ဥပဒေနှင့်မညီဘဲ ဆောင်ရွက်သည်ကိုမြင်သည်နှင့် ချက်ချင်း မဲရုံမှူးသို့ ကန့်ကွက်ပြောကြားရသည်။ မဲရုံရှိ သက်ဆိုင်ရာရပ်/ကျေးကော်မရှင် အဖွဲ့ဝင်များသို့လည်း တင်ပြရသည်။ မိမိတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်ထံသို့လည်း ဆက်သွယ်ပြောကြားရသည်။

ထို့ပြင် ဆန္ဒမဲလက်မှတ်ရေတွက်ခြင်းသည် အရေးကြီးသည်။ မဲရုံကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင်ပင် ရေတွက်ရသည်။ မဲရုံမှူးက ပယ်မဲ၊ ခိုင်လုံမဲအဖြစ် သတ်မှတ်ကြေညာရာတွင် မဲရုံကိုယ်စားလှယ်များအနေဖြင့် သေသေချာချာ ကြည့်ရှုကြရသည်။ ကန့်ကွက်စရာရှိက ကန့်ကွက်နိုင်သည်။ တောင်းဆိုစရာရှိက တောင်းဆိုနိုင်သည်။ မဲရလဒ်စာရင်းများရေးသွင်းခြင်းကိုလည်း မဲရုံ ကိုယ်စားလှယ်များ၏ရှေ့တွင်ပင်ရေးသွင်းရပြီး ထိုသို့ စာရင်းသွင်းသည့်ပုံစံများပေါ်တွင် မဲရုံကိုယ်စားလှယ်များ ကိုယ်တိုင်ပါဝင် လက်မှတ်ရေးထိုးကြရသည်။ မဲရုံမှူးက ထုပ်ပိုးသည့် အထုပ်ကြီး၊ အထုပ်ငယ်များပေါ်တွင် မဲရုံမှူး၏ ချိပ်တံဆိပ်ရိုက်ရသကဲ့သို့ မဲရုံကိုယ်စားလှယ်များ၏ ချိပ်တံဆိပ်ကိုလည်း ရိုက်ခွင့်ရှိကြသည်။

**ပွဲကိုင်များအသွင် ပါဝင်ထိန်းကျောင်းကြစေချင်**

ယခုဖော်ပြချက်များသည် ရွေးကောက်ပွဲတစ်ခု၌ နိုင်ငံရေးပါတီများက ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ကြရသည့် လုပ်ငန်းစဉ်များထဲမှ ထင်သာမြင်သာရှိသည့် အနှစ်ချုပ် အချို့သာဖြစ်သည်။ ဤသည်ကိုကြည့်ခြင်းဖြင့် နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲ စီမံခန့်ခွဲသူများ၏ ရွေးကောက်ပွဲစီမံခန့်ခွဲမှုများတွင် ပါဝင်ကူညီဆောင်ရွက်ခွင့် ရှိနေကြသည်။ တစ်နည်းအားဖြင့် ရွေးကောက်ပွဲစီမံခန့်ခွဲပိုင်ခွင့်ရှိသူများ၏ ရွေးကောက်ပွဲစီမံခန့်ခွဲရေး လုပ်ငန်းစဉ်များတွင် ဥပဒေနှင့်အညီဖြစ်စေရေး၊ တရားမျှတမှုရှိစေရေး၊ လွတ်လပ်သော ရွေးကောက်ပွဲဖြစ်စေရေးဆီသို့ ဦးတည်ချက်တူ၊ ပန်းတိုင်တူ ပါဝင်ဆောင်ရွက်ခွင့် ရှိနေကြသည်။

လွတ်လပ်သောရွေးကောက်ပွဲ ဖြစ်စေရေး၊ တရားမျှတမှုဖြစ်စေရေး၊ ဥပဒေနှင့်အညီဖြစ်စေရေးတို့အတွက် ပူးပေါင်းပါဝင် ထိန်းကျောင်းမှုပြုနိုင်ဖို့ဆိုလျှင် စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်တွင် ပါဝင်ကြမည့် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များသည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲရုံကိုယ်စားလှယ်များသည် လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်း ဥပဒေများကို နှံ့နှံ့စပ်စပ်၊ ကျွမ်းကျွမ်းကျင်ကျင် သိရှိနားလည်ထားကြဖို့ လိုအပ်မည်ဖြစ်သည်။ သို့မှသာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ မတိမ်းမစောင်း၊ မချွတ်ချော်စေရေး၊ မဲဆွယ်စည်းရုံးရေးကာလ ဖြစ်ပေါ်တတ်သော အငြင်းပွားမှုများနှင့် စေ့စပ်ညှိနှိုင်းရေးတွင် ရွေးကောက်ပွဲ စီမံခန့်ခွဲသူများနှင့်အတူ ပွဲကိုင်များအသွင် ပါဝင်ထိန်းကျောင်းသွားနိုင်ကြပါမည်။

**ဥပဒေနှင့်အညီဖြစ်စေဖို့ အားလုံးပါဝင်ကြပါစို့**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ဝေထားသည့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများတွင် ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲ ကန့်ကွက်လွှာများနှင့် အယူခံမှုဆုံးဖြတ်ချက်များ (ကောက်နုတ်ချက်) စာအုပ်တို့ကို လေ့လာဖတ်ရှုသင့်ကြသည်။ အချို့သောကန့်ကွက်လွှာအမှုများ၌ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့ ကိုယ်တိုင်ကပင် ရွေးကောက်ပွဲဥပဒေများနှင့် နည်းဥပဒေများကို သေချာလေ့လာဖတ်ရှုဖူးခြင်း မရှိခဲ့ကြကြောင်း တွေ့ရသည်။ ဤသို့ဆိုလျှင် ၎င်းတို့ကခန့်ထားသော မဲရုံကိုယ်စားလှယ်များအနေဖြင့် မည်သို့သောအနေအထားတွင် ရှိနေကြမည်နည်း စဉ်းစားမိသည်။

ယခု ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲရုံများတွင် တာဝန်ယူကြရမည့် မဲရုံ ကိုယ်စားလှယ်များ၊ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်တွင် ပါဝင်ကြမည့် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များသည် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းစဉ်များကို မိမိတို့ကိုယ်တိုင်က ကောင်းစွာသိရှိနားလည်ကြရန် လိုအပ်သည်။ ထိုသို့ သိရှိနားလည်စေရန် ဆွေးနွေးပွဲများ၊ သင်တန်းများပြုလုပ်၍ ရှင်းလင်းအသိပေးပြီး အထွေထွေရွေးကောက်ပွဲကြီး လွတ်လပ်ရေး၊ တရားမျှတရေး၊ ဥပဒေနှင့်အညီ ဖြစ်စေရေးတို့အတွက် ထောက်ပြ၊ ဝေဖန်၊ အကြံပြု ပါဝင်ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပါဗျာ။ ။

- ❖ ရွေးကောက်ပွဲစီမံခန့်ခွဲသူများ ဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ဆောင်ရွက်နိုင်ကြပါစေ၊
- ❖ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ ပါဝင်ကူညီဆောင်ရွက်နိုင်ကြပါစေ၊
- ❖ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးဆီသို့ ဦးတည်နိုင်ကြပါစေ။ ။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် FSDP Project အောက်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် Design & Supervision for Renovation of Training Center (Nay Pyi Taw)အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၁၈-၅-၂၀၂၀ ရက်မှ ၂၇-၅-၂၀၂၀ရက်အထိ ရုံးဖွင့်ရက်များအတွင်း အောက်ဖော်ပြပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါဖွင့်ဖောက်ခြင်းအား ၂၄-၆-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် Video Conferencing ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၄-၆-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီ မတိုင်မီနောက်ဆုံးထား၍ ရောက်ရှိစေရန် စာတိုက်(သို့မဟုတ်)အမြန်ချောပို့မှုတစ်ဆင့် ရုံးအမှတ် (၅၅)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ရာဇသင်္ဂဟလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်သို့လိပ်မူ၍ တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါအာမခံကြေးအဖြစ် သုံးလသက်တမ်းရှိသော Bank Guarantee အား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူချိပ်ပိတ်၍ စာတိုက်မှမှတ်ပုံတင်ခြင်း(သို့မဟုတ်)အမြန်ချောပို့မှုတစ်ဆင့် တင်သွင်းရပါမည်။ (ငွေသား သို့မဟုတ် P.O Cheque ဖြင့် တင်သွင်းခြင်းကို လုံးဝလက်ခံမည်မဟုတ်ပါ။)

၅။ ဆက်သွယ်ဝယ်ယူရန် လိပ်စာများမှာ-

(က) ဦးရင်သောင်း၊ ညွှန်ကြားရေးမှူး
စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန(နေပြည်တော်)
ဖုန်း-၀၆၇-၃၄၁၈၅၉၅၊ ၀၆၇-၃၄၁၈၂၉၃
E-mail Address : yinthaung@cbm.gov.mm, pyonepyonesoe@cbm.gov.mm

(ခ) ဒေါ်ခင်နွဲ့အောင်၊ ညွှန်ကြားရေးမှူး
စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန(ရန်ကုန်)
ဖုန်း-၀၁-၉၅၄၃၅၃၆၊ ၀၁-၉၅၄၃၇၇၀
E-mail Address:khinnwetaung@cbm.gov.mm

## မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကျောက်ကြီး၊ ခွဲကျောက်၊ သဲ၊ ဘိလပ်မြေ သယ်/ပို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်မှ (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်အတွင်း ကမ္ဘာ့ဘဏ်ချေးငွေ (ADSP) ဖြင့်ဆောင်ရွက်သည့် ဇီးတောရေလွှဲဆည် ဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သောကျောက်ကြီး ၃၁၁၃ဒသမ၅ ကျင်း၊ ခွဲကျောက် ၈၃ဒသမ၇၅ ကျင်း၊ သဲ ၂၂၅ ကျင်းနှင့် ဘိလပ်မြေ သယ်/ပို့ခြင်း ၂၃၉ဒသမ၅ တန်အား ၁၆-၅-၂၀၂၀ ရက်မှစ၍ မြန်မာကျပ်ငွေ ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများအား လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့တွင် ၁၆-၅-၂၀၂၀ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၆-၂၀၅၀၂၃၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာရယူရမည့်ရက် | - | ၁၆-၅-၂၀၂၀ ရက်မှ ၂၉-၅-၂၀၂၀ ရက်ထိ |
| (ခ) တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန် | - | ၂၉-၅-၂၀၂၀ရက်၊ ၁၆:၃၀ နာရီ |
| (ဂ) တင်ဒါဖွင့်မည့်ရက် | - | ၃၀-၅-၂၀၂၀ရက် |
| (ဃ) တင်ဒါဖွင့်မည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ |

မှတ်ချက်။ ။ တင်ဒါဖွင့်မည့်ရက် အပြောင်းအလဲရှိပါက ထပ်မံကြော်ငြာပါမည်။

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ကျောက်ဆည်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကိုဋ္ဌပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## မိုးညှင်းခရိုင်တရားရုံးတော်၌
## ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် - ၂၅ နှင့် ဆက်သွယ်သည့် ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် - ၄

| | | |
|---|---|---|
| ၁။ ဒေါ်မေသွယ်နှင်း | နှင့် | ၁။ ဦးအောင်သိုက် |
| ၂။ ဦးငွေးအောင် | | ၂။ ဒေါ်သန္တာမွန် |
| ၃။ ဒေါ်ခင်သန်းနု | | |
| ၄။ ဒေါ်လှဲ့လှဲ့ဖြူ | | |
| ၅။ ဒေါ်မိုးစိန် | | |
| ၆။ ဒေါ်နွဲ့နွဲ့ဝင်း | | |
| ၇။ ဒေါ်စန်းဦး | | |
| **ဒီကရီအနိုင်ရသူများ** | | **တရားရှုံးများ** |

ရန်ကွက်(၃)၊ နန့်မွန်းမြို့၊ မိုးညှင်းမြို့နယ်နေ ဦးအောင်သိုက်နှင့် ဒေါ်သန္တာမွန်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

မိုးညှင်းခရိုင် တရားရုံး၏ ၂၀၁၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်မေသွယ်နှင်း ပါ-၇က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၃ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ ပြည့်နှစ် မေ ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှိုင်မျိုးအောင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**မိုးညှင်းခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းဒေသကြီး အစိုးရအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ (လျှောက်လွှာခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံကြီး/ဆေးရုံ/မြို့နယ်ဆေးရုံ/တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်ရန် လက်ထောက်ဆရာဝန်ရာထူး (လစာနှုန်း ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀) နေရာများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။ လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်ပြီး ကျန်းမာကြောင်း ဆေးလက်မှတ်တင်ပြနိုင်သူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။ လျှောက်လွှာပိတ်ရက်တွင် (M.B,B.S) (ဆေးပညာဘွဲ့)နှင့် လက်ရှိတရားဝင် ဆရာဝန်အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ)ကိုင်ဆောင်ထားသူဖြစ်ရမည်။ မိတ္တူများကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်ဖြစ်ပြီး တင်ပြနိုင်မှုမရှိပါက ပယ်ဖျက်မည်ဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း အသားတင်လုပ်သက်(၃)နှစ်ပြည့်အောင် နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆေးပညာ မဟာသိပ္ပံဘွဲ့လွန်စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး အောင်မြင်ပါက တက်ရောက်ခွင့်ပြုပါမည်။ သို့ရာတွင် ဆေးပညာ မဟာသိပ္ပံဘွဲ့လွန်သင်တန်းအောင်မြင်ပြီး ကျွမ်းကျင်မှုရရှိရေး လေ့ကျင့်ရေးကာလပြီးဆုံးပြီးနောက် တနင်္သာရီတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်မှု(၃)နှစ်ပြည့်အောင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

| | | |
|---|---|---|
| ၃။ လျှောက်လွှာစတင်ရောင်းချမည့်ရက် | - | တနင်္သာရီတိုင်းဒေသကြီး ကုသရေးဦးစီးဌာနတွင် |
| ၁၈-၅-၂၀၂၀ရက် မှ ၁၇-၆-၂၀၂၀ ရက်အထိ လူကိုယ်တိုင် ဝယ်ယူလျှောက်ထားရမည်။ | | (လူတွေ့နှုတ်ဖြေနှင့် စိတ်အခြေအနေ စစ်ဆေးခြင်းကို တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင် ဖြေဆိုရမည်။ စာမေးပွဲဝင်ကြေးငွေကျပ် ၅၀၀၀/- အား တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပေးသွင်းရမည်။) |
| ၄။ လျှောက်လွှာပိတ်ရက် | - | ၁၇-၆-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)၊ ညနေ ၄:၃၀ နာရီ |
| ၅။ အသေးစိတ်သိရှိလိုပါကဆက်သွယ်ရန် | - | တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တယ်လီဖုန်း အမှတ် ၀၅၉- ၂၀၂၃၅၅၇၊ တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ တယ်လီဖုန်း အမှတ် ၀၅၉-၂၀၂၁၃၄၄ |

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်ရှိ တိုးလ်ဂိတ်များတွင် (ETC) စနစ် ပြန်လည်စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန် - မန္တလေးအမြန်လမ်းပေါ်ရှိ တိုးလ်ဂိတ်များ တွင် တပ်ဆင်ထားသော (ETC) စနစ်အား အဆင့်မြှင့်တင်ဆောင်ရွက်ပြီးဖြစ်ပါသောကြောင့် ၂၂-၅-၂၀၂၀ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး (ETC)စနစ်ဖြင့် လမ်းအသုံးပြုခပေးဆောင်ခြင်းကို စတင်အသုံးပြုနိုင်ပြီဖြစ်ပါကြောင်း အမြန်လမ်းအသုံးပြုသူများအား အသိပေးကြေညာအပ်ပါသည်။

**လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း(မြစ်ကြီးနား) KMSS-Myitkyina အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

KMSS-Myitkyina သည် ကချင်ပြည်နယ်အတွင်းရှိ ယာယီစစ်ရှောင်စခန်းများရှိ ကျောင်းများတွင် ကျောင်းသုံးစာရေးကိရိယာများနှင့် ကျောင်းသုံးကျောပိုးအိတ်များကို လှူဒါန်းသွားမည်ဖြစ်သည်။ ထိုသို့လှူဒါန်းနိုင်ရန်အတွက် ကျောင်းသုံးစာရေးကိရိယာများနှင့် ကျောပိုးအိတ်များကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသည့် မည်သူမဆို တင်ဒါလျှောက်လွှာများကို အောက်ဖော်ပြပါ ရုံးလိပ်စာသို့ ၁၆-၅-၂၀၂၀ မှ ၂၅-၅-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း အခမဲ့လာရောက်ထုတ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **U Ja Li** | **U Zaw Mai** |
| **Admin Manager** | **Logistics Manager** |
| **09-781674569** | **09-259036946** |
| **adminmanager@kmss-mkn.org** | **logisticsmanager@kmss-mkn.org** |

**ကရုဏာစည်းလုံးညီညွတ်ရေးအသင်း(မြစ်ကြီးနား)**
**အမှတ် (၁၀၅)၊ စိန့်ကိုလန်ဘန်ဘုရားကျောင်းဝင်း၊ အောင်နန်းရိပ်သာ၊ မြစ်ကြီးနား၊ ကချင်ပြည်နယ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ရမည်းသင်းခရိုင်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၅

| | | |
|---|---|---|
| ဒေါ်ခိုက်ခိုက်ဆန်း | နှင့် | မအေးစန္ဒာဦး |
| **တရားလို** | | **တရားပြိုင်** |

မအေးစန္ဒာဦး (ဘ) ဦးမောင်ကံ ၈/စလန(နိုင်)၁၃၃၆၂၆၊ စားကြည့်ဦး ဂဏန်းကမ္ဘာနှင့် Beer Station ၊ စစ်ကိုင်း - မန္တလေးလမ်း၊ ဗိုလ်အိမ်အကျော်၊ ဦးပွားကုန်းကျော်အနီး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ခိုက်ခိုက်ဆန်း(ဘ)ဦးကြီးရွှေ ကတရားလိုထံမှ တရားပြိုင်ရယူထားသည့် စုကြေးထည့်ဝင်ငွေ (၂၁၈၀၀၀၀၀) (ငွေကျပ်နှစ်ရာတစ်ဆယ့်ရှစ်သိန်းကျပ်တိတိ)နှင့် နစ်နာကြေး (၃၀၀၀၀၀၀) (သိန်းသုံးဆယ်) စုစုပေါင်း ၂၄၈၀၀၀၀၀(နှစ်ရာလေးဆယ့်ရှစ်သိန်း)ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၉ ရက် (၁၃၈၂ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်သန်းငွေး)**
**ခရိုင်တရားသူကြီး**
**ရမည်းသင်းခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်-နေပြည်တော်အမြန်လမ်းမိုင်တိုင်အမှတ် (၀/၀) မှ (၂၆/၄)ထိ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ နယ်နိမိတ်ဆုံးလမ်းဘေး(အမြန်လမ်း ဝဲ/ယာ)တစ်လျှောက်တွင် CCTV တပ်ဆင်မည့်နေရာ ခုနစ်နေရာနှင့် တပ်ဆင်သည့် CCTV Camera များ တိုက်ရိုက်ကြည့်ရှုထိန်းချုပ်မည့် CCTV အထိုင်စက် (Control Room)အား နေရာသုံးနေရာတွင် LCD Moniter တစ်လုံးစီနှင့် Control တပ်ဆင်ရန်အတွက် စိတ်ပါဝင်စားသူ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) တင်ဒါပုံစံရောင်းချမည့်နေရာ | - | ဒဂုံမြို့နယ်၊ ပြည်လမ်း၊လွှတ်တော်ဝင်းအတွင်းရှိ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ဌာန |
| (ခ) တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၈-၅-၂၀၂၀ရက် |
| (ဂ) တင်ဒါပုံစံပိတ်မည့်ရက် | - | ၁၆-၆-၂၀၂၀ရက်၊ ၁၆:၀၀နာရီ |
| (ဃ) တင်ဒါပုံစံတင်သွင်းရမည့်ရက် | - | ၁၇-၆-၂၀၂၀ရက်၊ ၁၆:၀၀ နာရီ |

၂။ အထက်ဖော်ပြပါ CCTV Camera များတပ်ဆင်ခြင်းလုပ်ငန်းအား စိတ်ပါဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၈၃၁၇၅၂၀၊ ၀၁-၈၃၁၇၅၂၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ်၏ ငွေကြေးလွှဲပြောင်းခြင်းဆိုင်ရာလုပ်ငန်းကို ပြင်ပပုဂ္ဂလိကဝန်ဆောင်မှုအဖွဲ့အစည်းများထံသို့ လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ငွေကြေးလွှဲပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့အစည်းများအနေဖြင့် အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်နေရာနှင့် အဆိုပြုလွှာတင်သွင်းရမည့်နေရာ | - | လူမှုကာကွယ်စောင့်ရှောက်ရေးဌာနခွဲ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးအမှတ် (၂၃)၊ နေပြည်တော် |
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၅-၆-၂၀၂၀ရက်မှ ၁၉-၆-၂၀၂၀ရက်အထိ |
| တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက်နှင့်အချိန် | - | ၂၂-၆-၂၀၂၀ရက်မှ ၂၆-၆-၂၀၂၀ရက်အထိ ရုံးချိန်အတွင်း |

၃။ တင်ဒါကြော်ငြာပုံစံကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.dsw.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လူမှုဝန်ထမ်းဦးစီးဌာန**
**ရုံးအမှတ် (၂၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၄၅၈၃**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၅-၂၀၂၀ ရက်ထုတ် ဤသတင်းစာစာမျက်နှာ (၂၇)ပါ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းယှဉ်ပြိုင်အဆိုပြုလွှာ၊ Swiss Challenge ခေါ်ယူခြင်းကြော်ငြာတွင် အမှတ်စဉ် (၁) (ဂ)တွင် စီမံကိန်းအဆိုပြုလွှာစတင်ရောင်းချမည့်ရက် ၁၅-၆-၂၀၂၀ ရက် အစား စီမံကိန်းအဆိုပြုလွှာလျှောက်လွှာတင်သွင်းရမည့်ရက် ၁၅-၆-၂၀၂၀ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကိုဋ္ဌပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## မိုးညှင်းခရိုင် တရားရုံးတော်၌
## ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် - ၂၆ နှင့် ဆက်သွယ်သည့် ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် - ၅

| | | |
|---|---|---|
| ဒေါ်စန်းယုကြည် | နှင့် | ၁။ ဦးအောင်သိုက် |
| | | ၂။ ဒေါ်သန္တာမွန် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရပ်ကွက်(၃)၊ နန့်မွန်းမြို့၊ မိုးညှင်းမြို့နယ်နေ ဦးအောင်သိုက်နှင့် ဒေါ်သန္တာမွန်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

မိုးညှင်းခရိုင်တရားရုံး၏ ၂၀၁၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၆ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်စန်းယုကြည်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၃ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ ပြည့်နှစ် မေ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှိုင်မျိုးအောင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**မိုးညှင်းခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကသာမြို့နယ်၊ ကျုန်တောကျေးရွာ အုပ်စု၊ နယ်မြေ (၅)နေ ဦးဘရန်ဆိုင်း၏ သမီး ဒေါ်ခေါန်ဆန်း (အလက-ခွဲ၊ လမ်းခွဲ) နှင့် ဒေါ်ခွန်ဆမ် ၅/ကသန(နိုင်)၀၅၃၀၁၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခေါန်ဆန်း(ခ)ဒေါ်ခွန်ဆမ်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ ဒေါ်ခက်ခက်မျိုးအေး ၊ တပ်ကြပ်တင်ထွေး ဒေါ်နီလာမွန်၊ ဦးခင်မောင်မြင့်တို့ အမည်ပေါက် ပါမစ်မြေကွက်အမှတ်( ၇၈B၊ ၇၉A၊ ၇၉B၊ ၈၀A၊ ၈၀B)တို့အား ဒေါ်ခက်ခက်မျိုးအေး ၁/ဗမန(နိုင်)၀၀၂၄၆၂ မှ မြေပေးမိန့်၊ ပျဉ်းမနားမြို့၊ မြို့မြေတိုင်းချဲ့ရေးကော်မတီသို့ ပေးသွင်းထားသည့် အိမ်ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချီ၊ ဦးပိုင်အမှတ်(၉၁ဃ)၊ ဧရိယာ ၀ဒသမ ၀၅၈ ဧကရှိ ဒေါ်လေးခင်၊ ဒေါ်သော်သော်ကြီး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၀၆၂/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနေမောင်မောင်စန်း ၉/ပမန(ပြု)၀၀၀၀၆၆ မှ အရောင်းအဝယ်စာချုပ် အမှတ် (၁၄/၂၀၀၇)၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး ဒေါ်ခင်စန်းကြွယ် ၁၂/လမန(နိုင်)၀၂၂၆၀၃ အမည်ဖြင့် ဘိုးဘပိုင်မြေကွက်အမည်ပေါက် ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ ဒေါ်လှိုင်လှိုင်မြင့် အမည်ပေါက် မြေကွက်အမှတ် ၂၃၈ မြေကွက်အား နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၄၈/၂၀၂၀)ရရှိသူ ဦးခွန်ရာပြည့် (ဘ) ဦးသောင်းနိုင် ၁၂/မရက(နိုင်)၁၅၁၇၆၃ မှ ဦးသောင်းနိုင် (ဘ) ဦးပုလေး ၁၃/ရငန(နိုင်)၀၀၁၁၀၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## မြေငှားဂရန်လျှောက်ထားမှုအတွက် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်ကွက်/ကျေးရွာ | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဦးထွန်းထွန်းအောင် | ပုသိမ်မြို့ | အမှတ်(၃) ရပ်ကွက် | ၃၅ မီးရထားလမ်း | ၆၉ | ၀.၀၇၃ | အသစ် |

အဆိုပါ လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**



# ကိုရီးယား - မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၄၅)နှစ်ပြည့် အထိမ်းအမှတ်အား ဂုဏ်ပြုကြိုဆိုအပ်ပါသည်။



INNO GROUP


## ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)

ကျိုင်းတုံခရိုင်တရားမရုံး၌

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၂၀

| | | |
|---|---|---|
| ဒေါ်ဒေလီယာ | နှင့် | ၁။ ဒေါ်နန်းတီ |
| | | ၂။ ဒေါ်ဖြူးလာ |
| (တရားလို) | | (တရားပြိုင်များ) |

မိုင်းခတ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအနီး (ယခုနေရပ်လိပ်စာမသိ)နေ တရားပြိုင်များဖြစ်ကြသော ၁။ ဒေါ်နန်းတီ၊ ၂။ ဒေါ်ဖြူးလာ တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မေ ၂၂ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းမေယဉ်)**
**ခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

## ဦးသိန်းလွင် ၁၂/သဃက(နိုင်)၀၂၆၆၂၂၊ ဒေါ်အေးမြမြတ်ခင် ၁၂/မရက(နိုင်)၀၀၄၉၉၂ နှင့် သက်ဆိုင်သူများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အမှတ် ၁၁ နေ ဦးနေလင်းအောင် ၁၂/ဗဟန(နိုင်)၀၂၄၉၈၃ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၇၀၄ ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် သုံးထပ်ခွဲတိုက်သစ်အဆောက်အအုံသည် ဦးသိန်းလွင်နှင့် ဒေါ်အေးမြမြတ်ခင်တို့ပိုင်ဆိုင်သည့် အဆောက်အအုံဖြစ်ပါသည်။ အဆိုပါတိုက်ကို ဆောက်လုပ်စဉ် ကန်ထရိုက်တာ ဦးနေလင်းအောင်က စိုက်ထုတ်သုံးစွဲထားရသည့် ငွေကျပ် ၉၂၉၄၀၀၀၀/- အား ရရန်အတွက် ဦးသိန်းလွင်နှင့် ဒေါ်အေးမြမြတ်ခင်တို့အပေါ် ရန်ကုန်တိုင်းဒေသကြီးအရှေ့ပိုင်းခရိုင်တရားရုံးတော်တွင် တရားမကြီးမှုအမှတ် ၈၃၄/၂၀၁၈ ငွေကျပ် ၁၁၂၉၄၀၀၀၀/- (ကျပ်တစ်ထောင့်တစ်ရာနှစ်ဆယ့်ကိုးသိန်းလေးသောင်း)တိတိရလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိထားပြီး ဒီကရီမှုအမှတ် ၅၂၄/၂၀၁၉ အား ဆက်လက်အမှုဖွင့်ထားပါသည်။

သို့ဖြစ်ပါ၍ တရားနိုင်ဦးနေလင်းအောင်၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ အချင်းဖြစ်အဆောက်အအုံ၏ မြေနှင့်အိမ်အား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းမပြုလုပ်ပါရန် တားမြစ်ပါသည်။ လိုက်နာခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက ပြုလုပ်သူတို့၏တာဝန်သာဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးကို (အထက်တန်းရှေ့နေ) (စဉ်-၁၁၁၃၃)**
**အမှတ် ၂၂၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၈၃၉၈၄**

## ဇနီးဖြစ်သူသိစေရန်

မြဝတီမြို့၊ အမှတ် (၃)ရပ်ကွက်၊ စစ်မှုထမ်းဟောင်းနေ ကျွန်တော် ဦးကျော်ကျော် ၃/ကကရ(နိုင်)၀၉၉၆၈၉၏ဇနီး ဒေါ်အေးသန်းမြင့် ၃/မဝတ(နိုင်)၀၆၉၅၉၅သည် ၂၀၁၇ခုနှစ်တွင် မိခင်နေအိမ်သို့ သွားရောက်ရာမှ ယနေ့အထိ ပြန်လည်ရောက်ရှိလာခြင်းမရှိပါသဖြင့် ဇနီးအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် သတင်းစာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ဆက်သွယ်ပါရန်နှင့် ဆက်သွယ်ခြင်းမရှိပါက ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးကျော်ကျော်**
**၃/ကကရ(နိုင်)၀၉၉၆၈၉**

## ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဘားအံခရိုင်တရားရုံးတော်၌

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၉

| | | |
|---|---|---|
| ဦးနိုင်ဝင်းခိုင် | နှင့် | ၁။ ဦးကာလီဘာ |
| | | ၂။ ဒေါ်ကာလီမာ |
| | | ၃။ ဦးဆာရာဂိုနာ |
| | | ၄။ ဦးကောဝင်ဒါဆာမိ (ခ) ဆာမိ |
| တရားလို | | တရားပြိုင်များ |

ဘားအံမြို့၊ ကော့ကျိုက်ကျေးရွာ၊ ကုလယ်စု၊ ဇာသပြင်အနောက်ကျေးရွာ အုပ်စုရပ်နေ (၃) တရားပြိုင် ဦးဆာရာဂိုနာ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားပြိုင်များပြုလုပ်မှုကြောင့် အဆောက်အဦနှင့် အတွင်းပစ္စည်းဆုံးရှုံးခဲ့ရသည့်အတွက် လျော်ကြေးငွေကျပ်သိန်း (၃၀၀)တိတိနှင့် နစ်နာကြေးငွေသိန်း(၅၀)တိတိ၊ စုစုပေါင်း ကျပ်သိန်း(၃၅၀) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဧပြီ ၉ရက် (၁၃၈၁ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းညိုရှင်းလင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ဘားအံခရိုင်တရားရုံး**

## ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မော်လမြိုင်ခရိုင်တရားရုံးတော်၌

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၁

| | | |
|---|---|---|
| မပန်းအိဖြူ | နှင့် | ၁။ မဥမ္မာကျော် |
| | | ၂။ ဦးမောင်သန်း |
| | | ၃။ ဒေါ်ဝု |
| တရားလို | | တရားပြိုင်များ |

မွန်ပြည်နယ်၊ မုဒုံမြို့၊ ကန်ကလေးဘုရားမုခ်ဦးရှေ့နေ (၃) တရားပြိုင် ဒေါ်ဝု (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မပန်းအိဖြူက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မေ ၂၈ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါရှိသူက တရားလို၏အဆိုလွှာအား ထုချေရှင်းလင်းရန် မော်လမြိုင်ခရိုင်တရားရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် ရုံးသို့သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းထိန်)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ကြီးပွားရေး-လုံးချင်း) လူနေရပ်ကွက်အမှတ်-ကြီးပွားရေးရပ်ကွက်၊ ကြီးပွားရေး(မြောက်ပိုင်း)ရပ်ကွက်၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ ပိတောက်လမ်း၊ အိမ်အမှတ်(၁၂)၊ မြေကွက်အမှတ်(၉၃)၊ အကျယ်အဝန်း(၆၀ပေ× ၆၀ပေ) ရှိ ဒေါ်မျိုးမျိုးသွင် (၁၂/တမန(နိုင်)၀၈၃၂၈၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်မျိုးမျိုးသွင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L, D.I.L, D.M.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၁၀၅၇/က၊ မောင်းမကန်ကမ်းသာလမ်း၊ အကျယ်အဝန်း (အလျားပေ ၂၀ x အနံပေ ၆၀)၊ ဧရိယာ ၀ ဒသမ ၀၂၇၅ ရှိ နှစ်၆၀ဂရန်မြေကွက်မှာ ဒေါ်တင်အေး ၁၂/မရက(နိုင်)၀၉၄၃၇၇ အမည်ပေါက်ဖြစ်ပါသည်။ သို့သော်လည်း အမည်ပေါက်လွှဲပြောင်းခြင်းမှတ်တမ်းအရ ဦးထွန်းမြင့်ဦး ၁၂/လမတ(နိုင်)၀၂၅၆၂၇ က လက်ရှိတရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပါသည်။ လက်ရှိဦးထွန်းမြင့်ဦး ပိုင်မြေကွက်နှင့်တိုက်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်အိမ်အပေါ် ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိန်းခင် B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၄၅)**
**တိုက် ၃၃၃၊ အခန်း ၈၊ (၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၆၅၂၂၅၀၇**

## အသိပေးကြေညာခြင်း

၁၄-၅-၂၀၂၀ ရက်တွင် လူမှုကွန်ရက်စာမျက်နှာ Zaw Zaw ဖေ့ဘုတ်အကောင့်မှ Kyae Myoaung အကောင့်အား tagတွဲလျက် "Alliance Stars ကုမ္ပဏီပိုင်ဆန်စက် (နေပြည်တော်)တန် (၇၀)တာဝန်ခံ (ဦးမင်းရွှေ)မှ စပါးဖိုး မပေးပါသဖြင့် ကုမ္ပဏီသူဌေးကြီး သိစေရန်" ဟူသောဖော်ပြချက်ကို ဆန်စက်ပုံများဖြင့် ပူးတွဲဖော်ပြကာ လွှင့်တင်ခဲ့ရာ ယင်းပြုလုပ်မှုသည် ဦးမင်းရွှေ (ဘ)ဦးအောင်မြင့် ၁၂/လသန(နိုင်) ၀၀၀၁၁၇ ၏ ဂုဏ်သိက္ခာကို များစွာထိခိုက်နစ်နာစေသဖြင့် Zaw Zaw ဖေ့ဘုတ်အကောင့်ပိုင်ရှင်မှ အဆိုပါလွှင့်တင်ဖော်ပြထားသည်ကို ဖြုတ်သိမ်းပေးရန်နှင့် ဦးမင်းရွှေအား အတိအလင်းပြန်လည်ဝန်ချတောင်းပန်ရန် အသိပေးကြေညာအပ်ပါသည်။

ဦးမင်းရွှေသည် Alliance Stars Co.,Ltd.၏ တာဝန်ပေးစေခိုင်းချက်အရ ဆန်စက်လုပ်ငန်းကို ကြီးကြပ်စီမံရသူသာဖြစ်ပြီး မည်သည့်စပါးပေးသွင်းသူတစ်ဦးတစ်ယောက်နှင့်မျှ သိရှိခြင်း၊ တွေ့ဆုံခြင်း၊ ဆက်သွယ်ခြင်း၊ ငွေပေးငွေယူပြုလုပ်ခြင်း အလျှင်းမရှိခဲ့ကြောင်းနှင့် သက်ဆိုင်သူကာယကံရှင်နှင့်သာ ငွေကြေးကိစ္စများကို ရှင်းလင်းရန်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လူမှုကွန်ရက်စာမျက်နှာရှိ လွှင့်တင်ဖော်ပြချက်ကို ဖြုတ်သိမ်းခြင်း၊ ဝန်ချတောင်းပန်ခြင်းပြုလုပ်ရန် ပျက်ကွက်ခဲ့ပါက Zaw Zaw ဖေ့ဘုတ်အကောင့်ပိုင်ရှင်အား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာဦး LL.B,D.I.L,D.I.P.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၉၈/၅-၁၂-၂၀၁၉)**
**အမှတ် (၅၈၉/ဈ)၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၅၇၉၈၄၅၈**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အထက (၆)၊ သာကေတ၊ သတ္တမတန်းမှ မောင်ဟိန်းတေဇ၏ ဖခင်အမည်မှန်မှာ ဦးသိန်းထူး ၁၂/လကန(နိုင်)၁၉၃၈၂၀ ဖြစ်ပါကြောင်း။

**ဦးသိန်းထူး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ (၂) ရပ်ကွက် အမက (ကော့သဖြူ) စတုတ္ထတန်းမှ မအိသဇင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၁၀/မဒန(နိုင်)၂၃၂၂၄၄ ဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ရွှေအင်ကြင်းရပ်) မြေကွက်အမှတ် (ဒ-၄၄၂)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးဇော်မင်း (ဘ)ဦးတင်မောင် ၉/လဝန(နိုင်)၁၄၅၃၃၆ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်စန္ဒာအေး (ဘ)ဦးညွှန့်မောင် ၈/မကန(နိုင်)၁၅၄၃၈၂ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်ထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အလိမ္မာ စာမှာရှိ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဝဏ္ဏကျော်ထင် ဦးတင်လှိုင် အသက် (၉၈)နှစ်

**BA, B.L., B.C.S**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**အဖွဲ့ဝင်(ငြိမ်း) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**

ရန်ကုန်မြို့၊ အမှတ် (၂၃၃)၊ (၂၃)ရပ်ကွက်၊ စရည်းပင်လမ်းသွယ်၊ သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ်နေ (ဦးမောင်ကြီး-ဒေါ်ခင်ခင်)တို့၏သား၊ (ဦးကိုကို-ဒေါ်ခင်ညွန့်)၊ (ဒေါ်ခင်သန်း)တို့၏ ညီ/မောင်၊ ဒေါ်တင်မေသိန်း၏ခင်ပွန်း၊ ဒေါ်ဝါဝါမေတင်လှိုင် [လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ် (၁)စက်မှုဝန်ကြီးဌာန] ဒေါ်သူဇာမေတင်လှိုင်-ဦးကျော်စိုးသိန်း (ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါက်တာ ဥမ္မာမေတင်လှိုင်-ဦးမျိုးမြင့်ဦး (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)တို့၏ဖခင်ကြီး၊ မြေး သုံးယောက်တို့၏အဘိုးသည် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးအောင်ကျော်ဦး (ငြိမ်း) လေ-၁၃၀၇

**လေယာဉ်မှူး(ငြိမ်း) မြန်မာ့လေကြောင်း**

**အထွေထွေမန်နေဂျာ(ငြိမ်း) ကုန်းလမ်းပို့ဆောင်ရေး**

**အသက် (၈၂) နှစ်**

ရေနံချောင်းမြို့နေ (ဦးဘသက်-ဒေါ်မြသင်) တို့၏သား၊ အောင်ပန်းမြို့နေ (ပွဲစားလှ-ဒေါ်မြင့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၁ ရပ်ကွက်၊ ရာဇသင်္ကြန် (၆)လမ်း အိမ်အမှတ် ၂၆၈ (A) နေ ဒေါ်ခင်သိန်းသိန်း၏ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးအောင်မော် (ငြိမ်း) - ဒေါ်နှင်းသီတာဦး၊ ဦးခိုင်ထွန်းဦး (ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန)- ဒေါ်နှင်းသန္တာဦး၊ ဒေါ်နှင်းစန္ဒာဦး (Thaicom Public Company Limited)၊ ဗိုလ်မှူးကြီး သိန်းထိုက်ဦး-ဒေါ်ယဉ်ယဉ်အောင် တို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မသက်နှင်းဆု၊ မယဉ်မေနှင်း၊ မမေသက်နှင်း၊ မရှင်းသန့်နှင်း၊ မအေးသန့်နှင်း၊ မောင်ခန့်လင်းသူ၊ မောင်လင်းသန့်မင်းနှင့် မဆုယဉ်နှင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့) ည ၁၀နာရီ ၄၈ မိနစ်တွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၆-၅-၂၀၂၀ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား စိတ်နှလုံးညိုးနွမ်းစွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစံညွန့်(ပုလောမြို့)

**အသက် (၈၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗထူးလမ်းနေ (ဦးမြလှိုင် - ဒေါ်ကြင်စီ)တို့၏သား၊ (ဦးဘစိုး- ဒေါ်ကြင်ဟုန်)တို့၏သားသမက်၊ ဒေါ်စန်းစန်းနွယ်၏ခင်ပွန်းသည် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် ၂၇၇နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဦးစံညွန့်(ပုလောမြို့)

**အသင်းဝင်အမှတ် ၅၉၁၁**

**အသက် (၈၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗထူးလမ်းနေ ဒေါ်စန်းစန်းနွယ်၏ခင်ပွန်းသည် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁:၄၅ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြောင်းမြမြို့၊ (၈)ရပ်ကွက်၊ နတ်စင်လမ်းနေ ဦးစိုးနိုင် - ဒေါ်ခင်မာချိုတို့၏ သမီး မပေမာစိုး ၁၄/မမန(နိုင်)၂၁၇၆၅၅သည် မိဘတို့၏ဆိုဆုံးမမှုကို မခံယူဘဲ မိမိသဘောဆန္ဒဖြင့် နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းနှင့် ပတ်သက်သော ကိစ္စအရပ်ရပ်အားလုံး၀ တာဝန်မယူကြောင်းနှင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။

**ဦးစိုးနိုင်-ဒေါ်ခင်မာချို**

**မြောင်းမြမြို့**

## သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြကြည် အသက်(၈၉)နှစ်

**(ဇေယျာထွန်း ပွဲရုံ-ဘုရင့်နောင်)**

ပြည်ခရိုင်၊ ပန်းတောင်းမြို့နေ (ဦးမောင်ကေ-ဒေါ်ကျင်အေး) တို့၏သမီး၊ ပြည်မြို့နေ (ဦးယုံစိန်-ဒေါ်ပွေကျွမ်း)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် ၂၇နေ (ဦးကျင်လန်း)၏ဇနီး၊ ဦးမောင်စိန်-ဒေါ်ခင်မာဝင်း(တရုတ်-တိုင်ပေ)၊ ဦးအောင်ဝင်း-ဒေါ်နုနုရီ(စင်ကာပူ)၊ ဒေါ်ခင်ခင်ရီ(ခ)ဝတုတ်(ဇေယျာထွန်းပွဲရုံ)၊ ဒေါက်တာ မင်းစိန်-ဒေါ်လှလှသိန်း(တရုတ်-တိုင်ပေ)တို့၏ချစ်လှစွာသောမိခင်၊ မြေး ခုနစ်ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၅-၅-၂၀၂၀ရက် နံနက် ၇:၅၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သုဝဏ္ဏဘူမိသထုံအသင်း(ရန်ကုန်)

## ဦးငွေသိန်း(သထုံ) အသက်(၈၀)

**(ကျုံပျော်မြို့နယ်၊ လုပ်ငန်းစစ်ဆေးရေး ဥက္ကဋ္ဌ-ငြိမ်း)**

**အသင်းဝင်အမှတ် ၁၁၇၆**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ ၁လမ်း၊ အမှတ် ၁၂၀နေ ဒေါ်မြနွဲ့ရီ ၏ချစ်လှစွာသော ခင်ပွန်းသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း သထုံအသင်းသူ၊ အသင်းသားများအား အသိပေးအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

**သုဝဏ္ဏဘူမိ(သထုံအသင်း)ရန်ကုန်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စောဦး အသက်(၇၅)နှစ်

**(ကုန်သွယ်/လယ်ယာ-ငြိမ်း)**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နေ (ဦးတင်ဦး-ဒေါ်လှတင့်)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နေ (ဦးမြတ်ထွန်း-ဒေါ်မြညိမ်း)တို့၏သမီးချွေးမ၊ (ဦးညိုဝင်း)-ဒေါ်ခင်ခင်ဦးတို့၏ညီမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် ၁၃၀၆နေ (ဦးကျော်မြိုင်)(ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)(ငြိမ်း)၏ဇနီး၊ ဦးအောင်ကျော်စိုး(ဆည်/ရေ)- ဒေါ်မိုး သဉ္ဇာမော်(ဆည်/ရေ)၊ ဦးစိုးရွှေ(I & H ENGINEERING Co.,Ltd)-ဒေါ်တင်တင်စိုး(Shwe FM)တို့၏မိခင်၊ ဒေါ်ခင်မျိုးမျိုးဝင်း(သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန)၊ဦးကျော်စိုးဝင်း-ဒေါ်တင်နီလာလွင်တို့၏အဒေါ်၊ မောင်နိုင်မင်းခန့်(TTC)၊ မောင်ပိုင်မင်းသန့်၊ မောင်လင်းထွဋ်ခေါင်တို့၏အဘွားသည် ၁၄-၅-၂၀၂၀ရက်(ကြာသပတေးနေ့) ညနေ ၃:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၀ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သားအဖြစ်မှစွန့်လွှတ်ခြင်း

တောင်ငူမြို့၊ ကေတုမတီမြို့သစ်၊ နတ်သျှင်နောင်(၃)လမ်း၊ ခြံအမှတ် ၆၂၃ နေ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်တို့၏သား ဦးဇော်ဝင်းအောင် ၇/တငန(နိုင်)၁၀၁၀၇၇ သည် ခွင့်မလွှတ်နိုင်သည့်ကိစ္စကို ပြုလုပ်သွားပါသဖြင့် ၁၅-၅-၂၀၂၀ ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးမြင့်အောင်-ဒေါ်မြင့်မြင့်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အုန်းရွှေ(ပိန်းဇလုပ်ရွာမ)

**အသက် (၁၀၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်ရွာမနေ (ဦးဒီကိုး-ဒေါ်ခိုဒဲ) တို့၏သမီး၊ ဦးထွန်းရွှေ၏ဇနီး၊ ဦးစိုးလွင် [B.A (Geog), H.G.P, R.L]- ဒေါ်နော်ဝင်းမြင့်၊ ဒေါက်တာ ဦးကြည်စိုး(ပါမောက္ခချုပ်-ငြိမ်း၊ ပဲခူးတက္ကသိုလ်)၊ ဒေါ်ချောစုတို့၏ မိခင်၊ စောနေမူး၊ စောကော်နေစိုး၊ စောဟဲနေစိုး၊ နော်စန္ဒာမြင့်တို့၏ အဘွားသည် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ကျောက်တံခါးမြို့၊ ကျွန်းကုန်းတောရကျောင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သုဝဏ္ဏဘူမိသထုံအသင်း(ရန်ကုန်)

## ဦးလှသိန်း(သထုံ)တောင်စွန်း

**အသင်းဝင်အမှတ် ၁၅၅၆**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ၄က်ပျောတောလမ်း၊ အမှတ် ၄၂၊ ခြောက်လွှာ/B နေဒေါ်အမာ၏ချစ်လှစွာသောခင်ပွန်းသည် ၁၃-၅-၂၀၂၀ရက် မွန်းလွဲ ၂:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက် နံနက် ၉:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း သထုံအသင်းသူ၊ အသင်းသားများအား အသိပေးအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

**သုဝဏ္ဏဘူမိ(သထုံအသင်း)ရန်ကုန်**

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးမြင့်ဆွေ

**ဘူမိဗေဒအရာရှိ(ငြိမ်း)၊ ဘ.ခ.ရ၊ သတ္တုတွင်းဝန်ကြီးဌာန**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ် ၅၄(ပထမထပ်)နေ (ဦးကျော်စိုး-ဒေါ်အေး)တို့၏သား၊ ဒေါ်ခင်ခင်၏ခင်ပွန်း၊ ဦးချစ်ရအောင်-ဒေါ်စောနန္ဒာဆွေ၊ ဦးဝေလင်းဦး-ဒေါက်တာ ခင်လဲ့လဲ့ဆွေတို့၏ဖခင်၊ မချစ်သက်လျှာဆွေ၊ နေခြည်လင်းထက်(သဝမ်)၊သော်တာလင်းထက်(ဒီရမ်း)တို့၏ အဘိုး သည် ၁၅-၅-၂၀၂၀ရက် နံနက် ၇:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဲမှူးသိန်းမြင့်(ငြိမ်း)

**အသက် (၇၁)နှစ်**

တောင်သာမြို့၊ (၆)ရပ်ကွက်၊ စည်ပင်လမ်းနေ (ဦးစံကွန့်)-ဒေါ်ရွှေတင်တို့၏သား၊ ဒေါ်ခင်ကြူ၏ခင်ပွန်း၊ ဒေါ်သိန်းသိန်းမွန်၊ ဒေါ်မာလာသိန်း၊ ဦးရာဇာညွန့်-ဒေါ်ယုမွန်သိန်း၊ ဒေါ်စုမွန်ရည်တို့၏ဖခင်၊ မကြယ်စင်ညွန့် ၏ အဘိုးသည် ၁၀-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ ရက်တွင် တောင်သာမြို့၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရှုကြည် အသက် (၇၁)နှစ်

**ကျောင်းအုပ်ကြီး(ငြိမ်း)၊ အထက (၇) မော်လမြိုင်**

မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်၊ (၁၄)လမ်း၊ အမှတ် (၂၂)နေ (ဦးကျင်လျှောင်ရွှေ-ဒေါ်အေးရီ)တို့၏သမီး၊ (ဦးစိန်အောင်)၏ဇနီး၊ ဒေါ်ဝင်းကြည်၊ (ဦးဖေကြည်)၊ (ဒေါ်မေမေသိန်း)တို့၏ညီမ၊ ဒေါ်လှလှကြည်၊ ဒေါ်တင်တင်ကြည်၊ ဦးဝင်းကိုကို၊ ဒေါ်သင့်သင့်လှိုင်၊ (ဦးသူကိုကို)၊ ဒေါ်သူသူလှိုင်တို့၏အစ်မ၊ မခိုင်မာလာအောင်၊ မောင်လင်းသိန်းထက်၊ (မောင်ဟိန်းမြတ်မင်း)၊ မဖြိုးသူဇာတို့၏မိခင်၊ မြေး လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင်

**စံပြမုန့်မျိုးစုံရောင်းဝယ်ရေး**

**အသက် (၆၀)**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ အမှတ်(လမ/၁၂၈) နေ (ဦးစံလှဘော်-ဒေါ်မမြဦး)တို့၏သား၊ (ဦးအောင်လှဖော်-ဒေါ်မဖြူ) တို့၏သားသမက်၊ ဦးဦးခင်မောင်၊ ဦးစံမောင်-ဒေါ်ခင်မြတ်ဉာဏ်(စံပြမုန့်တိုက်)၊ ဦးစောစိန်-ဒေါ်စောညိုတို့၏ ညီ/မောင်ငယ်၊ ဦးမောင်မောင်သာ-ဒေါ်သိန်းသိန်းစံတို့၏အစ်ကို၊ ဒေါ်လှလှစံ၏ချစ်လှစွာသောခင်ပွန်း၊ မောင်မျိုးခိုင်ထွန်း၊ မောင်စိုးလှိုင်ဝင်း၊ မောင်မြတ်စိုးထွန်းတို့၏ချစ်လှစွာသောဖခင်သည် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၅:၃၀နာရီတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၀ရက်(စနေနေ့) ညနေ ၃နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ သည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းနွဲ့ (ဖျာပုံမြို့)

**ဌာနခွဲမှူး (ငြိမ်း)၊ ဂုန်နီစက်ရုံ၊ အုတ်ကျင်း**

**အသက် ၉၂နှစ်**

(ဦးခင်-ဒေါ်နှင်း)တို့၏သမီး၊ (ဦးမောင်မောင်) (ဦးလှကြည်) တို့၏ဇနီး၊ (ဦးတင်မောင်လေး)-ဒေါ်နွဲ့နွဲ့ဝင်း၊ (ဦးမြင့်သန်းနိုင်)-ဒေါ်မြင့်မြင့်စန်း၊ ဦးမောင်မောင်ကျော် (EU/GOPA)-ဒေါ်သန်းသန်းနွဲ့မောင်၊ ဦးဝင်းနိုင်ဦး (ဦးစီးအရာရှိ၊ ဆည်မြောင်း-မကွေး) တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၅ ယောက်၊ မြစ် ၈ ယောက်တို့၏ ဖွားဖွားကြီးသည် ၁၅-၅-၂၀၂၀ ညနေ ၆ နာရီ ၂၅ မိနစ်အချိန်တွင် တိုက်အမှတ် ၂၄၁/အခန်း ၁၃၊ ရန်ငြိမ်းအိမ်ယာ ၁ လမ်း၊ ရန်ကင်းမြို့နယ်နေအိမ်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ညှိုးငယ်စွာ အသိပေးအပ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စန်းယု(မော်တင်ယု)

**ဆရာအတတ်သင်ကျောင်းအုပ်ကြီး(အငြိမ်းစား)(တောင်ငူမြို့)**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၁၂)၊ တိုက်၊ ၁၆၄၊ အခန်း ၇နေ (ဦးခင်၊ ဗဟိုတရားရုံးရှေ့နေကြီး) တောင်ငူမြို့၏ ဇနီး၊ ဦးအောင်နိုင်ခင်၊ ဦးညီညီခင်၊ ဒေါ်ညိုညိုခင်တို့၏မိခင်၊ မောင်ပြည့်ဖြိုးအောင်၊မဇာလီရှင်း၊မောင်ဝေယံထွဋ်၊ မသက်မှူးလှိုင်၊ မောင်သုထက်ပြည့်၊ မောင်သူရိမ်စိုးတို့၏အဘွားသည် ၁၄-၅-၂၀၂၀ရက် မွန်းလွဲ ၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၀ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြရွှေ အသက် (၈၇)နှစ်

**B.Sc (Chem, Eng)**

**DMA I,II**

**Bio Chem Eng (University of New South Wales)**

**ထုတ်လုပ်ရေးမန်နေဂျာ (ငြိမ်း) လူသုံးကုန်ပစ္စည်းစက်ရုံ**

**စက်ရုံမှူး(ငြိမ်း) ဆပ်ပြာကုန်ကြမ်းဆီစက်ရုံ**

**အချိန်ပိုင်းကထိက (ငြိမ်း) ကုန်ထုတ်ဓာတု**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် (၇)နေ ဦးအင်ချောင်၊ ဒေါ်ကြူဘင်တို့၏သား၊ ဦးသန်းတင် - ဒေါ်ခင်ဆွေအေး တို့၏သားသမက်၊ ဒေါ်ခင်ဆွေလှိုင် ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ဆွေကြီး၊ ဦးမျိုးမင်းတို့၏ဖခင်သည် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အရာခံဗိုလ် ဦးခင်ဝင်း(ငြိမ်း)

**က.ပ.စ(၄)**

**အသက်(၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရိုးကြီးကျေးရွာနေ (ဦးမောင်သွင်-ဒေါ်သက်ရှည်)တို့၏သား၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်းကျေးရွာနေ (ဦးအုန်းမောင်-ဒေါ်အေး)တို့၏သားသမက်၊ (ဦးစံအေး-ဒေါ်သန်းကြည်)၊(ဦးပွ)-ဒေါ်ဖြူ၊ ဦးသာမြ-ဒေါ်ထားကြည်၊ ဒေါ်ငွေးရွှေတို့၏မောင်၊ အရှေ့ဒဂုံမြို့နယ်၊ (၁)ရပ်ကွက်၊ သခင်ခင်ဇော် ၃ လမ်း၊ အမှတ် ၉၂၅နေ ဒေါ်ထွေးကြည်၏ခင်ပွန်း၊ ဦးသစ္စာ-ဒေါ်မိုးမိုးဝင်း၊ ဒေါ်စောဥမ္မာဝင်း၊ ဦးမြင့်ဇော်ဝင်းတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၄-၅-၂၀၂၀ရက် နံနက် ၁၁:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၀ရက် ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်စန်းကြွယ်

**အထက်တန်းပြ(ငြိမ်း)၊ အထက(၁)မိုးညှင်း**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် ၉လမ်း၊ အမှတ် ၁၁၁နေ (ဦးဟိန်သိန်း-ဒေါ်အင်စီ) တို့၏သမီး၊ ဦးကြည် မောင်ဝေ၏ဇနီး၊ ဦးဇော်ထွန်းနိုင်-ဒေါ်စန္ဒာတို့၏မိခင်၊ မမေမီမီဇော်၏ အဘွားသည် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၃:၄၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၀၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## T.GOMALU (ခ) ဒေါ်စန်းစန်းအေး

**အသက် (၆၅)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်းအောက်ဘလောက်၊ အမှတ် (၁၀၇/B)နေ စိန်ကုန်သည် (ဦးသစ်သီး)၏ဇနီး၊ အိန္ဒိယနိုင်ငံနေ Challaya-Susheela, Pathanei Rao-Neela, ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ ကိုမောင်မောင်လွင်(ခ)ဘာဘူလေး - ဒေါ်နန်းခင်အေးဆွေ၊ ပန်းဘဲတန်းမြို့နယ်နေ ကိုကျော်ကျော်(ခ)မော်လမြိုင်ဖတ်တီး-Priya, Surej (ခ)ကိုမင်းသစ်ဟန်တို့၏မိခင်၊ မြေး ကိုးယောက်တို့၏အဘွားသည် ၁၃-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁:၁၂နာရီတွင် အိန္ဒိယနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့)တွင် အိန္ဒိယနိုင်ငံ၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

# အမျိုးသားလွှတ်တော်ရုံး COVID-19 ကာကွယ်ရေးအတွက် Auto Disinfection Passage System ဖြင့် အလိုအလျောက် ဆေးဖျန်းပေးသည့်စက်များ ပေးအပ်လှူဒါန်းပွဲ တက်ရောက်




အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း စိုးလျှပ်စစ် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကျော်မင်းထွန်းက COVID-19 ကာကွယ်ရေးအတွက် အလိုအလျောက် ဆေးဖျန်းပေးသည့် စက်များ လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၁၅**

အမျိုးသားလွှတ်တော် ရုံးတွင် အသုံးပြုရန်အတွက် Coronavirus Disease 2019 (COVID-19) ကာကွယ်ရေး အထောက်အကူပြုပစ္စည်း Auto Disinfection Passage System ဖြင့် အလိုအလျောက် ဆေးဖျန်းပေးသည့် စက်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် စိုးလျှပ်စစ် ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းက Covid-19 ကာကွယ်ရေးအတွက် Auto Disinfection Passage System ဖြင့် အလိုအလျောက် ဆေးဖျန်းပေးသည့် စက်များ ပေးအပ်လှူဒါန်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသား လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့်ပတ်သက်၍ ဆက်လက်စစ်ဆေးမည့် ညွှန်ကြားချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့်ပတ်သက်၍ ဆက်လက်စစ်ဆေးမည့်ညွှန်ကြားချက်
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်)

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) ရောဂါအား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိမရှိကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့များသည် သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ၂၀-၄-၂၀၂၀ ရက်နေ့မှ ၃၀-၄-၂၀၂၀ ရက်နေ့အတွင်း စစ်ဆေးမှုများပြုလုပ်ပြီး သတ်မှတ်ချက်နှင့် ကိုက်ညီမှသာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို စစ်ဆေးမှုပြုလုပ်မည့် ကာလအား ၁၅-၅-၂၀၂၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ပါကြောင်းတို့အား အသိပေးအကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❏

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းကာ ဆိုင်ကလုန်းမုန်တိုင်းအဆင့် ရောက်ရှိနိုင်

**နေပြည်တော် မေ ၁၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ပိုမိုအားကောင်းလာကာ ယနေ့ညနေပိုင်းတွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ မုန်တိုင်းငယ်အဆင့်သို့လည်းကောင်း၊ မေ ၁၆ ရက် ညပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်းအဆင့်သို့လည်းကောင်း ရောက်ရှိနိုင်သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းငယ်အဆင့်သို့ ရောက်ရှိပြီးနောက် ကနဦးတွင် အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး မေ ၁၇ ရက် နောက်ပိုင်းတွင် မြောက်- အရှေ့မြောက်ဘက်သို့ ကွေ့ကာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းသို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ


ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်း စာ » ၉

နယ်စပ်ရေးရာဝန်ကြီးဌာနက ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ပြည်သူများအတွက် စားနပ်ရိက္ခာ ထောက်ပံ့ပေး စာ » ၁၀


# ကိုရီးယား၊ အမေရိကန်၊ ဗြိတိန်၊ အီတလီ၊ ကာတာ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် မေ ၁၅**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ မြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း ကိုရီးယားသမ္မတနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၆၈ ဦးနှင့် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ကာတာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၌ အခက်အခဲ ဖြစ်နေကြသည့် မြန်မာနိုင်ငံသား ၆၃ ဦး စုစုပေါင်း ၁၃၁ ဦးတို့အား

*စာမျက်နှာ ၈ ကော်လံ ၆* ❊



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
စနေ၊ မေ ၁၆၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ကရင်ပြည်နယ်အစိုးရ၏ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ပြုပြင်ပြောင်းလဲတိုးတက်မှုများ

**ဆောင်းပါး - နန္ဒာဝင်း၊ ဓာတ်ပုံ - တာရာ**

ဘားအံမြို့၏ တောင်ဘက် ၇ မိုင်ခန့် အကွာ တည်ရှိသည့် ဇွဲကပင်တောင်သည် နိုင်ငံတကာခရီးသွားများ စိတ်ဝင်တစား လာရောက်လေ့လာ လည်ပတ်ရာနေရာ တစ်ခုဖြစ်သည်။ ဇွဲကပင်တောင်သည် ပင်လယ်ရေမျက်နှာပြင် အထက် ၂၃၇၂ ပေ မြင့်ပြီး ကရင်ပြည်နယ်၏ အမှတ်အသား တစ်ခုဖြစ်သည်။

ဇွဲကပင်တောင်သို့ တက်ရန်နှင့် ဆင်းရန် အတွက် ခလောက်နို့ကျေးရွာဝင်ပေါက်နှင့် လုမ္ဗိနီဥယျာဉ်ဝင်ပေါက်ဟူ၍ရှိပြီး လုမ္ဗိနီဥယျာဉ်ဝင်ပေါက်သည် သံလွင်တံတားနှင့် နီးသောကြောင့် ခရီးသွားအများဆုံးဝင်ရောက် လေ့ရှိသည်။

ဇွဲကပင်တောင်တည်ရှိရာ ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်အရပ်တွင် တည်ရှိပြီး အရှေ့မှအနောက် မိုင် ၇၀၊ မြောက်မှတောင် ၃၂၆ မိုင် ရှည်လျားသည်။ နယ်နိမိတ် ထိစပ်မှုအနေဖြင့် မြောက်ဘက်တွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံနှင့် မိုင်ပေါင်း ၃၁၂ မိုင် ထိစပ်လျက်ရှိသည်။ တောင်ဘက်တွင် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည်။

ကရင်ပြည်နယ်အတွင်း ခရိုင် လေးခရိုင်၊ မြို့နယ် ခုနစ်မြို့နယ်၊ မြို့ ၁၁ မြို့၊ ရပ်ကွက်ပေါင်း ၈၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇၆ အုပ်စု၊ ကျေးရွာပေါင်း ၂၀၉၇ ရွာနှင့် လူဦးရေ ၁၆ သိန်းကျော်ဖြင့် ဖွဲ့စည်းထားရှိပြီး ကရင်၊ မွန်၊ ဗမာ၊ ပအိုဝ်းစသည့် တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်လျက်ရှိသည်။

*အချပ်ပို (ခ) သို့*

- **ကရင်ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ပြည်နယ်အစိုးရအဖွဲ့က ဦးစားပေးဆောင်ရွက်လျက်ရှိ**
- **မြဝတီမြို့နယ်စပ် ကုန်သွယ်ရေးစခန်း၏ ကုန်စည်စီးဆင်းမှုပမာဏမှာ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်စည်ဖလှယ်ရေးဌာနတစ်ခုအဖြစ် ရပ်တည်**



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်



သံဖြူဇရပ် - ဘုရားသုံးဆူလမ်းပေါ်ရှိ မက္ကသာချောင်းတံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။



၅-၁၁-၂၀၁၉ ရက်တွင် အိန္ဒူ - ကော့ကရိတ်လမ်းအပိုင်း ကတ္တရာကွန်ကရစ်အပွန်းခံလွှာ ခင်းနေမှုကို တွေ့ရစဉ်။

*အချပ်ပို (က) မှ*

**စိုက်ပျိုးရေးကဏ္ဍ**

ကရင်ပြည်နယ်တွင် စပါးနှင့် ပဲ၊ ပြောင်း စသည့် သီးနှံများကို အဓိက စိုက်ပျိုးလေ့ရှိသည်။ ထို့ပြင် ပိုးချည်ထည်ထုတ်လုပ်ရန် ရည်ရွယ်၍ ဘားအံ - ကမော့ကပို(မျိုးသန့်ခြံ) တွင် ပိုးမွေးမြူရေးလုပ်ငန်းကို ၂၀၁၈ ခုနှစ် မတ်လမှ စတင်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ပိုးစာပင် စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်း လုပ်ငန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် JICA တို့ လက်မှတ်ရေးထိုးပြီး ပိုးစာပင် စိုက်ပျိုးခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။

၂၀၁၈ ခုနှစ် ဇွန်လတွင် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဂျပန်နိုင်ငံရှိ နည်းပညာရှင်များပူးပေါင်း၍ ပိုးမွေးမြူခြင်းဆိုင်ရာ လုပ်ငန်းများကို စမ်းသပ်ကာလအဖြစ် မွေးမြူခဲ့ရာ ၂၀၁၉ ခုနှစ် ဇွန်လ ၂၅ ရက်မှစတင်၍ ပိုးဥပေါင်း ၁၀၆၀၀၀ ကို လေးကြိမ် မွေးမြူနိုင်ခဲ့သည်။ ပိုးအိမ်အစို ၁၄၁ ဒသမ ၅ ကီလိုနှင့် ပိုးအိမ်အခြောက် ၅၇ ဒသမ ၈၃၂ ကီလို ထွက်ရှိခဲ့ပြီး ထွက်ရှိလာသော ပိုးအိမ်အစို တစ်ကီလိုလျှင် ငွေကျပ် ၆၅၀၀ နှင့် ပိုးအိမ်အခြောက် တစ်ကီလိုလျှင် ငွေကျပ် ၁၆၂၅၀ နှုန်းဖြင့် ရောင်းချနိုင်ခဲ့သည်။

**လမ်းပန်းဆက်သွယ်ရေးကဏ္ဍ**

ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံ အဆောက်အဦတစ်ခုဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးသည် အဓိက အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်သည်။ ကရင်ပြည်နယ်သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပြီး အရှေ့ - အနောက် စီးပွားရေးစင်္ကြံ အာဆီယံလမ်းမကြီး (East– West Economic Corridor ASEAN Road) ပေါ်တွင် တည်ရှိသည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှ မြို့ပြ/ကျေးလက်ဒေသမကျန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ကရင်ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ပြည်နယ်အစိုးရအဖွဲ့က ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ မြဝတီမြို့ နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်စည်စီးဆင်းမှုပမာဏမှာ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်စည်ဖလှယ်ရေးဌာနတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

မြဝတီမြို့နယ်ရှိ သောင်ရင်းမြစ်ကိုဖြတ်၍ ဖောက်လုပ်ထားသည့် အကျယ် ၁၇ ဒသမ ၂ မီတာနှင့် အရှည်မီတာ ၇၆၀ ရှိ မြန်မာ - ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)ကို ထိုင်းဘတ်ငွေသန်း ၃၉၀၀ ဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၃၀ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့က ဖွင့်လှစ်ပေးခဲ့သည်။

ထို့ပြင် အိန္ဒူ - ကော့ကရိတ်လမ်းကို အာဆီယံ၊ မဟာမဲခေါင်ဒေသခွဲ၏ စံချိန်စံညွှန်းနှင့်အညီ ယာဉ်အမျိုးမျိုးအတွက် သင့်လျော်သည့် ကတ္တရာကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ADB တို့မှ ချေးငွေစာချုပ်ချုပ်ဆိုပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ယူ၍ အရှည် ၆၆ ဒသမ ၄ ကီလို မီတာ၊ အကျယ် ၁၀ မီတာကို ၂၀၁၇ ခုနှစ် ဇွန်လ ၂၉ ရက်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ကတ္တရာကွန်ကရစ် အခြေခံလွှာလောင်းခြင်း လုပ်ငန်းများ၊ လမ်းထိန်းသိမ်းရေး လုပ်ငန်းများ၊ Road Safety လုပ်ငန်းများကိုသာ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသည့် ၂၉ ဒသမ ၉၂ ကီလိုမီတာ ကတ္တရာကွန်ကရစ် အခြေခံလွှာခင်းခြင်းလုပ်ငန်း၊ တံတား ၁၀ စင်းနှင့် ရေပြွန် ၃၈ စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၁ ခုနှစ် မေလအတွင်း ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြည်နယ်ဝန်ကြီးချုပ်ထံမှ သိရသည်။

ထို့ပြင် ဂျိုင်း(ကော့ကရိတ်) တံတားသစ် တည်ဆောက်ခြင်းလုပ်ငန်းကို JICA (ODA) Loan ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီချေးငွေဖြင့် ဂျပန်ယန်း သန်း ၄၇၀၀ ကျော်နှင့် မြန်မာငွေကျပ်သန်း ၂၆၀၀၀ ကျော် တန်ဖိုးရှိ ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ ခံနိုင်ဝန်ဆံ့ လှိုင်းတွန့်ပုံစံရှိသော သံမဏိကွန်ရက်ပြားများဖြင့် တည်ဆောက်ထားသော သုံးခန်းတွဲ ကြိုးတင်အားဖြည့် သံကူကွန်ကရစ် ကြိုးဆိုင်းတံတားကို ၂၀၁၉ ခုနှစ် မေလ ၃ ရက်မှ စတင် ဆောင်ရွက်နိုင်ခဲ့ရာ ၁၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

(၄)နှစ်တာကာလအတွင်း ဧာသပြင် - အိန္ဒူလမ်း၊ မုဒုံ - မြဝတီ (မဲသရော - လှိုင်ကွယ်အပိုင်း)လမ်း၊ ကြာအင်းဆိပ်ကြီး - တဂေး - ခုတ်ခွား - ကျိုက်ဒုံလမ်း၊ ကြာအင်းဆိပ်ကြီး- ချောင်းဆုံ (ဘုရားသုံးဆူ)လမ်း၊ တံတားအနေဖြင့် မုဒုံ - မြဝတီလမ်းပေါ်ရှိ လှိုင်ကွယ်ချောင်းကူးတံတား၊ သံဖြူဇရပ် - ဘုရားသုံးဆူလမ်းပေါ်ရှိ ဇမိချောင်းတံတား၊ အနန်းကွင်းတံတား၊ ဆင်ပြေးချောင်းတံတား၊ မက္ကသာချောင်းတံတားနှင့် ဖာပွန် - ကမမောင်း ဝါးဘိုးတောလမ်းပေါ်ရှိ ချောင်းညီနောင်တံတားတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။



ဘားအံမြို့နယ် မာလာရိုးမှ အဆင့်မြင့်လယ်ယာမြေသို့ ရေသွင်း/ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

**မွေးမြူရေးကဏ္ဍ**

ကရင်ပြည်နယ်သည် နိုင်ငံတော်မှ ချမှတ်လျက်ရှိသည့် မူဝါဒများကို အခြေခံ၍ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ မွေးမြူရေးကဏ္ဍတွင် နိုင်ငံတော်အနေဖြင့် မွေးမြူသူများ ထိုက်သင့်သည့် အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်ပြီး ကျွဲ/နွားများကို ပြည်ပနိုင်ငံများသို့ တရားဝင်တင်ပို့ရောင်းချနိုင်ရန်အတွက် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၉ ရက်တွင် ခွင့်ပြုပေးခဲ့သည်။

ထို့အတူ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ တိရစ္ဆာန်များ ကုန်သွယ်မှုပြုရာတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ လိုအပ်သည့် စစ်ဆေးမှုများကို ပြုလုပ်ပြီး ထိန်းသိမ်းစောင့်ကြည့်ခြင်းဖြင့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများကို ထိန်းချုပ်ရန် ရည်ရွယ်၍ ကော့ကရိတ်မြို့ တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်ရေးစခန်းကို တည်ဆောက်ခဲ့သည်။

အဆိုပါ စခန်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ဘတ်ဂျက်ရန်ပုံငွေကျပ် ၅၅၄ ဒသမ ၇၁၆ သန်းဖြင့် တည်ဆောက်ခဲ့ပြီး တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ စစ်ဆေးပြီး ကြောင်းထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းနှင့် Animal Quarantine Certificate ထုတ်ပေးခြင်းလုပ်ငန်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ စခန်းတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက ကုန်သွယ်ဖက်နိုင်ငံနှင့် တရားဝင်ကုန်သွယ်မှုဖြစ်စေရန်အတွက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)မှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

**ဆည်မြောင်းကဏ္ဍ**

ကရင်ပြည်နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်နေရသည့် ပြည်နယ်ဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် စိုက်ပျိုးမြေဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေနှင့် သောက်သုံးရေများ လုံလောက်စွာပေးဝေခြင်း၊ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးခြင်း၊ ရေတံခါးပြုပြင်တည်ဆောက်ခြင်း၊ လျှိုပိတ်ဆည်များနှင့် တိမ်ကောနေသော အင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ကရင်ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးကို အကျိုးဖြစ်ထွန်းနိုင်စေရန်၊ ဒေသခံပြည်သူများ၏ စားဝတ်နေရေး ဖွံ့ဖြိုးတိုးတက်လာစေပြီး လူမှုစီးပွားဘဝ မြှင့်တင်လာနိုင်စေရန် ရည်မှန်း၍ ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၄)နှစ်တာကာလအတွင်း လုပ်ငန်း ၄၀၆ ခုတွင် အကျိုးပြုဧက ၇၈၄၂၅ ဧကကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကဏ္ဍ**

ကရင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း တိုးတက်ရေးအတွက် အမျိုးသားဓာတ်အားစနစ်၊ ဆိုလာစနစ်နှင့် ဒီဇယ်စနစ်တို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တိုးတက်မြင့်မားလာသည်နှင့်အမျှ ကျေးရွာပေါင်း ၂၀၉၇ ရွာတွင် (၄)နှစ်တာကာလအတွင်း ကျေးရွာပေါင်း ၁၀၇၁ ရွာနှင့် အိမ်ထောင်စု ၃၀၈၀၄၁ စုကို ဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် ၅၁ ဒသမ ၀၇ ရာခိုင်နှုန်း တိုးချဲ့ဓာတ်အားပေးနိုင်ခဲ့သည်။ ပြည်နယ်အတွင်း ဗို့အားပြည့်မီစွာဖြင့် ဖြန့်ဖြူးနိုင်ရေးအတွက် (၆၆/၁၁)ကေဗွီ ဓာတ်အားလိုင်း ၁၀၇ ဒသမ ၁၈၇ မိုင်၊ (၃၃/၁၁) ကေဗွီ ၁၃၉ ဒသမ ၆ မိုင်၊ (၁၁)ကေဗွီ ၅၈၂ ဒသမ ၁၂၉ မိုင်နှင့် ၀ ဒသမ ၄ ကေဗွီ ၇၄၀ ဒသမ ၂၈ မိုင်တို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီခရိုင်နှင့် ကော့ကရိတ်ခရိုင်တို့ကို ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀ ကေဗွီ မော်လမြိုင် - မြဝတီ ဓာတ်အားလိုင်းနှင့် မြဝတီ(သဃ်န်းညီနောင်) ဓာတ်အားခွဲရုံကို ၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်တွင် စတင်ဓာတ်အား လက်ခံရရှိခဲ့ပြီး ကော့ကရိတ်မြို့တွင် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၇ ဒသမ ၅ မိုင်နှင့် ၆၆/ ၁၁ ကေဗွီအေ ၁၀ အမ်ဗွီအေ ကော့ကရိတ်ဓာတ်အားခွဲရုံမှ ကော့ကရိတ်မြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများ၊ မြဝတီ (သဃ်န်းညီနောင်) - မြဝတီ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၈ ဒသမ ၇၉၇ မိုင် နှင့် ၆၆/ ၁၁ ကေဗွီအေ / ၁၀ အမ်ဗွီအေ မြဝတီ ဓာတ်အားခွဲရုံမှ မြဝတီမြို့ပေါ် ရပ်ကွက်အချို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ကော့ကရိတ်- ကြာအင်းဆိပ်ကြီး ၆၆ ကေဗွီ ဓာတ်အားလိုင်း ၄၁ ဒသမ ၄၈ မိုင်နှင့် ၆၆/ ၁၁ ကေဗွီအေ/ ၁၀ အမ်ဗွီအေ ကြာအင်းဆိပ်ကြီး ဓာတ်အားခွဲရုံမှ

*အချပ်ပို (ဂ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

ကြာအင်းဆိပ်ကြီးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ထို့အတူ ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒူကျေးရွာအနီးတွင် သထုံ - မော်လမြိုင် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းမှ ၈ ဒသမ ၄၁ မိုင်နှင့် ၂၃၀/၆၆/၁၁ ကေဗွီ (၂ x ၅၀) အမ်ဗွီအေ ဆဒ္ဒန်(ဘားအံ)ပင်မဓာတ်အားခွဲရုံကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် Control Building နှင့် ခွဲရုံအဝင်လမ်းများကို ၂၀၁၉ ခုနှစ် ဩဂုတ်လမှစတင်၍ တည်ဆောက်လျက်ရှိသည်။ ကျန်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

ကရင်ပြည်နယ် ပိုင်ကျုံမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် လှိုင်းဘွဲ့(ချမ်းသာ) - ပိုင်ကျုံ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၉ မိုင်နှင့် ၃၃ ကေဗွီ Outgoing Switch (2)Set၊ Incoming Switch Bay (1)Set နှင့် ပိုင်ကျုံတွင် ၃၃/၁၁ ကေဗွီ/ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ ၁ ခုကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် JICA – II အစီအစဉ်ဖြင့် ဓာတ်အားလိုင်းဆွဲခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည့်အပြင် ကရင်ပြည်နယ် မဲလန်ကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇ ဒသမ ၅ မိုင်နှင့် ၃၃/၁၁ ကေဗွီ/ ၅ အမ်ဗွီအေ မဲလန်ဓာတ်အားခွဲရုံကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတို့ကို စတင်တည်ဆောက်လျက်ရှိသည်။

ဘောဂလိဓာတ်အားခွဲရုံကို တည်ဆောက်ခဲ့ပြီး ဘောဂလိမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဘားအံ(စက်မှုဇုန်) - လှိုင်းဘွဲ့ (ချမ်းသာ) ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၃ ဒသမ ၆၄ မိုင်နှင့် လှိုင်းဘွဲ့(ချမ်းသာ) ၆၆/၃၃/၁၁ ကေဗွီ (၁၀+၁၀) အမ်ဗွီအေ ဓာတ်အားခွဲရုံကို လှိုင်းဘွဲ့မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ၊ ပိုင်ကျုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ လှိုင်းဘွဲ့(ချမ်းသာ)- မြိုင်ကြီးငူ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၅ ဒသမ ၂၄ မိုင်နှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မြိုင်ကြီးငူ ဓာတ်အားခွဲရုံ တည်ဆောက်ခဲ့ပြီး မြိုင်ကြီးငူနှင့် ပတ်ဝန်းကျင်ကျေးရွာများကို ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

လှိုင်းဘွဲ့(ချမ်းသာ) -ကမ်းနီ ၃၃ ကေဗွီ ဓာတ်အားလိုင်းကို ၁ ဒသမ ၂၅ မိုင်နှင့် ၃၃/၁၁ ကေဗွီ , ၅ အမ်ဗွီအေ ကမ်းနီဓာတ်အားခွဲရုံ တည်ဆောက်ခဲ့ပြီး လှိုင်းဘွဲ့မြို့နယ် ကမ်းနီကျေးရွာ အပါအဝင် ပတ်ဝန်းကျင်ကျေးရွာများ၊ လှိုင်းဘွဲ့(ကမ်းနီ) – ကမမောင်း ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၆ မိုင်၊ သံလွင်မြစ်ကျော် တာဝါတိုင် လေးတိုင်နှင့် ၃၃/၁၁ ကေဗွီ, ၅ အမ်ဗွီအေ ကမမောင်း ဓာတ်အားခွဲရုံတို့ကို တည်ဆောက်ခဲ့ပြီး ကမမောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ လိပ်သို ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၄ ဒသမ ၀၅ မိုင်နှင့် ၃၃/၁၁ ကေဗွီ, ၅ အမ်ဗွီအေ လိပ်သိုဓာတ်အားခွဲရုံတို့ကို တည်ဆောက်ခဲ့ပြီး လိပ်သိုမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများကို ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ထို့ပြင် ကရင်ပြည်နယ်အတွင်း ပုဂ္ဂလိကအစီအစဉ်ဖြင့် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာ၌ ဆိုလာ (၂၈၀ ကေဗွီအေ) နှင့် ဒီဇယ် (၄၀၀ ကေဗွီအေ) Hybrid ဓာတ်အားပေးစနစ်ဖြင့် မီးအသုံးပြုသူ ၁၅၀ ခန့်၊ တံခွန်တိုင်ကျေးရွာအပါအဝင် ကျေးရွာပေါင်း ၁၇ ရွာတွင် နေထိုင်သော မီးအသုံးပြုသူ ၂၅၀၀ ကို ၇၅၀ ကေဗွီအေ ဒီဇယ်ဂျင်နရေတာ လေးလုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားလျက်ရှိသည်။



၁၉-၃-၂၀၁၉ ရက်တွင် ဓာတ်အားဖြန့်ဖြူးနိုင်ခဲ့သည့် ၂၃၀/၆၆/၁၁ ကေဗွီ (၁၀၀)အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံ။

## မြို့ပြသာယာလှပရေးလုပ်ငန်းများ

ကရင်ပြည်နယ်အတွင်း မြို့ပြသာယာလှပရေးလုပ်ငန်းများအနေဖြင့် (၄)နှစ်တာကာလအတွင်း ဒေသခံပြည်သူများ အပန်းဖြေနိုင်စေရန် ရည်ရွယ်၍ ဘားအံမြို့ ကမ်းနားလမ်းညဈေး တည်ဆောက်ခြင်းလုပ်ငန်းများနှင့် မြို့ပြအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးအတွက် လှိုင်းဘွဲ့မြို့နယ်ရှိ အောင်ဆန်းခန်းမ၊ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဇမိခန်းမနှင့် သံတောင်ကြီးမြို့နယ်ရှိ ပသိခန်းမတို့ကို အကြီးစားပြုပြင် တည်ဆောက်ပေးနိုင်ခဲ့သည်။

## လူထုဗဟိုပြုလုပ်ငန်းများ ဆောင်ရွက်

ကရင်ပြည်နယ်သည် (၄)နှစ်တာကာလအတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ပြည်သူတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် သက်ရောက်မှုရှိသည့် လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကျေးရွာ ၅၀ တွင် စီမံကိန်းထောက်ပံ့ငွေကျပ် ၁၀၁၅၉ သန်းဖြင့် လမ်း၊ တံတားလုပ်ငန်း ၄၂၂ ခု၊ ရေရရှိရေးလုပ်ငန်း ၁၇၁ ခု၊ စာသင်ကျောင်း တိုးချဲ့/ပြင်ဆင်ခြင်းလုပ်ငန်း ၂၂၆ ခု၊ မီးလင်းရေးလုပ်ငန်း ၁၃ ခု၊ ကျန်းမာရေးအဆောက်အဦလုပ်ငန်း ငါးခု၊ ကျေးရွာအစည်းအဝေးခန်းမ ၃၂ ခုနှင့် အခြားလုပ်ငန်း သုံးခုကို ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော်တည်ဆောက်ခဲ့သည်။

ထို့အတူ လှိုင်းဘွဲ့မြို့နယ်ရှိ ကျေးရွာ ၇၁ ရွာတွင် စီမံကိန်းထောက်ပံ့ငွေကျပ်သန်း ၇၃၇၀ ဖြင့် လမ်း၊ တံတားလုပ်ငန်း ၂၈၃ ခု၊ ရေရရှိရေးလုပ်ငန်း ၂၉ ခု၊ စာသင်ကျောင်း တိုးချဲ့/ပြင်ဆင် ခြင်းလုပ်ငန်း ၉၀၊ မီးလင်းရေးလုပ်ငန်း ၂၉ ခု၊ ကျန်းမာရေးအဆောက်အဦလုပ်ငန်း သုံးခု၊ ကျေးရွာအစည်းအဝေးခန်းမ ၁၀ ခုနှင့် အခြားလုပ်ငန်း ခြောက်ခု၊ ကော့ကရိတ်မြို့နယ်ရှိ ကျေးရွာ ၅၃ ရွာတွင် စီမံကိန်း ထောက်ပံ့ငွေကျပ် ၅၈၀၁ သန်းဖြင့် လမ်း၊ တံတားလုပ်ငန်း ၂၈၆ ခု၊ ရေရှိရေးလုပ်ငန်း ငါးခု၊ စာသင်ကျောင်း တိုးချဲ့/ပြင်ဆင်ခြင်းလုပ်ငန်း ၅၈ ခု၊ မီးလင်းရေးလုပ်ငန်း သုံးခုနှင့် ကျေးရွာအစည်းအဝေးခန်းမ ၁၁ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

## အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများ

ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ သင့်လျော်ကောင်းမွန်သော အိမ်ရာများတွင် နေထိုင်နိုင်ရေးအတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ (၄)နှစ်တာကာလအတွင်း ဝန်ထမ်းအိမ်ရာ ၇၁ လုံးတွင် အခန်းပေါင်း ၄၃၂ ခန်း၊ အငှားအိမ်ရာ ၇၆ လုံးတွင် အခန်းပေါင်း ၁၄၂ ခန်းနှင့် အငြိမ်းစားဝန်ထမ်းအရောင်းအိမ်ရာ သုံးလုံးတွင် အခန်းပေါင်း ၄၈ ခန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

## စက်မှုဇုန်ဆောင်ရွက်မှု

ကရင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများနှင့် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေချောမွေ့ရေးအတွက် ဘားအံစက်မှုဇုန်အတွင်း ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် Fllu Tex Co.,Ltd တွင် ဝန်ထမ်း ၂၁၇၇ ဦးကို ခန့်ထားပြီး ၎င်းကုမ္ပဏီမှ ထွက်ရှိသည့် အထည်များကို ဟောင်ကောင်၊ တရုတ်၊ စပိန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ၂၀၁၉ ခုနှစ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၁၅၀၈၇၇၀ ဒသမ ၉၉ ရရှိခဲ့သည်။

ထို့ပြင် ပြည်တွင်း၌ အသုံးပြုနိုင်ရန်အတွက် SKK ကာလာအမိုးပြားထုတ်လုပ်မှုစက်ရုံမှ ၂၀၁၉ ခုနှစ်အတွင်း ဝင်ငွေကျပ် ၂ သန်းကျော်နှင့် Kyaw 3 ကော်ပစ္စည်းမျိုးစုံထုတ်လုပ်ရေးလုပ်ငန်းမှ ၂၀၁၉ ခုနှစ်အတွင်း ဝင်ငွေကျပ် ၃၂၇ သန်း ရရှိခဲ့သည်။

## ငြိမ်းချမ်းရေးအဖွဲ့အစည်းများသို့ ထောက်ပံ့

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားငြိမ်းချမ်းရေးလက်နက်ကိုင်အဖွဲ့များဖြစ်သည့် KNU, DKBA, KNU/KNLA(PC) အဖွဲ့များကို ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေရန်၊ ငြိမ်းချမ်းရေးအရ ပြန်လည်ဝင်ရောက်လာသော မိသားစုများကို ထောက်ပံ့ပေးနိုင်ရန်နှင့် တပ်ဖွဲ့ဝင်မိသားစုများ ဝင်ငွေပိုမိုတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် ရည်ရွယ်ပြီး ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ငြိမ်းချမ်းရေးအဖွဲ့ ၁၉ ဖွဲ့ကို နွား ၇၀၇ ကောင်၊ ဆိတ် ၂၃၉၁ ကောင်၊ ဝက် ၁၅၃၄ ကောင်၊ ဘဲအကောင် ၃၀၀၊ ကြွဲ ၁၁၅ ကောင်၊ ဒေသကြက် ကောင်ရေ ၁၀၈၆၀ နှင့် ဥ/အသားစားကြက်ကောင်ရေ နှစ်သောင်းတို့အတွက် ငွေကျပ် ၁၉၇၂၆ သိန်းတို့ကို ထောက်ပံ့ပေးနိုင်ခဲ့သည်။

ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကျောင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း ဝဥ၊ ဖာလာ၊ ကော်ဖီ၊ နဂါးမောက်၊ ကျွဲကော၊ နန္နင်း၊ မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ ကြက်မောက်၊ ပိန်းဥနှင့် ပဲတီစိမ်း စသည့် စိုက်ပျိုးသီးနှံများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၆၆၀ ကို ထောက်ပံ့ပေးခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ မြဝတီမြို့နယ် ထီးဝါးပလောကျေးရွာရှိ မွေးမြူရေးစခန်းနှင့် ကြာအင်းဆိပ်ကြီး မြို့နယ် ဘုရားသုံးဆူမြို့ ထိခိုင်ကျေးရွာတို့ကို စပါး၊ အစေ့ထုတ်ပြောင်းနှင့် ပဲတီစိမ်း ဧက ၅၀ စီနှင့် ကျွဲကော သုံးဧကအတွက် ထောက်ပံ့ငွေကျပ် ၂၇၀ ဒသမ ၈၂၅၉ သိန်းစီ၊ ကော့ကရိတ်မြို့နယ် ထို့ကော်ကိုး နော်တယာမြိုင်ဒေသရှိ စပါးဧက ၁၀၀ ၊ ကျွဲကော ၁၀ ဧက၊ ရော်ဘာ ၂ ဒသမ ၅ ဧကနှင့် ပိုးစာပင် ၇ ဒသမ ၅ ဧကအတွက် ငွေကျပ် ၁၅၅ ဒသမ ၀၇၈၂ သိန်း အသီးသီး ထောက်ပံ့ပေးနိုင်ခဲ့သည်။

## ခရီးသွားလုပ်ငန်းကဏ္ဍ

ကရင်ပြည်နယ်သည် သဘာဝတောတောင်အလှအပများ၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ပေါကြွယ်ဝပြီး ခရီးသွားဧည့်သည်များအတွက် လေ့လာကြည့်ရှု အပန်းဖြေစရာနေရာများဖြင့် ပြည့်စုံသော ဒေသတစ်ခုဖြစ်သည့်အလျောက် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားစွာ လာရောက်လည်ပတ်လျက်ရှိသည်။

ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်လာသည့်အတွက် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားလာကာ ပြည်နယ်၏ အသက်မွေးဝမ်းကျောင်းကဏ္ဍတွင် အဓိကကျသော လုပ်ငန်းတစ်ခုအဖြစ် ခိုင်မာစွာ ရပ်တည်လျက်ရှိသည်။

## ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း

ကရင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ်၌ လိုင်စင်ရဟိုတယ် ၁၆ လုံးရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် လိုင်စင်ရဟိုတယ် ၄၃ လုံးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းတွင် ၂၀၁၆ ခုနှစ်၌ ပြည်တွင်းခရီးသွား ၇၇၅၉၄၆ ဦးနှင့် ပြည်ပခရီးသွားဧည့်သည် ၁၅၉၇၄၉ ဦး လာရောက်လည်ပတ်ခဲ့ပြီး ၂၀၁၉ ခုနှစ်အထိ ပြည်တွင်းခရီးသွား ၁၀၃၉၄၂၆ ဦးနှင့် ပြည်ပခရီးသွား ၂၆၅၆၅၈ ဦး လာရောက်လည်ပတ်ခဲ့သဖြင့် ကရင်ပြည်နယ် ၏ ဟိုတယ်လုပ်ငန်းကဏ္ဍတွင် ၁၆၉ ရာခိုင်နှုန်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပြည်တွင်းခရီးသွား ၃၄ ရာခိုင်နှုန်းနှင့် ပြည်ပခရီးသွား ၆၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

တိုးတက်လာသော ခရီးသွားလုပ်ငန်းကဏ္ဍနှင့်အညီ ဝန်ဆောင်မှုကောင်းများကို ပံ့ပိုးနိုင်ရန် ရည်ရွယ်၍ ဟိုတယ်ဝန်ဆောင်မှု၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အခြေခံ၊ အင်္ဂလိပ်စာအခြေခံနှင့် Guest List Information Management System အစရှိသည့် သင်တန်းများကို ဖွင့်လှစ်သင်ကြားခဲ့ရာ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ သင်တန်း ၂၃ ကြိမ်နှင့် သင်တန်းသား ၂၀၀၀ ကျော်ကို သင်ကြားပို့ချပေးနိုင်ခဲ့သည်။

အလားတူ လူထုအခြေပြုခရီးသွားလုပ်ငန်း (CBT) တစ်ခုကို သံတောင်ကြီးမြို့၌ ၂၀၁၅ ခုနှစ်မှစတင်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ဘားအံမြို့အနီးရှိ မွန့်စရီးကျေးရွာကို (CBT) အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို တင်ပြထားကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် ခရီးသွားလာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ အပန်းဖြေစေနိုင်ရန်နှင့် မြို့၏ သဘာဝရှုခင်းများ ကြည့်ရှုခံစားနိုင်ရန်ရည်ရွယ်၍ မိုးပျံပူဖောင်းစီးခရီးစဉ်ကို ၂၀၁၉ ခုနှစ်အတွင်း စမ်းသပ်ပျံသန်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ပွင့်လင်းရာသီမှ စတင်ကာ ပျံသန်းသွားမည်ဖြစ်သည်။

*အချပ်ပို (ဃ) သို့*

*အချပ်ပို (ဂ) မှ*

### ပညာရေးကဏ္ဍ

ကရင်ပြည်နယ်အတွင်း ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ ပညာရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှသာလျှင် ပြည်နယ်အတွင်း ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဟု ဆိုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ်များ၌ လုံလောက်သော စာသင်ဆောင်များ၊ သင်ကြားမှုအထောက်အကူပြု အဆောက်အဦများ၊ ပုံမှန်မဟုတ်သည့် စာသင်ချိန်များ ရှိလာစေရန် ရည်ရွယ်၍ ပြည်နယ်အစိုးရအနေဖြင့် ဘားအံတက္ကသိုလ်တွင် လူဦးရေ ၁၂၀၀ ဆံ့ ဘွဲ့နှင်းသဘင်ခန်းမကို ၂၀၁၈ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ အထိ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ထို့ပြင် ဘားအံကွန်ပျူတာတက္ကသိုလ်တွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ နေထိုင်နိုင်ရန်အတွက် လေးခန်းတွဲ လေးထပ်ဆောင် အရာထမ်းအိမ်ရာ၊ လေးခန်းတွဲ လေးထပ်ဆောင် အမှုထမ်းအိမ်ရာနှင့် ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဆံ့ အိပ်ဆောင်အဆောက်အဦ၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)တွင် RC နှစ်ထပ်စာသင်ဆောင်၊ (၁၅၂ x ၃၄) ပေ Student Dormitory R.C.C. Building၊ (၁၉၂ x ၃၈) ပေရှိ RC သုံးထပ်စာသင်ဆောင်၊ (၁၀၀ x ၄၀) ပေရှိ သံကူကွန်ကရစ် လေးထပ်ကျောင်းသား၊ ကျောင်းသူ အဆောင်နှင့် (၁၂၀ x ၄၀) ပေရှိ သံကူကွန်ကရစ် ခြောက်ခန်းတွဲ ဆရာ၊ ဆရာမ အဆောင်၊ အစိုးရနည်းပညာအထက်တန်းကျောင်း (သံတောင်ကြီး)တွင် (၁၉၂ x ၃၈) ပေရှိ RC သုံးထပ်စာသင်ဆောင်၊ (၁၅၀ x ၇၅ )ပေရှိ Steel Structure တစ်ထပ်ဆောင် အလုပ်ရုံ နှစ်ဆောင်နှင့် (၇၈ x ၉၄) ပေရှိ သံကူကွန်ကရစ် လေးခန်းတွဲ လေးထပ် ဆရာ၊ ဆရာမအဆောင်၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ဘားအံ)တွင် (၁၉၂x ၃၈)ပေရှိ RC သုံးထပ်စာသင်ဆောင်၊ (၁၂၅ x ၈၂ ) ပေရှိ Steel Structure တစ်ထပ်ဆောင် အလုပ်ရုံနှင့် (၇၈x ၉၄) ပေရှိ သံကူကွန်ကရစ် လေးခန်းတွဲ လေးထပ် ဆရာ၊ ဆရာမ အဆောင်တို့ကို ဆောက်လုပ်ပေးလျက်ရှိသည်။

### အခြေခံပညာကဏ္ဍ

အခြေခံပညာကဏ္ဍတွင် ကျောင်းဆောင်များ ဥပမိရပ်ကောင်းမွန်ရေးအတွက် အသစ်တည်ဆောက်ခြင်းနှင့် ကျောင်းသားဦးရေအရ တိုးချဲ့ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေးအတွက် ငွေလုံးငွေရင်းခေါင်းစဉ်ဖြင့် ကျောင်းပေါင်း ၅၆၃ ကျောင်းအတွက် ခွင့်ပြုငွေကျပ် သန်း ၃၄၂၇၀ ဒသမ ၀၃၂၈ ၊ သာမန်ခေါင်းစဉ်အောက်မှ ကျောင်းပေါင်း ၅၁၆ ကျောင်းအတွက် ခွင့်ပြုငွေကျပ်သန်း ၄၃၄၀ ဒသမ ၅၀၂၉ ၊ စာရေးခုံပြည့်စုံစေရေး ဖြည့်ဆည်းခြင်းအတွက် ခွင့်ပြုငွေကျပ် ၁၄၄၁ ဒသမ ၆၃ သန်း၊ သင်ကြားရေးအထောက်အကူပြုအတွက် ကွန်ပျူတာ ၄၁၄ လုံးကို ခွင့်ပြုငွေကျပ်သန်း ၄၄၂ ဒသမ ၉၈ သန်း၊ ကျောင်းစာကြည့်တိုက် အသုံးပြုမှု ဖွံ့ဖြိုးစေရေးအတွက် ဗီရို ၅၆၃ လုံးနှင့် Book Trolley ၁၁၉၉ လုံး အတွက် ခွင့်ပြုငွေကျပ်သန်း ၂၈၆ ဒသမ ၄၅၅ သန်း ခွင့်ပြုခဲ့သည်။



လူထုဗဟိုပြုစီမံကိန်း(CDD)ဖြင့် ကြာအင်းဆိပ်ကြီးမြို့နယ် ခေါ်ရဝါးကျေးရွာ စာသင်ကျောင်း ဆောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

### ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍအနေဖြင့် ကုသရေးဦးစီးဌာန၌ ခုတင် (၂၀၀)ဆံ့ ဆေးရုံ တစ်ရုံ၊ ခုတင် (၁၀၀)ဆံ့ ဆေးရုံ သုံးရုံ၊ ခုတင် (၅၀)ဆံ့ ဆေးရုံ နှစ်ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ ခုနစ်ရုံနှင့် (၁၆) ခုတင်ဆံ့ ဆေးရုံ ၂၄ ရုံတို့တွင် အထူးကုဆရာဝန်ကြီး ၁၆ ဦး၊ အထူးကုဆရာဝန် ၁၈ ဦးနှင့် ဆရာဝန် ၁၈၇ ဦးတို့ဖြင့် ပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်ကုသရေး ဦးစီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် (၄)နှစ်တာကာလအတွင်း အရာထမ်း ၃၇၄ ဦး တိုးမြှင့်ခန့်ထားနိုင်ခဲ့သည့်အပြင် ကျန်းမာရေးအညွှန်းကိန်းများ နှစ်စဉ်တိုးတက်များပြားလာခဲ့သည်။ ပြည်နယ် ကုသရေးဦးစီးဌာနအနေဖြင့် (၄)နှစ်တာကာလအတွင်း ဘတ်ဂျက်ငွေကျပ်သန်းပေါင်း ၁၄၆၅၈ ဒသမ ၄၇ သန်းအထိ ခွဲဝေသုံးစွဲခွင့် ရရှိခဲ့သဖြင့် ၎င်းဘတ်ဂျက်ငွေများမှ ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူရန်အတွက် ငွေကျပ်သန်း ပေါင်း ၂၉၇၆ သန်း ဝယ်ယူသုံးစွဲခဲ့သည်။

(၄)နှစ်တာကာလအတွင်း ကုသရေးဆိုင်ရာ အဆောက်အဦ တိုးတက်မှုအနေဖြင့် မြဝတီခရိုင်တွင် ပြည်သူ့ဆေးရုံ (၄)ထပ်ဆောင် တစ်ဆောင်နှင့် ကျောက်ကပ်ရောဂါကုသရေးအတွက် ကျောက်ကပ်ဆေးကြောသန့်စင်စက် သုံးလုံးကို ဘားအံပြည်သူ့ဆေးရုံကြီးတွင် တပ်ဆင်ပြီးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် စံကိုက်တိုက်နယ်ဆေးရုံ သုံးရုံ၊ တိုးချဲ့လူနာ နှစ်ထပ်ဆောင် နှစ်ဆောင်၊ ဝန်ထမ်းအိမ်ရာများအဖြစ် ရှစ်ခန်းတွဲ လေးထပ် တစ်ဆောင်၊ လေးခန်းတွဲ သုံးထပ် တစ်ဆောင်၊ သူနာပြုနေအိမ် လေးခန်းတွဲ တစ်ထပ် ခုနစ်လုံးနှင့် ဆရာဝန်အိမ်ရာ ခြောက်လုံးတို့ကို အသစ်ဆောက်လုပ်ပေးနိုင်ခဲ့သည့်အပြင် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် စံကိုက်တိုက်နယ်ဆေးရုံ တစ်ရုံနှင့် ဝန်ထမ်းအိမ်ရာ ၁၁ ခုတို့ကို ဆက်လက်ဆောက်လုပ်နေသည်။

ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဒေသန္တရကျန်းမာရေးဌာန တစ်ခု၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန ခုနစ်ခု၊ ကျောင်းကျန်းမာရေးဌာန တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန ၆၄ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၇၃ ခုတို့တွင် အရာထမ်း ၄၁ ဦးနှင့် အမှုထမ်း ၉၈၇ ဦး စုစုပေါင်း ၁၀၂၈ ဦးတို့ဖြင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများကို နှစ်စဉ်တိုးချဲ့ခန့်ထားလျက်ရှိရာ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ (၄)နှစ်တာကာလအတွင်း ကျန်းမာရေးဝန်ထမ်း ၆၅၅ ဦး တိုးချဲ့ခန့်ထားနိုင်ခဲ့သည်။

ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် (၄)နှစ်တာကာလအတွင်း ကျန်းမာရေး ဘတ်ဂျက်ငွေကျပ်သန်းပေါင်း ၆၇၃၂ ၇၄၅ သန်းဖြင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လေးထပ်ဝန်ထမ်းအိမ်ရာ တစ်လုံး၊ ဘားအံ၊ ကော့ကရိတ်နှင့် မြဝတီမြို့နယ်များတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး သုံးခု၊ ဘားအံ၊ လှိုင်းဘွဲ၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီမြို့နယ်များတွင် မိခင်နှင့်ကလေးကျန်းမာရေးဌာန လေးခု၊ ဘားအံမြို့နယ်တွင် ဇာသပြင်တိုက်နယ်ကျန်းမာရေးဌာန၊ လှိုင်းဘွဲမြို့နယ်တွင် ရွှေဂွန်းတိုက်နယ် ကျန်းမာရေးဌာန၊ ဖာပွန်မြို့နယ်တွင် ကမမောင်းတိုက်နယ် ကျန်းမာရေးဌာနတို့တွင် အဆောက်အဦ ၆၆ လုံး ဆောက်လုပ်ပေးနိုင်ခဲ့သည့်အပြင် မြို့နယ်ခုနစ်မြို့နယ်အတွင်း ကျေးလက်ကျန်းမာရေးဌာန ၁၂ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၃ ခု၊ ပြည်နယ်အစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် သံတောင်ကြီးနှင့် ဖာပွန်မြို့နယ်တို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ နှစ်ခုစီ စုစုပေါင်း အဆောက်အဦ လေးလုံးအတွက် ငွေကျပ်သန်းပေါင်း ၂၄၀ ဖြင့် ဆောက်လုပ်ပေးနိုင်ခဲ့သည်။

(၄)နှစ်တာကာလအတွင်း ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေကျပ်သန်းပေါင်း ၁၀၇၂ ဒသမ ၁၇၇ သန်းဖြင့် ပြည်သူ့ကျန်းမာရေးဌာနအောက်ရှိ အဆောက်အဦ ၃၅၅ လုံးကို ပြင်ဆင်ထိန်းသိမ်းပေးနိုင်ခဲ့ပြီး ဆေးနှင့် ဆက်စပ်ပစ္စည်းများကို ရန်ပုံငွေကျပ်သန်းပေါင်း ၂၃၆၅ ဒသမ ၃၀၃ သန်းဖြင့် ဝယ်ယူနိုင်ခဲ့သည်။ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ဆဲ ကျန်းမာရေးအဆောက်အဦ တစ်ခုနှင့် ကျန်းမာရေးအဆောက်အဦအသစ် ၂၂ ခု အတွက် ငွေကျပ်သန်းပေါင်း ၁၇၆၀ ဒသမ ၁ သန်းဖြင့် လုပ်ငန်းများဆောင်ရွက်နေသည်။

ထို့ပြင် ကရင်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ အရည်အသွေးပြည့်ဝ၍ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ လူသုံးကုန်နှင့် ဆေးပစ္စည်းကိရိယာများကို ပြည်သူများရရှိသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာဌာနမှ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အတွက် မြဝတီမြို့နယ်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းနှင့် ဝန်ထမ်းအိမ်ရာတို့ကို တည်ဆောက်ခဲ့သည်။

ကရင်ပြည်နယ် အစိုးရအနေဖြင့် (၄)နှစ်တာကာလအတွင်း ပြည်သူများအတွက် အချိန်တိုအတွင်း ထိရောက်သည့် လုပ်ငန်းများကို ဖော်ဆောင်ပေးခဲ့သည့်အပြင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ မကြာမီကာလအတွင်း ဒေသခံတိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်များကို ဖော်ဆောင်ပေးနိုင်တော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။



ဆွယ်တာနှင့်အဝတ်အထည်များ ထုတ်လုပ်သည့် Fulltex Co.,Ltd အဆောက်အဦကို တွေ့ရစဉ်။



လူထုဗဟိုပြုစီမံကိန်း(CDD)ဖြင့် ကော့ကရိတ်မြို့နယ် ကမေ့ကသူကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။